


လွမ်းကြပါတော့
FDN

လွှမ်းကြပါတော့

# သခင်ဗသိန်းတင် (၁၉၁၄-၉၇)



# လွှမ်းကြပါတော့ ရဲဘော်တို့ရေ

ရဲဘော်တို့ရေ

၁

# လွှမ်းကြပါတော့

၁။

ရဲဘော်တို့
မိတ်ဆွေတို့
ပြည်သူလူထု အပေါင်းတို့
စိမ်းစိမ်းညို့ညို့ တောင်တန်းတွေကို ဖြတ်ကျော်
သံလွင်ပေါ်ကနေ ဧရာဝတီ
ဒုဋ္ဌဝတီ၊ ချင်းတွင်း၊ စစ်တောင်း
မြစ်ရိုး၊ ချောင်းဖျား
ရွာကြား၊ မြောင်းကြား
တောကြား၊ လယ်ကွင်း
အိမ်တွင်း၊ တဲတွင်း
ဆားကျင်း၊ သတ္တုတွင်း
မိုင်းတွင်းတွေထဲ
လူထုထဲအနှံ့
ဖြန့်ကျက်လိုက်တဲ့ အသံ
ထားဝယ်သံ ဩဩကြီးနဲ့
ဥက္ကဋ္ဌကြီးရဲ့ အဖွင့်နှုတ်ခွန်း
ပဌမဆုံးသော
ပြည်သူတရပ်လုံးသို့ မိန့်ခွန်းဟာ
မြရာတောလယ် ကွေ့ခ
ကြယ်စင်မြများကို အလေးပြုရင်း
အရှင်းလင်းဆုံး ဖေါ်ပြ
အလယ်ရိုးမရဲ့ ဗဟိုချက်
ရှမ်းကုန်းပြင်မြင့်ဘက်က ဆက်ခံ
တော်လှန်တဲ့ သမိုင်းကြောင်း
သွေးသစ်လောင်း နှိုးဆော်

ရဲဘော်တို့
ကြိုးစင်ပေါ်မှာ ထောင်ထဲမှာ
တရားရုံးမှာ အချုပ်ဂါတ်ထဲမှာ
ဘယ်နေရာမှာ ဖြစ်ဖြစ်
ဘယ်နေရာ ရောက်ရောက်
ဘယ်တော့မှ ဒူးမထောက်ရဘူး
ဒူးမထောက်ရဘူး
ဒူးမထောက်ရဘူးတဲ့
ရင်ထဲကိုစူးဝင်
နားဆင်လိုက်ရ
ဘယ်တော့မှ မမေ့စရာ
ဒါ
ဥက္ကဋ္ဌကြီးရဲ့အသံ
ဒုတိယမွှိကြားမိဖူးခြင်းပါ။

ပဋမဆုံးအကြိမ်က
ကျနော်အသက်က ဆယ့်သုံးလေးနှစ်
၁၉၆၇ ခုနှစ်
ဗမာပြည်မှာ ဆန်ပြဿနာ စပေါ်တဲ့နှစ်
တရုတ်ဗမာ အရေးအခင်းဖေါ်တဲ့နှစ်
ပီကင်းအသံ လေလှိုင်းကြားက
ဥက္ကဋ္ဌကြီးရဲ့ စကားပြောသံ
သာမန်အလယ်တန်း ကျောင်းသားလေးအဖြစ်
လှစ်ကနဲ တဝက်တပြက်
လျှပ်တပြက် ကြားဖူးတယ်။
၁၉၈၁
မင်းရန်အောင်ထိုးစစ် ပြီးတဲ့နောက်ပိုင်း

## လွမ်းကြပါတော့

တတိုင်းပြည်လုံးသို့ ရှင်းပြချက်
ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ခဲ့ရတဲ့ ဇာတ်ကြောင်း
ပြည်သူအပေါင်းသို့ တင်ပြချက်
သမိုင်းစာမျက်နှာထက် တင်ထားရမယ့်
ဗမာပြည်မှာ –
ပါတီစုံဒီမိုကရေစီ ကျင့်သုံးရေး
ပြည်တွင်းစစ် ရပ်စဲရေး
အမျိုးသား သွေးစည်းညီညွတ်ရေး တောင်းဆိုသံ
အမိနိုင်ငံရဲ့ရှေ့ရေး မျှော်တွေးထောက်ရှု
လူထုအကျိုးစီပွားဘက်က
ထာဝရရပ်တည်ရင်း၊ ရှင်းလင်းမြွက်ဟ
ဉက္ကဋ္ဌကြီးရဲ့ စကားသံ ၊ပြည်သူ့အသံနားထောင်ရင်း
အမှောင်တွင်းကနေ ကြားရ
ဒါ တတိယအကြိမ်မြောက်ပါ။

၁၉၈၉
မုတ်သုန်မိုးက သည်းထန်းဆဲ
စစ်ဘီလူးသူရဲများရဲ့ ကောင်းမှုနဲ့
၈၈ ခုနှစ် အရေးတော်ပုံကြီးအတွင်း
ကွန်မြူနစ်ပါတီတွင်း ခေါင်းဆောင်ကြီးများရဲ့
လူထုလှုပ်ရှားမှု ဒီရေအပေါ် အကဲဖြတ်ချက်
လေးလေးနက်နက် ဆွေးနွေးနေဟန်
အပြန်အလှန် ပြောနေကြနေပုံတွေ
ဗီဒီယိုအခွေကနေ တဆင့်
ထုတ်လွှင့်ပြတာ ကြည့်ရရင်း
ကြယ်နီဦးထုပ်တဝင်းဝင်းနဲ့ ဉက္ကဋ္ဌ
ခပ်ဖွဖွပြုံးပြီးပြော

ကိုယ့်ကိုများပြောလိုက်သလားထင်ရ ...
ကျနော်တို့ ရဲဘော်တွေက
လက်ဝဲကျလိုက်တာ၊ မဆလထဲဝင်လုပ်နိုင်း
အလုပ်လုပ်နိုင်းရင်၊ မလုပ်ချင်ကြဘူးတဲ့
ရှေရှည်အမြင်နဲ့ တော်လှန်ရေး
အလေးပေးဖွင့်ဟ
ဥက္ကဋ္ဌကြီးရဲ့စကားသံ
စတုတ္ထမှိုကြားဖူးတယ်။

ဥက္ကဋ္ဌကြီးကို ကျနော်ဟာ
တခါမှမတွေ့ဖူးပါ
ဒါပေမဲ့ သိနေတယ်
ဥက္ကဋ္ဌကြီးနဲ့ကျနော်ဟာ
တခါမှစကားမပြောဖူးပါ
ဒါပေမဲ့ကြားနေတယ်။

(၂)

သခင်ဗသိန်းတင်ဆိုတာ
တို့ဗမာအစည်းအရုံးဝင်
သခင်တယောက်အဖြစ်ကနေ
ဥရောပ တချွေကြီးရဲ့ဝိညာဉ်ကို
သခင်အောင်ဆန်း၊ သခင်သန်းထွန်း
သခင်ဗဟိန်းတို့နဲ့အတူတူ
ဂုဏ်ယူစွာ ပူးကပ်
ကြီးမြတ်တဲ့ပါတီ
စတင်တည်ခဲ့တဲ့သူတွေထဲ

# လွှမ်းကြပါတော့

မျိုးစေ့ကြဲသူတယောက်အဖြစ် စာရင်းထိုး
မော်ကွန်းထိုးရမယ့် ပုဂ္ဂိုလ်တဦးပါ...

မြေအောက်ပါတီအဖြစ်
အကျစ်လစ်ဆုံး တည်ဆောက်
အပြောင်မြောက်ဆုံး ဖွဲ့စည်း
ဘုံခရီးကို ချီတက်ရင်း
ဆင်းရဲချိုငဲ့
ပစ္စည်းမဲ့တို့ရဲ့ အကျိုး
သယ်ပိုး ရှေ့ဆောင်
အမှောင်ထဲက ကြယ်နီ
အမိပြည်ရဲ့ လွတ်လပ်ရေး
နယ်ချဲ့ဆန့်ကျင်ရေးတာဝန်
ကြေကြေပြွန်ပြွန် ထမ်းခဲ့တယ်။

တကမ္ဘာလုံး
အုံးအုံးကြွက်ကြွက်ဖြစ်ရ
ဖက်ဆစ်ဝါဒ ခေါင်းထောင်
မာန်တစောင် စောင်နဲ့ပေါ်လာ
ချိန်ဘာလိန်တို့လေပြေထိုး
အရိုးအရင်းတွေ ချကျွေးပစ်
မြူးနစ်စာချုပ်တွေ ချုပ်နေစဉ်
ဒီမိုထရော့ အစီရင်ခံစာ
ဗမာပြည်ကွန်မြူနစ်များနားလည်
နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်ရာက
ဝင်လာတဲ့ဂျပန်ဖက်ဆစ်
ဘီလူးအသစ်တွေကိုလဲ မောင်ထုတ်ရေး

ရဲဘော်တို့ရေ

ဖက်ဆစ်တော်လှန်ရေးကြီးဆင်နွှဲ
ရဲရဲရင့်ရင့်သမိုင်းကြောင်း
သွေးနဲ့လောင်းပြီး ကမ္ဘည်းဆင်
ကြယ်ဖြူတပွင့် အလံနီကိုတင်တဲ့အခါ
သခင်ဗသိန်းတင်ဟာ
တိုင်း(၅)မှာ နိုင်ငံရေးမှူး
တပ်ဦးကပါခဲ့တဲ့
တကယ့် ခေါင်းဆောင်တဦးဖြစ်ခဲ့တယ်။

ဂျပန်ကို မောင်းထုတ်ပြီး
ဒုတိယကမ္ဘာစစ်ကြီးလဲပြီးသွား
ဆင်မလားရောက် မျက်နှာဖြူဟာ
စက္ကူဖြူစီမံကိန်းကို တကိုင်ကိုင်နဲ့
အမိနိုင်ငံအတွင်း ပြန်ရောက်
နောက်တခေါက် ကျွန်ပြုရန်
ကုလားဖန် အလီလီထိုး
အမျိုးမျိုးညစ်ပတ်
ကိုလိုနီဇာတ်ကို ဆက်ပြီးက
အမှောင်ညကြီး ရှည်ချိန်မှာ
အမိဗမာပြည်ရဲ့ မိုးသောက်ရေး
လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်
တူတံဇဉ်ကို လွှင့်ထူရင်း
အဝင်းပဆုံး ရွှန်းပြက်
လင်းလက်ခဲ့ကြတဲ့ ကြယ်နီတွေထဲ
သခင်ဗသိန်းတင်လဲ ပါခဲ့တယ်။

# လွှမ်းကြုပါတော့

(၃)

လွတ်လပ်ရေးကြီး
ကျေညာအပြီး
အမျိုးသား သွေးစည်းညီညွတ်ရေး
ဟစ်ကြွေးရမယ့်အချိန်မှာ...
ကျောက်ကြီးပေါက် အရောက်တက်
လက်နက်ကိုင် တော်လှန်ရေး
ဟစ်ကြွေးပြီးဖေါ်ခဲ့ရ
ရှီးမကို သက်သေတင်
အာဏာရှင်တွေနဲ့ ပြိုင်ဆိုင်ရင်း
'ရန်ပုံခွင်း'နဲ့စခဲ့ရ
'သမိုင်းဇ'နဲ့ ကြယ်နီ
အစချီကတည်းက ပါဝင်
သခင်ဗသိန်းတင်ဆိုတာ ရာသက်ပန်တော်လှန်ရေးသမား
မားမားမတ်မတ် ပြခဲ့တယ်။
နောက်ပိုင်း
ဂန္ဓလရာဇ်တိုင်းဆီ ခရီးဖေါက်
အဝေးရောက်တာဝန်
ကျေပွန်အောင် ထမ်းဆောင်ရင်း
ပြတ်သားခြင်းနဲ့ ပျော့ပျောင်းမှု
စံပြုလောက်အောင် ပေါင်းစပ်
မြင့်မြတ်တဲ့ နာယကဂုဏ်
အပြည့်စုံဆုံး ခေါင်းဆောင်ကောင်း
ကွန်မြူနစ်ကောင်း စစ်စစ်ဖြစ်ခဲ့တယ်။

★

ရဲဘော်တို့ရေ

ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး
အရေးတော်ပုံကြီးတလျှောက်
မှတ်ကျောက်တင် အစမ်းသပ်ခံ
တူတံဇဉ်အလံကို မြဲမြဲဆုပ်
အုပ်စိုးသူအဆက်ဆက်နဲ့ ယှဉ်ပြိုင်
အမိနိုင်ငံအပေါ် ချစ်မြတ်နိုး
ကျွေ့ချိုးပေါင်းများကို ကျော်ဖြတ်
ကြီးမြတ်တဲ့ တော်လှန်ရေးသမားပီသစွာ
ဂုဏ်ပြောင်စွာ အားထုတ်ရင်း
အလင်းတေးတွေ သီခဲ့တယ်။

သက်ရှိထင်ရှား
ရှိနေသား အချိန်မှာပဲ
လက်ထဲက တူတံဇဉ်အလံ
ခေါင်းဆောင်ကိုင်စွဲလာခဲ့တဲ့ တော်လှန်ရေးအလံ
ပါတီရဲ့အောင်အလံကို
မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း
နည်းလမ်းတကျ အပ်နှံ
ဆက်ခံသူတွေကို အားပေးရင်း
ရင်တွင်းကလာတဲ့ စကားလုံးတွေနဲ့
နှလုံးသွေးတွေပါ စီးမျော
ဟောဒီလို ပြောခဲ့ရှာတယ်...
ရဲဘော်တို့ ... အခုအချိန်ဟာ
ပါတီရဲ့တော်လှန်ရေးအလံကို
မျိုးဆက်သစ်များထံ
အပ်နှံရမယ့် အချိန်ရောက်ပါပြီ။

---

ရဲဘော်တို့ရေ

## လွမ်းကြပါတော့

(၄)

နှင်းတွေ...
ကြွေနေစဲ
မျက်ရည်ဝဲနေတဲ့ ကောင်းကင်
ရှိုက်သံဝင်နေတဲ့ ပန်းပွင့်
ရင်နင့်စဖွယ် မှိုင်းလျ
အေးလွန်လှတဲ့ ဆောင်းလည်ရက်
ရော်ရွက်တွေ ချွေနေတုန်း
မဆုံးနိုင်တဲ့ မြူလှိုင်းတွေ
တရိပ်ရိပ် ဝေနေတုန်း
နောက်ဆုံး ခွန်းဆက်တရား
မြွက်ဟာထားပြီးသားမို့လား မပြောတတ်
နောက်ထပ်
နှုတ်ဆက်စကားလေးတောင် ထပ်မဆို
ရဲဘော်တွေအားလုံးကို ခွဲခွာ
ငြိမ်သက်စွာ အနားယူသွား
သေတမ်းစာလေးပဲ ထားခဲ့တယ်။

တပြည်လုံးသိတဲ့ ကြယ်နီ
ပါတီတခုလုံးရဲ့ ဥက္ကဋ္ဌ
ရတဲ့ခွင့်ပြုငွေလေးတောင် ကုန်အောင်မသုံး
အခြိုးခြံဆုံး နေထိုင်
အနိုင်မာဆုံး ရိုးသားမှုနှင့်
စံပြုလောက်အောင် ဖြူစင်

# လွှမ်းကြပါတော့

သူတော်စင်တယောက်လို စားသောက်ရင်း
ခေါင်းအုံးအောက်မှာ ချန်ပြီးသွား
ငွေသားယွမ်းငွေလေးက နှစ်ထောင်ငါးရာ
အသုံးအဆောင်ပစ္စည်းပစ္စယာလေးတွေက ခပ်နဲ့နဲ့
အင်္ကျီဘောင်းဘီးလေးတွေပဲ ကျန်ခဲ့တယ်။

ဥက္ကဋ္ဌကြီးရဲ့ ရုပ်ကလာပ်ပေါ်
ကြီးမြတ်တဲ့ တူတံဇဉ်အလံ
လွှမ်းရုံပြီး ဖုံးအုပ်
အရိုးကုပ်ဆုံး ဈာပန
ပကာသန တခုမှမပါ
ပြာချပြီး သဂြိုလ်ရင်း
အံတင်း ဖြေဆည်ခဲ့ရတယ်...

အရိုးစ ပြာအိုးကို
ရိုကျိုးစွာ ဆောင်သယ်
မြစ်လယ်မှာ အသာမျှော
လိုက်မောစွာ ရှုငေးရင်း
တင်းထားရတဲ့ ပင့်သက်တွေ
မြောက်ပြန်လေးပေါ် သွန်ကျ
တစတစ...

ရေလည်ကြောမှာ
သဘော်နဲ့ သုံးပတ်ပတ်
သုံးထပ်သုံးကြိမ် အလေးပြုရင်း
ဖြေးဖြေးခြင်းလှည့်ကာ
အရိုးပြာအိုးငယ်ကို ဦးနိုက်

## လွမ်းကြပါတော့

တိုက်ပွဲထဲက အာဇာနည်
ပြည်သူတွေရဲ့ သူရဲကောင်း
ခေါင်းဆောင်ကောင်းကြီးရဲ့ အရိုးပြာတွေဟာ
ရေစီးမှာ ပျော်ဝင်
မြစ်ပြင်ကနေ ပင်လယ်
ပင်လယ်ကနေ သမုဒ္ဒရာ
တရွေ့ရွေ့ဖြာဆင်း
အမိဗမာပြည်ရဲ့ အတွင်းဆီ
တနင်္သာရီ၊ ထားဝယ်၊ မြိတ်
ဇာတိရိပ် မွေးမြေအထိ
ရောက်ရှိပျံ့နှံ့နေပါစေ...

(၅)

ဝေချင်ပါလျက်
အဝေခက်ခဲ့ ဖိတ်စာ
လာချင်ပါစေလျက်
အလာခက်ခဲ့ ရဲဘော်
ခေါ်ချင်ပေလျက်
အခေါ်ခက်ခဲ့ မိတ်ဆွေ
ချွေချင်ပေလျက်
အချွေခက်ခဲ့ မိန့်ခွန်း
သွန်းထုချင်ပေလျက်
အသွန်းခက်ခဲ့ ရုပ်ထု
ပြုချင်ပေလျက်

# လွှမ်းကြပါတော့

အပြုခက်ခဲ့ အလေးနီ
စီချင်ပါလေလျက်
အစီခက်ခဲ့ စာတမ်း
ကမ်းချင်ပါလေလျက်
အကမ်းခက်ခဲ့ ယပ်တောင်
ဆောင်ချင်ပါလေလျက်
အဆောင်ခက်တဲ့ ရုပ်ကလာပ်
စပ်ချင်ပါလေလျက်
အစပ်ခက်ခဲ့ ကဗျာ
ချပါလေလျက်
အချခက်ခဲ့ လွှမ်းပန်းခွေ
မဝေနိုင်ခဲ့တဲ့ ဈာပန
ရှောင်သွေခဲ့ရတဲ့ ဈာပန
ဖြေဆည်ခဲ့ရတဲ့ ဈာပန
ခုမှ... ခုမှ...
**လွှမ်းကြပါတော့ ရဲဘော်တို့ရေ**
**လွှမ်းပါရစေတော့ ရဲဘော်တို့ရေ**
အမိမြေရဲ့ ဝေးရာမှာ
ကြွေသွားရှာတဲ့ ကြယ်နီ
'သခင်ဗသိန်းတင်' ဆိုတဲ့ ကြယ်နီကို
ကမ္ဘာတည်သရွေ့ မော်ကွန်းတင်ကြပါ။

၇ ၊ ၃ ၊ ၁၉၉၉

# လွတ်လပ်၍ မျှတသော ရွေးကောက်ပွဲမှသည် ရင့်ကျက်ပြည့်ဝသော နိုင်ငံရေးစနစ်ဆီသို့

ဦးကိုကိုလှိုင်

ရေရှည်တည်တံ့၍ တိုးတက်ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းများအတွက် အဓိကလိုအပ်သည့်အရာမှာ စည်းစနစ်မူဘောင်များဖြင့် ခိုင်ခိုင်မာမာ တည်ဆောက်ဖွဲ့စည်းထားခြင်း ဖြစ်၏။ ထိုသို့ တည်ဆောက်ဖွဲ့စည်းထား မှုကို အင်စတီကျူးရှင်(institution) ဟု ခေါ်ကြသည်။ အင်စတီကျူးရှင်းကို ကောင်းမွန်ပြည့်စုံ၍ တိကျ ကျစ်လျစ်စွာ မြန်မာမှုပြုထားသော ဝေါဟာရမတွေ့မိသေး၍ "အင်စတီကျူးရှင်း" ဟုသော အသံဖလှယ်ကာ သုံးစွဲသွားလိုပါသည်။အင်စတီကျူးရှင်းနှင့် ပတ်သက်၍ အယူအဆ နှစ်မျိုးကွဲပြားကြသည်။ အချို့က စည်းစနစ် မူဘောင်များကိုသာ အင်စတီကျူးရှင်းဟု ခေါ်တွင်လိုသည်။ အချို့ကမူ စည်းစနစ်မူဘောင်အပြင် ယင်းစည်းစနစ် မူဘောင်များအတွက် ပါဝင်လှုပ်ရှားနေကြသူများအားလုံးကို ထည့်သွင်းစဉ်းစားလိုသည်။

ဥပမာအားဖြင့် ဘောလုံးကစားနည်းတွင် ဘောလုံးဥပဒေစည်းမျဉ်းများကိုသာ အင်စတီကျူးရှင်းဟု လက်ခံသူများရှိသလို၊ ဘောလုံးကွင်း၊ ဘောလုံးအသင်းများ စည်းကြပ်ဒိုင်နှင့် ဒိုင်လူကြီးများ၊ ပွဲစီစဉ်သူများနှင့် ပရိသတ်များစသည်တို့ကိုပါ အင်စတီကျူးရှင်းဟု ယူဆသူများလည်း ရှိသည်။

ကျွန်တော်၏ အမြင်တွင် ရေရှည်တည်တံ့၍ တိုးတက်ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းဖြစ်စေရန်မှာ စည်းစနစ် မူဘောင်များ ကောင်းမွန်ခိုင်မာရန် အရေးကြီးသလို ယင်းစည်းစနစ်မူဘောင်များအတွင်း ပါဝင်လှုပ်ရှားနေကြသူ

များအားလုံးက ယင်းစည်းစနစ်မူဘောင်များကို နားလည်လက်ခံကာ နည်းမှန်လမ်းမှန် ကျင့်သုံးကြရန်လည်း အရေးကြီးသည်ဟု ယူဆပါသည်။

ထို့ကြောင့် ဤဆောင်းပါးတွင် ပိုမိုကျယ်ပြန့်သော အဓိပ္ပာယ်ဖြင့် အင်စတီကျူးရှင်းကို ခေါ်ဝေါ်သုံးစွဲလိုပါ သည်။

ဤစာစောင်ကို စီစဉ်သူများက ခေါင်းစည်းအကြောင်းအရာနှင့် ပတ်သတ်၍ "၂၀၂၀ ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ" အကြောင်းရေးပေးပါရန် မေတ္တာရပ်ခံသည်။ ကျွန်တော်က ယင်းကို "ဇာတ်ပွဲတစ်ပွဲနှင့် ယင်းတွင် ပါဝင်ကပြမည့်ဇာတ်ဆောင်များ" ဟုမြင်သည်။ ကျွန်တော့်အနေဖြင့် ယင်းထက်ပိုမိုကျယ်ပြန့်သော "ပွဲခင်း၊ ဇာတ်ခုံ၊ ပွဲကြည့်ပရိသတ်၊ ပွဲစီစဉ်သူ၊ ပွဲထိန်းလုံခြုံရေးနှင့် ပွဲဈေးတန်း" အထိ ဖြန့်ကျက်၍ စဉ်းစားပါသည်။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စသည် ရေရှည်တည်တံ့၍ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်း(နိုင်ငံတော်) အတွက် အမြဲအရေးပါနေသည့် အင်စတီကျူးရှင်းဆိုင်ရာကိစ္စ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ပွဲတစ်ပွဲကပြီးရုံမျှ ဖြင့်ပွဲပြီးမီးသေ ဖြစ်ရမည့်ကိစ္စမဟုတ်။ နောက်နောင် နှစ်ကာလများတွင်လည်း ပွဲသွင်း၊ ပွဲကကြရဦးမည် ဖြစ်၏။ ဤဇာတ်အဖွဲ့၊ ဤမင်းသား၊ ဤမင်းသမီး၊ ဤဆိုင်း၊ ဤဇာတ်လမ်းမျိုးကား ဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။ သို့သော် ပွင်တိုင်း အောင်အောင်မြင်မြင် ခင်းကျင်းပြသနိုင်ဖို့က အရေးအကြီးဆုံးဖြစ်သည်။

ရွေးကောက်ပွဲနှင့် ရွေးကောက်ခံနိုင်ငံရေးစနစ်သည် နိုင်ငံတော်တည်းဟူသော လူ့အဖွဲ့အစည်းအတွက် အလွန်အရေးကြီးသော အင်စတီကျူးရှင်းဖြစ်သည်။ အဆိုပါ အင်စတီကျူးရှင်း ကောင်းမွန်ခိုင်မာမှသာ ရေရှည် တည်တံ့၍ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံကို တည်ဆောက်နိုင်မည်။

ထင်ရှားသော ဘောလုံးပွဲများတွင် ပွဲမစမီ ဘောလုံးကွင်းအတွင်းသို့ စတင်ဝင်ရောက်လာသည့် ကလေးငယ်များ ကိုင်ဆောင်ထားသည့် စာတမ်းကို တွေ့ဖူးကြပါလိမ့်မည်။ "သန့်ရှင်းမျှတစွာ ကစားကြပါ"(fair Play) ဆိုသော စကားသည် များစွာတာသွားလှသည်။ ကစားသမားတို့ကိုယ်တိုင်လည်း စည်းမျဉ်းစည်းကမ်းကို လိုက်နာလျက်သန့်ရှင်းမျှတစွာ ကစားကြဖို့လိုသည်။ စည်းကြပ်ဒိုင်နှင့် ဒိုင်လူကြီးတို့ကလည်း ဘက်မလိုက်ဘဲ သန်စွမ်းမျှတဖို့ လိုသည်။ ပရိသတ်ကိုယ်တိုင်ကလည်း သန့်သန့်ရှင်းရှင်း မျှမျှတတ အားပေးကြဖို့လိုသည်။ စည်းမျဉ်းစည်းကမ်းများကလည်း မျှတဖို့လိုသည်။ ပွဲစီစဉ်သူများကလည်း မျှတသန့်ရှင်းဖို့လိုသည်။

ယခုလည်းနိုင်ငံရေးစနစ်တစ်ခုလုံးကို ဘောလုံးကစားနည်းကဲ့သို့ သဘောထား၍ ရှုထောင့်စုံမှ ဆန်းစစ် ကြည့်လိုပါ၏။ ကျွန်တော်တို့ နိုင်ငံ၏မျက်မှောက်နိုင်ငံရေးစနစ်မှာ ၂၀၀၈ ခုနှစ် အခြေခံဥပဒေနှင့် တွဲဖက်အခြား ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းမူဘောင်များအတွင်းမှ ကစားနေရသော ပွဲတစ်ပွဲဖြစ်သည်။ ဤကစားနည်းမှာ ၂၀၁၀ ပြည့်နှစ်ကမှစ၍ အသက်ဝင်ခဲ့ခြင်း ဖြစ်သည်။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲအချို့ကို ဤစနစ်၏ဥပဒေစည်းမျဉ်းများဖြင့် ဖြတ်သန်းခဲ့ဖူးပြီ။ ဆယ်စုနှစ်တစ်စုစာကာလအတွင်း အခက်အခဲ၊ အကြပ်အတည်းနှင့် ပြဿနာအချို့တို့ကိုလည်း ကြုံတွေ့ခဲ့ဖူးပြီ။ ယင်းတို့အပေါ်မူတည်လျက် ဤအင်စတီကျူးရှင်းအတွင်းမှ လိုအပ်ချက်များ ပြောင်းလဲသင့်သည်ဟု ထင်မြင်ယူဆ ချက်မျှသာဖြစ်၍ သဘောချင်း မတိုက်ဆိုင်သည်များလည်း ရှိချင်မှ ရှိကြပါလိမ့်မည်။ လုံးဝဥဿုံ မှန်ကန်မည်ဟု လည်း မဆိုလို။ ပညတ်လောလကြီးအတွင်း၌ အရာရာသည် နှိုင်းရသဘော (Relative) မျှသာ ဖြစ်ကြ၏။ အကျိုးစီးပွား ဦးစားပေးမှု ကြီးစိုးသော နိုင်ငံရေးကဏ္ဍ တွင်အရာရာကို မိမိတို့၏ ကိုယ်ပိုင်အကျိုးစီးပွား မှန်ပြောင်းဖြင့်သာ

ကြည့်ရှုတတ်ကြသည်မှာလည်း သဘာဝဖြစ်လေရာ ဝိတက္ကာဟာရ (Food for thought) တစ်ခုအဖြစ် စဉ်းစားတွေးတောဖြစ်ရုံမျှသာ ရည်ရွယ်ပါ၏။

ပထမဆုံး တင်ပြလိုသည့်ကိစ္စမှာ ဒိုင်လူကြီးနှင့်တူသည့် "ရွေးကောက်ပွဲကော်မရှင်" ဖြစ်ပါသည်။ ၂၀၀၈ အခြေခံဥပဒေ ပုဒ်မ (၃၉၈) မှ (၄၀၄) အထိတွင်လည်းကောင်း သီးခြား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေ၌ လည်းကောင်း ရွေးကောက်ပွဲကော်မရှင်နှင့် ပက်သက်၍ ဖော်ပြထားသည်။ ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းမှုနှင့်ပက်သက်၍ နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်အပ်ခြင်းဖြစ်ပြီး အဖွဲ့ဝင်ငါးဦးထက်မနည်း ခန့်အပ်ရမည်ဟု ပါရှိသည်။ သက်တမ်းမှာ သမ္မတ၏သက်တမ်းအတိုင်းဖြစ်ပြီး နောက်သမ္မတက ကော်မရှင်အသစ် ဖွဲ့စည်းပြီးသည့်အချိန်အထိ ထမ်းဆောင်ရမည်ဟု ဆိုသည်။ နောက်ထပ် အရေးပါသည့် အချက်တစ်ရပ်မှာ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ၊ ရွေးကောက်ပွဲ ခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံများနှင့် ပြင်ဆင်မှုများ၊ နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သော ကိစ္စရပ်များတွင် ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ် ဖြစ်စေရမည်ဟူသောအချက် (ရွေး/ကော် ဥပဒေပုဒ်မ ၁၁) ဖြစ်သည်။ ယင်းမှာ ကော်မရှင်ကို ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ၏ ဘဝကံကြမ္မာနှင့် စပ်လျဉ်း၍ ဘဝရှင်မင်းတရားကြီးအဖြစ် အာဏာကုန် လွှဲပေးထားခြင်းဖြစ်သည်။

ကော်မရှင်ကို သမ္မတတစ်ဦးတည်းက စိတ်ကြိုက်ခန့်ထားနိုင်ခြင်းသည် ကျွန်တော်အမြင် ကော်မရှင်၏ သန့်ရှင်းမျှတစွာ လုပ်ဆောင်နေခြင်းအပေါ် အရိပ်ထိုးနေသည်ဟု မြင်သည်။ ထိုအချက်ကြောင့် သမ္မတက အလုပ်ရှင်၊ ကော်မရှင်က သူ၏ဝန်ထမ်းသဖွယ်ဖြစ်သွားသည်။ အလုပ်ရှင်က ဝန်းထမ်းကိုမကြိုက်လျှင် (ရွေး/ကော် ဥပဒေပုဒ်မအရ) စွပ်ဆွဲပြစ်တင်ကာတာဝန်မှ ရပ်စဲပစ်နိုင်သည်။ (Hire and fire) ။ ထို့ကြောင့် ကော်မရှင်က သမ္မတ၏

သဘောထားကို လွှမ်းဆန်နိုင်ရန် ခက်ခဲသည်။ တစ်ဖန် အခြေခံ ဥပဒေအရ သမ္မတသည် လွှတ်တော်၌ အင်အားအကြီးဆုံး ပါတီ၏ ခေါင်းဆောင်ဖြစ်ရာ သမ္မတ၏ သဘောထားမှာ အာဏာပါတီ၏ သဘောထား ဖြစ်လာသည်။ အကယ်၍ အာဏာပါတီသည် လွှတ်တော်နှစ်ရပ်လုံး၌ လွှမ်းမိုးထားသော ပါတီဖြစ်လျှင် တစ်ပါတီအာဏာရှင်သဖွယ် ဖြစ်လာနိုင်ပြီး ရွေးကောက်ပွဲကော်မရှင်ကိုပါ အုပ်စီးထားဦးမည်ဆိုလျှင် ရွေးကောက်ပွဲ များ၌ မျှတနိုင်မှုမှာ သံသယပွားများဖွယ် ရှိလာသည်။ ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များတွင် ဘက်မလိုက်ရေးမှာလည်း အာမခံနိုင်ရန် ခဲယဉ်းလာသည်။

ထို့ကြောင့် အခြားနိုင်ငံများတွင် ဤကိစ္စကို ဖြေရှင်းရန် နည်းလမ်း နှစ်မျိုးကို ယေဘူယျအားဖြင့် ကျင့်သုံးကြကြောင်း တွေ့ရသည်။

ပထမတစ်နည်းမှာ ရွေးကောက်ပွဲမင်းကြီးကို အစိုးရအရာဝန်ထမ်းအဖြစ် ခန့်အပ်ပြီး အပြစ်မရှိလျှင် မည်သည့် ပါတီအစိုးရကမျှ ဖြုတ်ပစ်၍ မရအောင် ကာကွယ်ပေးထားခြင်းဖြစ်သည်။ ဤသို့ဖြင့် ရွေးကောက်ပွဲမင်းကြီးသည် မည်သည့် နိုင်ငံရေးပါတီကိုမျှ ကြောက်စရာ ဖားစရာမလိုဘဲ မည်သည့်ပါတီ အာဏာရရ ကိုယ့်အလုပ်ကို သန့်သန့်ရှင်းရှင်း လုပ်ကိုင်နိုင်သည်။ ဥပမာ အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲကော်မရှင်နာချုပ် Chief Election Commissioner နှင့် ရွေးကောက်ပွဲကော်မရှင်နာနှစ်ဦးတို့သည် အငြိမ်းစား အိန္ဒိယမြို့ပြအုပ်ချုပ်ရေးအရာထမ်းများ ဖြစ်ကြသည်။ CEC ကို သက်တမ်း ခြောက်နှစ်သတ်မှတ်ပြီး သက်တမ်းမပြည့်မီ အသက် ၆၅ နှစ်ပြည့်လျှင် နုတ်ထွက်ပေးရသည်။

ဒုတိယတစ်နည်းမှာ ရွေးကောက်ပွဲကော်မရှင်ကို နိုင်ငံရေးပါတီများမှ ညီညီမျှမျှ ပါဝင်နိုင်ရန် ရွေးချယ်ပေးခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ခြောက်ဦးဖြင့် ဖွဲ့စည်းပြီး သမ္မတ က ခန့်အပ်ကာ ဆီးနိတ်လွှတ်တော်က အတည်ပြုသည်။ သို့သော် နိုင်ငံရေး ပါတီတစ်ခုတည်းမှ

သုံးဦးထက်ပို၍ ပါဝင်ခွင့်မရှိဘဲ အနည်းဆုံး လေးမဲရမှ ဆုံးဖြတ်နိုင်သည်။ ဂျာမနီတွင် ရွေးကောက်ပွဲကော်မရှင်ကို ပြည်ထဲရေးဝန်ကြီးဌာနမှ ခန့်အပ်သည့် Federal Returning Officer က ဥက္ကဋ္ဌ အဖြစ်ပါဝင်ပြီး နိုင်ငံရေးပါတီများက အဆိုပြုသည့် မဲပေးခွင့်ရှိသူ ရှစ်ဦးနှင့် ပြည်ထောင်စု အုပ်ချုပ်ရေးဆိုင်ရာ တရားရုံး Federal Administrative Court မှ တရားသူကြီးနှစ်ဦး စုစုပေါင်း ၁၁ ဦးဖြင့် ဖွဲ့စည်းသည်။ သက်တမ်းသတ်မှတ်ချက် မရှိပေ။

မည်သည့်နည်းလမ်းကိုမျှ သီခြားထောက်ခံချက် မပေးလိုပါ။ အပြန်အလှန် ထိန်းညှိနိုင်ဖို့ နှင့် မျှမျှတတပါဝင်ဖို့သာ အဓိက ဖြစ်ပါ၏။

ဒုတိယ ထောက်ပြလိုသောကိစ္စမှာ ရွေးကောက်ပွဲ ရန်ပုံငွေကိစ္စဖြစ်၏။ ဤကိစ္စသည် တရားမျှတသော ရွေးကောက်ပွဲအတွက် လွန်စွာအရေးကြီးလှသည်။ သို့သော် ၂၀၀၈ ခုနှစ် အခြေခံဥပဒေ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေတို့တွင် ပြည့်စုံလုံလောက်စွာ ထည့်သွင်းဖော်ပြထားခြင်း မရှိသည်ကို တွေ့ရ၏။ ကာတာစင်တာ (The Carter Center ) ၏ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လေ့လာစောင့်ကြည့်မှု အပြီးသတ် အစီရင်ခံစာ၌လည်း "ရွေးကောက်ပွဲ ရန်ပုံငွေနှင့် ပက်သက်၍ ရွေးကောက်ပွဲဥပဒေနှင့် ရွေးကောက်ပွဲကော်မရှင်၏ နည်းဥပဒေများ၌ ထည့်သွင်းထားပြီး ရွေးကောက်ပွဲကော်မရှင်၌ မဲဆွယ်မှုနှင့် ပတ်သက်၍ ဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာမှု ရှိမရှိ ကြီးကြပ်ရန် လုပ်ပိုင်ခွင့်ရှိသော်လည်း လက်တွေ့၌ ရွေးကောက်ပွဲ မဲဆွယ်ရန်ပုံငွေ ရရှိမှုနှင့် သုံးစွဲမှုကို စောင့်ကြည့် ကြီးကြပ်နိုင်မည့် လုပ်ငန်းယန္တရားမရှိကြောင်း" ထောက်ပြထားသည်။

ရွေးကောက်ပွဲ အသုံးစရိတ်ကို ကိုယ်စားလှယ်လောင်းတစ်ဦးလျှင် ကျပ်သိန်းတစ်ရာအထိ သုံးနိုင်သည်ဟု ဥပဒေက ကန့်သတ်ထားသော်လည်း စာရင်းမပေါက်သော ပစ္စည်းဝန်ဆောင်မှု ပံ့ပိုးကူညီမှုများကို လိုက်၍

စားရင်းကောက်ရန် ခဲယဉ်းလှသည်။ ပါတီရန်ပုံငွေမှ အသုံးစရိတ်နှင့် ကိုယ်စားလှယ်လောင်း မဲဆွယ်အသုံးစရိတ်ကို ခွဲခြားရန် ခက်ခဲလှသလို ပါတီစည်းရုံးရေးနှင့် မဲဆွယ်စည်းရုံးမှုတို့ကလည်း မကွဲပြားဖြစ်နေသည်။ မဲဆွယ်အသုံးစရိတ်လှူဒါန်းရာ၌လည်း ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းအဖွဲ့အလိုက် အများဆုံး မည်မျှဟူ၍ ပမာဏကန့်သတ်ထားမှု မရှိသလို မည်သူကလှူဒါန်းသည်ဟုလည်း ထုတ်ဖော်ရန် မလိုခြင်းက ပါတီကြီးများကို ငွေရှင်ကြေးရှင်များက ဝိုင်း၍ ငွေလှူစေပြီး ပါတီငယ်များအတွက်မူ အခက်အခဲဖြစ်စေနိုင်သည်။ မြန်မာနိုင်ငံကဲ့သို့ ကွဲပြားမှုကြီးမားသော နိုင်ငံတွင် ရေများရာ မိုးရွာဖြစ်ပြီး မြေနိမ့်ရာလှံစိုက်ကာ မျှတမှု အားနည်းစေနိုင်သည်။

အမေရိကန်ကဲ့သို့သော နိုင်ငံကြီး၌ပင် ရွေးကောက်ပွဲ ရန်ပုံငွေကို ပုဂ္ဂလိကတစ်ဦးချင်း လှူငွေဒေါ်လာ ၂၈၀၀ သာ လက်ခံနိုင်သည်။ ကုမ္ပဏီတစ်ခုက သမ္မတလောင်းတစ်ဦးအတွက် ဒေါ်လာ ၅၀၀၀ သာ အများဆုံး လှူဒါန်းနိုင်သည်။ အမေရိကန် ရွေး/ကော်သည် ယင်း ရွေးကောက်ပွဲရန်ပုံငွေ ရရှိ/သုံးစွဲမှုကို အဓိကထား စစ်ဆေးသလို ရွေးကောက်ပွဲ ရန်ပုံငွေနှင့် ပတ်သက်၍ သီးခြားဥပဒေ ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲ ရန်ပုံငွေနှင့် ပက်သက်၍ ယိုကွက်၊ ဟာကွက်များလှသည်။ ပြည်ပမှ ဝင်ရောက်စွက်ဖက်လိုသည့် အင်အားစုများက ငွေအင်အား လူအင်အား၊ ပစ္စည်းအင်အား၊ သြဇာအင်အား တို့ဖြင့် ပါဝင်လွှမ်းမိုးနိုင်သည့် အလားအလာရှိရာ ဤအားနည်းချက်ကို မပြင်ဆင်ပါက လွတ်လပ်၍ မျှတသော ယှဉ်ပြိုင်မှုဖြစ်ရန် ခဲယဉ်းလှသည်။

တတိယ တင်ပြလိုသည့်အချက်မှာ မဲဆန္ဒနယ်သတ်မှတ်မှု ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအားလုံးလိုလိုတွင် အောက်လွှတ်တော်ကို လူဦးရေအခြေခံ၍ သတ်မှတ်ပြီး ပြည်ထောင်စုနိုင်ငံများတွင် အထက်လွှတ်တော်ကို ပထဝီအနေအထား

နယ်မြေပိုင်းခြားမှုကို အခြေခံ၍ ကန့်သတ်ကြသည်။ ယင်းမှာ လူများစုနှင့် လူနည်းစု နယ်မြေများအကြား မျှတမှုရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ အောက်လွှတ်တော်၌ လူဦးရေ အခြေခံ၍ မဲဆန္ဒနယ်သတ်မှတ်ခြင်းဖြင့် ဒီမိုကရေစီနည်းကျ ညီမျှသောကိုယ်စားပြုမှုကို ရရှိသည်။ အထက်လွှတ်တော်၌ နယ်မြေအခြေခံ၍ သတ်မှတ်ခြင်းကြောင့် လူဦးရေနည်းသော ဒေသ နယ်မြေများအတွက် မဲတင်းအလေးသာမှုကို ဆောင်ရွက်ပေးပြီး ကျေနပ်မှုကို ရစေသည်။

မြန်မာနိုင်ငံ၌မူ (ပြည်သူ့လွှတ်တော်) ကိုလည်း မြို့နယ်အလိုက် မဲဆန္ဒနယ် သတ်မှတ်ထားသလို အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) ၌လည်း ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် အရေအတွက်တူ ကိုယ်စားလှယ်နေရာ သတ်မှတ်ထားရာ လူဦးရေအလိုက် မျှတသော ကိုယ်စားပြုမှု မရနိုင်တော့သလို နေထိုင်သူ အလွန်နည်းသော (လူဦးရေထောင်ဂဏာန်းမျှသာ ရှိသည့်) မြို့နယ်များ၌ အင်အားကြီးသော ပါတီများက ရွေးကောက်ပွဲနီးမှ လူအင်အားရွှေ့ပြောင်းခြင်းဖြင့် လိုသလိုမဲကစားခြင်း၊ မဲဝယ်ခြင်း စသည့် မသမာမှုများ ပြုလုပ်ရန် လွယ်ကူစေသည်။ ယင်းအချက်ကို ပြုပြင်သင့်သည်။ မြန်မာနိုင်ငံအနေအထားအရ မဲဆန္ဒနယ်တစ်နယ်လျှင် လူတစ်သိန်းခွဲ ဝန်းကျင်ကို ကိုယ်စားပြုသင့်သည်ဟု မြင်နိုင်ပါသည်။

စတုတ္ထတင်ပြလိုသည့်အချက်မှာ ရွေးကောက်ပွဲစနစ်ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံတွင် ကျင့်သုံးနေသည့် စနစ်မှာ မဲဆန္ဒ နယ်တစ်နယ်၊ ကိုယ်စားလှယ်တစ်ဦး (သို့မဟုတ်) မဲများသူ အနိုင်ယူ(First Past the Post, FPTP) ဖြစ်သည်။ ယင်း FPTPစနစ်မှာ ယခုအခါ ကမ္ဘာပေါ်၌ ကျင့်သုံးသည့် နိုင်ငံဟူ၍ ဗြိတိသျှအင်ပါယာဟောင်း အကြွင်းအကျန် ခုနစ်နိုင်ငံ၊ ရှစ်နိုင်ငံသာ ကျန်တော့သည်။ ယင်းတို့အနက်မှပင် အချို့နိုင်ငံများ (ဥပမာ – ကနေဒါ၊ နယူးဇီလန်) က FPTP စနစ်မှ

အချိုးကျ ကိုယ်စားပြု (Proportional Representation, PR) စနစ်သို့ ပြောင်းလဲရန် ကြိုးပမ်းနေကြသည်ကို တွေ့ရသည်။

အဘယ်ကြောင့် FPTP ကို လူကြိုက်နည်းလာရသနည်း ဆိုသည်မှာ အကြောင်းရှိသည်။ အဓိကအချက်မှာ FPTP သည် မဲများသူ အနိုင်ယူ (Winner takes all) စနစ်ဖြစ်၍ အားကြီးသူက လွှမ်းမိုးသည့်သဘော ရှိသည်။ ထို့ကြောင့် ထက်ဝက်ကျော်မဲမရသော်လည်း ရွေးကောက်ခံရသည့် အခြေအနေမျိုး၌ ရွေးကောက်ခံရသူသည် မဲပေးသူအများစု၏ အကြိုက်မဟုတ်။ မဲအများစုကို ကိုယ်စားမပြုသည့်အတွက် ဒီမိုကရေစီမကျနိုင်ဟု ဝေဖန်ကြသည်။ FPTP ကို ကာကွယ် လိုလားသူများက FPTP သည် တွက်ချက်ရလွယ်သည်၊ PR မှာ တွက်ချက်ရခက်သည် ဟူ၍ မဲရေတွက်ရာ၌ လွယ်ကူခက်ခဲမှု၊ မဲပေးရာ၌ လွယ်ကူခက်ခဲမှုကို အကြောင်းပြကြသည်။ သို့သော်အစ္စရေးနိုင်ငံသည်PR စနစ်ကို ကျင့်သုံးသော်လည်း မဲပေးမှု FPTP ထက်ပင် လွယ်ကူအောင် စီမံထားကြောင်း တွေ့ရသည်။

ယေဘုယျအားဖြင့် FPTP သည်ပါတီကြီးနှစ်ရပ်/သုံးရပ်သာ ပေါ်ထွက်လာစေရန် အားပေးလေ့ရှိသည်။ PR မှာ သတ်မှတ်မဲအရေအတွက် ခွဲတမ်း(Threshold)ပြည့်လျှင် ပါတီငယ်များ၊လူနည်းစုကို ကိုယ်စားပြုသူများ၏ အသံ၊ လိုလားချက်ဆန္ဒများ ပို၍ အားကောင်းလာသည်။ တစ်ပါတီလွှမ်းမိုးသည့် ဒီမိုကရက်တစ် အာဏာရှင်ပုံစံကို ထိန်းချုပ်နိုင်သည်။ မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးစုငယ်ပေါင်း တစ်ရာကျော်ရှိနေသည့် နိုင်ငံအတွက်ပို၍ ဒီမိုကရေစီကျသည်ဟု ဆိုနိုင်သည်၊ လူမျိုးစုငယ်များအတွက် ဤနည်းကပို၍ စိတ်ကျေနပ်စေလိမ့်မည်။

ထိုသို့ဆို၍ FPTPမှ PR သို့ လုံးလုံးလျားလျား ပြောင်းသင့်သည်ဟုဆိုလိုခြင်းမဟုတ်။ ဥပဒေပြုလွှတ်တော် သုံးမျိုးတွင် သင့်တော်ရာမှ အစပြုနိုင်သည်။ FPTPနှင့် PR

ပေါင်းစပ်ထားသည့် Mixed Member Proportional, MMP ရောနှောပုံစံကိုလည်း အသုံးပြုနိုင်သည်။ (ဥပမာ ဂျာမနီ) မိမိနိုင်ငံနှင့် အပ်စပ်သည့် စနစ်ပုံစံကို ဆွေးနွေးတိုင်ပင်ရှာဖွေ သုံးစွဲကြရန် ဖြစ်သည်။

နောက်ဆုံးအချက်အဖြစ် အခြေခံဥပဒေဆိုင်ရာ တရားရုံး (မြန်မာနိုင်ငံတွင် "နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး") နှင့်ပတ်သက်၍ တင်ပြလိုသည်။ မြန်မာနိုင်ငံ၏ နုနယ်လှသော ဒီမိုကရေစီ သက်တမ်းအတွင်း လှုပ်လှုပ်ခတ်ခတ် အရှိဆုံး အစိတ်အပိုင်းဖြစ်ခဲ့သည်။ စီမံခန့်ခွဲမှု အာဏာနှင့် ဥပဒေပြုအာဏာတို့အကြား အင်အားလွန်ဆွဲမှုတွင် ဤခုံရုံးက မြေစာပင် ဖြစ်ခဲ့ရပြီးနောက် လွှတ်တော်က ခုံရုံးတစ်ခုလုံးကို စွပ်စွဲပြစ်တင် ဖြုတ်ချရန် လုပ်ဆောင်လာသည်။ (အခြေခံဥပဒေ ပုဒ်မ ၃၃၄(က) အရ ပုဂ္ဂိုလ်တစ်ဦးချင်း (in person) ကိုသာ စွပ်စွဲ ပြစ်တင်နိုင်သည်။ တစ်ဖွဲ့လုံး (enmass)ကို စွပ်စွဲပြစ်တင်နိုင်သည်ဟု မပါရှိ)။ နောက်ဆုံးတွင် စီမံခန့်ခွဲမှုဘက်က ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်လွှဲပြီး ခုံရုံးတစ်ခုလုံး နုတ်ထွက်ခြင်းအားဖြင့် အပြီးသတ်သွားသည်။ ထိုမှ နောက်ပိုင်း ခုံရုံး၏ လွှတ်လပ်မှုသည် ကုန်ဆုံးသွားတော့သည်။ ခုံရုံးနေဖြင့် ပြည်ထောင်စုလွှတ်တော်၌ သုံးပုံနှစ်ပုံကျော် လွှမ်းမိုးထားသော အာဏာရပါတီရှိလျှင် အချိန်မရွေး နာရီပိုင်းအတွင်း ပြုတ်ကျသွားမည်ကို စိုးရိမ်နေရသည့်ဘဝသို့ ရောက်ရှိသွားသဖြင့် မလုပ်၊ မရှုပ်၊ မပြုတ်နေ ခြင်းသာ အကောင်းဆုံး ဖြစ်လိမ့်မည်ဟူသော ဘဝသင်ခန်းစာကို ကောင်းစွာရရှိသွားခဲ့ဟန် ရှိသည်။

ယင်းမှာ ခုံရုံးကို ရွေးချယ်ခန့်အပ်သည့်ပုံစံနှင့် သက်ဆိုင်ပုံရသည်။ ခုံရုံးအဖွဲ့ဝင်များကို သမ္မတက သုံးဦး၊ အောက်လွှတ်တော်က သုံးဦး၊ အထက်လွှတ်တော်က သုံးဦး ရွေးချယ်ပေးရသည်။ သို့သော် မြန်မာနိုင်ငံ၏ အခြေခံ ဥပဒေအရ သမ္မတအုပ်ချုပ်သည့် အစိုးရစနစ် (Executive Presidency)

ဖြစ်သော်လည်း သမ္မတသည် ပြည်သူက တိုက်ရိုက်ရွေးကောက်သည့်စနစ် မဟုတ်၊ ပြည်ထောင်စု လွှတ်တော်က တစ်ဆင့် ရွေးကောက်သည့်စနစ်ဖြစ်၍ ပါလီမန်ဝန်ကြီးချုပ်စနစ်ကို သမ္မတရာထူး ခေါင်းတပ်ပေးသည့်ပုံစံဖြစ်သည်။ ထို့ကြောင့် လွှတ်တော်နှစ်ရပ်၌ သုံးပုံနှစ်ပုံကျော် နေရာရထားသည့် တစ်ပါတီ လွှမ်းမိုးသည့်အနေအထား ဖြစ်လာလျှင် ယင်းခုံရုံးတစ်ခုလုံးသည် အာဏာရ ပါတီ၏ လက်ခုပ်ထဲမှ ရေဖြစ်သွားနိုင်သည်။ ခုံရုံးမှ မလွတ်လပ်လျှင် အခြေခံဥပဒေဆိုင်ရာ အမှုအခင်းများ၏ ဆုံးဖြတ်ချက်သည် လွတ်လပ်၍ တရားမျှတ မှန်ကန်မှု ရှိ / မရှိ ဆိုသည်မှာ အငြင်းပွားဖွယ် ဖြစ်လာလိမ့်မည်။

ခုံရုံးဆိုင်ရာ ဥပဒေများတွင် တွေ့ရသည့် အားနည်းချက်တစ်ခုမှာ အခြေခံဥပဒေနှင့် ပတ်သက်၍ ကျေနပ်မှုမရှိလျှင် တင်ပြတိုင်တန်းနိုင်သူ အရေအတွက်မှာ လွန်စွာ ကန့်သတ်မှု ရှိနေခြင်းဖြစ်သည်။ ပြည်ထောင်စု အဆင့် အာဏာသုံးရပ်၏ ထိပ်ဆုံးပုဂ္ဂိုလ် ခြောက်ဦးကသာ တိုက်ရိုက်တင်သွင်းနိုင်သည်။ ဒေသန္တရအဆင့် စီမံခန့်ခွဲရေးနှင့် ဥပဒေပြု အာဏာပိုင်များနှင့် ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များ (အနည်းဆုံး ၁၀ ရာခိုင်နှုန်း ရှိရမည်) မှာ သတ်မှတ်နည်းလမ်းဖြင့်သာ တင်သွင်းနိုင်သည်။ (အခြေခံ ဥပဒေ ပုဒ်မ ၃၂၅ နှင့် ၃၂၆) အကျိုးဆက်မှာ ခုံရုံးကို အမှုတင်သွင်းသူ မရှိ၍ အလုပ်လုပ်စရာမရှိ ဖြစ်သွားတော့သည်။

အမေရိကန်နိုင်ငံတွင် အခြေခံဥပဒေ ခုံရုံး သီးခြားမရှိ။ တရားရုံးချုပ် Supreme Court ကို အခြေခံဥပဒေနှင့် ပတ်သက်၍ စီရင်ဆုံးဖြတ်နိုင်ခွင့် ပေးထားသည်။ တရားရုံးချုပ် တရားသူကြီးများမှာ ရာသက်ပန် ခန့်ထားခြင်း ဖြစ်၍ မည်သည့်အစိုးရ မည်သည့်အာဏာရပါတီကိုမျှ မျက်နှာထောက်ထားရန် မလိုဘဲ လွတ်လပ်စွာ ဆုံးဖြတ်နိုင်သည်။

ဂျာမနီနိုင်ငံတွင် အခြေခံဥပဒေဆိုင်ရာ ခုံးရုံးသီးခြားရှိပြီး ပြည်သူ့လွှတ်တော် (Bundestag) နှင့် ပြည်နယ်အစိုးရများ၏ ပြည်ထောင်စုအဆင့် ဥပဒေပြုကိုယ်စားလှယ်အဖွဲ့ (Bundesrat) တို့က သုံးပုံနှစ်ပုံမဲဖြင့် ရွေးချယ်သည့် အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းသည်။ ဂျာမနီနိုင်ငံ၏ ရွေးကောက်ပွဲစနစ် (ရောနှောစနစ် MMP) ကြောင့် တစ်ပါတီလွှမ်းမိုးနိုင်မှုမရှိသဖြင့် Bundestag တွင် လွှတ်လပ်မှုရှိသလို Bundesrat တွင် ပြည်နယ်အစိုးရ၏ ကိုယ်စားလှယ်အများစုက ရွေးချယ်ခြင်းဖြစ်၍ ဒေသန္တရလူနည်းစုများအပေါ် ကိုယ်စားပြုနိုင်မှု ကောင်းစွာရှိသည်။

မည်သည့်ပုံစံကို အထူးပြုလေ့လာ၍ ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်သင့်သည်ကို မညွှန်းလိုပါ။ ဤကိစ္စတွင် အခြေခံ အကြောင်းရင်းများဖြစ်သည့် ရွေးကောက်ပွဲစနစ်နှင့် သမ္မတရွေးချယ်တင်မြှောက်မှု စနစ်တို့ပါ ပတ်သက်ပါဝင်နေသဖြင့် အခြေအမြစ်မှစ၍ ပြောင်းလဲမှုများ လိုအပ်မည်ဟု ယူဆပါသည်။

နိဂုံးချုပ်အားဖြင့် တင်ပြရပါလျှင် အထက်ဖော်ပြပါ အချက်များသည် လွတ်လပ်မျှတသော ရွေးကောက်ပွဲမှ ရင့်ကျက်ပြည့်ဝသော နိုင်ငံရေးစနစ် တည်ဆောက်ရေးတွင် အသိသာ အထင်ရှားဆုံး အချက်အချို့(Salient Points) ကိုသာတင်ပြထားခြင်းဖြစ်ပါသည်။ ဤအချက်များအပြင် အခြားအခြားသော ပြင်ဆင်စရာ အချက်များစွာရှိပါသေးသည်။ အခြေအနေနှင့် အချိန်အခါ ကန့်သတ်ချက်၊ စာမျက်နှာနှင့် ရရှိသည့် အချိန်အတိုင်းအတာ ကန့်သတ်ချက်တို့ကြောင့် မရေးနိုင်သေးသည်များလည်း ရှိပါသေးသည်။ တင်ပြထားသည့် အချက်များ၌ပင် ရေးသားသင့်သည် အကြောင်းအရာများစွာရှိပါသေးသည်။ စင်စစ်၌ အချက်တစ်ခုချင်းကို သေချာစွာလေ့လာပါက ပါရဂူဘွဲ့ သုတေသနကျမ်းတစ်စောင်စီ ပြုလုပ်နိုင်လောက်အောင် ကျယ်ပြန့်၍ အရေးကြီးသောအချက်များဖြစ်ပါ၏။

နောက်ဆုံးအနေဖြင့် လွှမ်းခြုံသုံးသပ်ပါက လူ့အဖွဲ့အစည်းတစ်ခု တည်တံ့ခိုင်မြဲ၍ ဖွံ့ဖြိုးတိုးတက်ရန် အင်စတီကျူးရှင်း ခိုင်မာစွာ တည်ဆောက်ထားရှိဖို့ လိုအပ်သည် ဆိုရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ မူဘောင်များ ကောင်းမွန် ထိရောက်နေရုံမျှဖြင့် မလုံလောက်ပါ။ ယင်းစည်းမျဉ်း မူဘောင်များတွင် ပါဝင်ကြသည့် ဇာတ်ဆောင် အဖွဲ့အစည်းဝင် အားလုံးကလည်း ကျေနပ်စွာလက်ခံ၍ အတ္တအကျိုးစီးပွားထက် အများအကျိုးစီးပွားကို ရှေးရှုကာ ညီညီညွတ်ညွတ် ပါဝင်လုပ်ဆောင်ကြရန် အရေးကြီးပါသည်။ မိမိကိုယ်ကျိုး အလို့ငှာ စည်းမျဉ်းစည်းကမ်းများကို လိုသလို ပြင်ဆင်အလွဲသုံးကြလျှင်၊ စည်းမျဉ်းကို ဘေးချိတ်၍ လုပ်ချင်သလို လုပ်ကြလျှင် အင်စတီကျူးရှင်းကြီး တစ်ခုလုံးအပေါ် ယုံကြည်မှု ပျက်ပြား၍ လူ့အဖွဲ့အစည်းပါ ဝါးအစည်းပြေကာ ပျက်စီးရတတ်ပါသည်။

စံပြအနေဖြင့် ညွှန်းပြလိုသည့် လူ့အဖွဲ့အစည်းမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀ ခန့်က ဗုဒ္ဓမြတ်စွာဘုရား ထူထောင်ခဲ့သည့် သံဃာ့အဖွဲ့အစည်းပင် ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်းကြီး လိုက်နာ၍ ချမှတ်ခဲ့သည့် ဝိနည်းသိက္ခာပုဒ် ၂၂၇ သွယ်မှာ သံဃာ့အဖွဲ့အစည်း စတင်ထူထောင်ကတည်းက အပြည့်အစုံ အပြီးအစီး ချမှတ်ပေးခဲ့ခြင်း မဟုတ်။ ပေါ်ပေါက်လာသည့် အခြေအနေဖြစ်ရပ်များအပေါ် မူတည်၍ တစ်ခုချင်းစီ ချမှတ်ပေးခဲ့ခြင်း ဖြစ်သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မမူမီ ရဟန်းများအား နောင်တွင် ဝိနည်းတော်များကို လိုအပ်လျှင် ပြင်နိုင် ဖြည့်နိုင်ကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။ သို့သော် မြတ်စွာဘုရား၏ တရားဓမ္မ အနှစ်သာရကို ကောင်းစွာဖြည့်ကျင့် ရရှိနားလည်ထားသည့် သာဝကကြီးများက ယင်းသိက္ခာပုဒ် ၂၂၇ သွယ်ကို ကောင်းစွာ ထိန်းသိမ်းထားကာ စိတ်ရောကိုယ်ပါ ယုံကြည် လိုက်နာခဲ့ကြသဖြင့် ယနေ့ထက်တိုင် သံဃာ့အဖွဲ့အစည်းကြီး နှစ်ထောင်ချီ တည်တံ့ဖွံ့ဖြိုးနေခြင်းဖြစ်ပါ၏။

နိုင်ငံရေးနှင့် ဘာသာရေး ကွာခြားချက်ကတော့ ရှိပါလေမည်။ နိုင်ငံရေးက လောဘအခြေခံသည့် အာဏာရရေးကို ဦးတည်သည်။ ဘာသာရေးကတော့ လောဘ၊ ဒေါသ၊ မောဟနည်းပါး လျှော့ချ ဖြတ်တောက်ရေးတို့ ဦးတည်သည်။ သို့သော် နိုင်ငံရေးစနစ်ကြီးအတွင်း၌ အင်စတီကျူးရှင်းကို ပို၍ ပို၍ ခိုင်မာအားကောင်းအောင် အားလုံးက ဝိုင်းဝန်း လုပ်ဆောင်ကြလျှင်ဖြင့် ရင့်ကျက်ပြည့်ဝသော နိုင်ငံရေးစနစ်ရှိသည့် နိုင်ငံတော် လူ့အဖွဲ့အစည်းကို ထူထောင်နိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း။

ကိုကိုလှိုင်

[The Impact Journal – အမှတ် (၃)]

# သရက်ထောင် ဖောက်ခဲ့စဉ်က

**အောင်သင်း**

၁၉၄၉ ခု၊ အောက်တိုဘာလလောက်က ဖြစ်ပေသည်။ ထိုအချိန်ကာလသည်ကား မြန်မာပြည် အလယ်ပိုင်းတွင် ရောင်စုံသူပုန်များအာဏာလွှမ်းမိုးနေဆဲကာလဖြစ်၍ ပြည်၊ အောင်လံ၊ တောင်တွင်း၊ မကွေး၊ နတ်မောက်၊ မြို့သစ်စသည်တို့မှာ လွတ်မြောက်သော နယ်မြေဟု သတ်မှတ်ထားသော ဒေသများဖြစ်ကြပေသည်။

ရောင်စုံတပ်ပေါင်းစုတို့ သိမ်းပိုက်လိုက်သော နယ်တိုင်းတွင် ၎င်းတို့နှင့် အခန့်မသင့်သော အရာရှိများ၊ နိုင်ငံရေးသမားများ၊ စီးပွားရေးသမားများ၊ အစိုးရအမှုထမ်းများကို ဖမ်းစီး၍ 'လုံခြုံရေး စခန်း' ဟု သာယာနာပျော်ဖွယ် ကင်ပွန်းတပ်ထားသော အကျဉ်းထောင်သို့ ပို့ထားကြသည်မှာ အဆန်းမဟုတ်တော့ချေ။ ထိုကဲ့သို့သော ရောင်စုံသူပုန်တို့၏ အကျဉ်းသားများတွင် နိုင်ငံရေးသမား များ၊ ခရိုင်ရဲဝန်၊ ခရိုင်ဝန်၊ ရဲဝန်ထောက်များစ၍ ကျောင်းဆရာများ၊ မင်းစေများထိအောင် ပါဝင်ပေ သည်။

ရောင်စုံတို့၏ အကျဉ်းသားများဖြစ်သည့်အတိုင်း လူစုံလည်းပါဝင်သည်။ ပုတီးတကိုင်ကိုင်နှင့် အမြဲတမ်း ဘုရားကို ဝတ်ပြုနေသောသူများ၊ ထောင်ကြပ်များနှင့်ပင်း၍ သွင်းလာသောအရက်ကို နေ့ ရောညပါ သောက်နေသူများ၊ စာပေကိုချည်း လေ့လာနေသောသူများ၊ ဖဲဝိုင်းကက်ဝိုင်းနှင့် တစ်နေ့ တာအချိန်ကုန်လွန်စေသူများ၊ မော့က်စ်၏ ရုပ်ဝါဒကို အကြွင်းမဲ့လက်ခံ၍ ဂေါတမကိုပင် ဝေဖန်သူများ၊ ဗေဒင်နှင့် ရတနာဒီပံအင်းကို လေ့လာကျင့်သုံးနေသူများဖြင့် စုံနေပါတော့သည်။

ကျွန်တော်တို့ သရက်ထောင်တွင် အကျဉ်းသားပေါင်း ၁၀၀ ခန့်ရှိပါသည်။ ဤအကျဉ်းသမား များကို ပထမစ၍ဖမ်းဆီးခြင်းခံရစဉ်က မကွေးထောင်ကြီးတွင်ထားပါသည်။ အစိုးရတပ်များက ရေနံ ချောင်းကိုသိမ်း၍ မကွေးကို ထိုးစစ်ဆင်တော့မည့်အသွင် ရှိလာသောအခါတွင် ကျွန်တော်တို့ကို တောင်တွင်းထောင်သို့ပို့လိုက်ပါသည်။ တောင်တွင်းထောင်တွင် တစ်လခန့်မျှကြာသော် 'ပြည်' ထောင်သို့ပို့ပြန်လေသည်။

'ပြည်' ထောင်ကြီးတွင် အထက်ဗမာပြည်မှ အကျဉ်းသမား၊ အောက်ဗမာပြည် သာယာဝတီ တစ်ရိုးမှ အကျဉ်းသမား စုစုပေါင်း ၅၀၀ ခန့်ရှိလိမ့်မည်ထင်ပါသည်။ အတိအကျကား မသိတော့ပါ။ အားလုံး ပြည်ထောင်တွင် စုနေကြရသဖြင့် "တို့မှ ပြည်ထောင်စုအစစ်ကွ" ဟူ၍ အကျဉ်းသားများ ရယ်မောပြောဆိုလေ့ပင် ရှိကြပါသည်။

ပြည်ထောင်တွင် တစ်လခန့်နေပြီးနောက် သရက်ထောင်သို့ လူ ၁၀၀ ကျော်ခန့် ခွဲပို့သည် တွင် ကျွန်တော်တို့လည်း သရက်ထောင်သို့ ပါလာပါတော့သည်။

ထိုစဉ်က သရက်ထောင်ပိုင်ကြီးမှာ အေ-ကရစ်ရှနားဖြစ်၍ ထောင်ကြပ်များမှာ ဦးထွန်းဝင်း၊ ဦးမောင်ကြီး စသောသူများဖြစ်ပါသည်။ အစိုးရအမှုထမ်း ထောင်အလုပ်သမားများကိုပင် သူ့တာဝန်နှင့်သူ ဆက်လက်၍ ခန့်ထားစေခိုင်းကြပါသည်။ ထောင်အတွင်း၌ ထောင်အမှုထမ်းများကို ခန့်ထားထမ်းဆောင်စေသော်လည်း ထောင်ဗူးဝကြီးနှင့် မျှော်စင်များပေါ်တွင်ကား ရဲဘော်များကို သေနတ်ကိုယ်စီနှင့် စောင့်စေပါသည်။ ထောင်အမှုထမ်းများကိုလည်း တကယ်တမ်း ယုံကြည်မှု ရှိဟန်မတူပါ။

ကျွန်တော်တို့ အကျဉ်းသမားများကို တစ်နေ့လျှင် တစ်ကျပ်တစ်ပဲကျစီ ပေးပါသည်။ အကျဉ်းသမားများမှာ မိမိတို့ ခင်မင်သူအချင်းချင်းစု၍ ချက်ပြုတ်စားရသည်။ တစ်စုလျှင် ၁၀ ယောက်မှ ၁၇ ယောက်အထိ ရှိကြည်သည်။ ရောင်စုံတို့ကပေးသော တစ်ကျပ်တစ်ပဲတွင် တစ်ပဲမှ ထင်းဖိုးက ၂ ပြား၊ မိလ္လာသိမ်းသောလူကြီးအတွက်က ၂ ပြား ပေးရသောကြောင့် တစ်ကျပ်စီသာ ရကြသည်။ ထိုငွေတစ်ကျပ်ကိုစု၍ ကိုယ့်အိုးစားနှင့်ကိုယ် ကြိုက်နှစ်သက်ရာ ဟင်းများကို ချက်စားကြသည်။

နံနက်လင်းလျှင် ဈေးဝယ်ပေးရသော ထောင်ကြပ်ရောက်လာတော့သည်။ အိုးစားသူကြီးများက စာရင်းကိုယ်စီနှင့် ဟင်းလျာများ မှာကြရသည်။ ၉ နာရီခန့်တွင် ဈေးဝယ်ထောင်ကြပ် ပြန်ရောက်လာလျှင် ကိုယ့်ပစ္စည်းကို စာရင်းနှင့်တကွ ယူကြရသည်။ ထမင်းတာဝန်ခံများက ချက်ပြုတ်ပြီးနောက် ၁၀ နာရီခွဲ ၁၁ နာရီခန့်တွင် ထမင်းစားကြရသည်။ ညစာအတွက်မူကား နံနက်ဟင်းလျာမှာစဉ်ကပင်ပို၍မှာကိုက်ပြီး ဖြစ်သောကြောင့် ၄ နာရီခန့်တွင် ချက်ကြ၍ ၅ နာရီခန့်တွင် ထမင်းစားကြသည်။ စားသောက်၍ ခဏတစ်ဖြုတ် လမ်းလျှောက်ကြ၊ စကားပြောကြနှင့် နေကြပြီး ၆ နာရီထိုးလျှင် အိပ်ထောင်ပိတ်တော့သည်။ အိပ်ထောင်ဆိုသည်မှာ သံတိုင်စိုက်တံခါးပေါက်ကြီးများနှင့် တိုက်တန်းလျားကြီးများပင် ဖြစ်ပါသည်။ အိပ်ထောင်ပိတ်ချိန် ည ၆ နာရီတွင် သော့လာခတ်ပြီး နံနက် ၆ နာရီထိုးမှ ဖွင့်ပေးသည်။

အိုးစားတစ်ဖွဲ့လျှင် ၁၀ ယောက်မှ ၁၇ ယောက်အထိဖွဲ့ကြကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုအဖွဲ့များတွင် ကိုယ့်အဖွဲ့နှင့်ကိုယ် သောက်ရေ၊ သုံးရေတာဝန်ခံများ၊ သန့်ရှင်းရေးတာဝန်ခံများ၊ ပန်ကန်ဆေးဘုတ်အဖွဲ့၊ ထမင်းချက်ပါတီ စသည်ဖြင့် တာဝန်ခွဲကြရပါသေးသည်။ ကျွန်တော်တို့အဖွဲ့မှာ တောင်းတွင်း၊ နတ်မောက်၊ မင်းဘူးမှ နိုင်ငံရေးသမားများချည်းဖြစ်ကြသည့်အပြင် လူပေါင်း ၁၇ ယောက်ရှိလျက် လူအများဆုံးဖြစ်သည်။

ဗိုလ်တိုင်းမောင် (ယခုလယ်ဝေး ပျဉ်းမနားတွင် နိုင်ငံရေးလုပ်နေသည်။)၊ ဗိုလ်အောင်ကြည် (စစ်ဝန်ထမ်းတပ်ခွဲမှူးအဖြစ်နှင့် တိုက်ကြီးအနီးတွင် ကျဆုံးသွားသူ)နှင့် ကျွန်တော်တို့ ၃ ယောက်မှာ ကျွန်တော်တို့ အိုးစားအဖွဲ့၏ တာဝန်ခံများဖြစ်သည်။ သောက်ရေ၊ သုံးရေ၊ ချိုးရေ အားလုံးကို တာဝန်ခံကြရသည်။ ရေကို ရေတွင်းအနီးရှိ အုတ်ကန်တွင် အပြည့်ထည့်ပေးရသည်။ ရေတွင်းအနီးရှိ အုတ်ကန်တွင် အပြည့်ထည့်ပေးရသည်။ ရေတွင်းမှာ ၁၈ တောင်ခန့်နက်၍ ၃ ယောက်သား တစ်နာရီခန့် ချွေးတလုံးလုံးနှင့် ငင်ကြရပါသည်။ ထိုရေကိုစ္စပြီးလျှင်ကား ကျွန်တော်တို့အတွက် ဘာအလုပ်မျှ မရှိတော့ပြီ။ ထမင်းကိုစူးပြီး အသင့်လက်လျှိုစားရုံသာဖြစ်၍ စားပြီးလျှင် အသာထသွားရုံမျှသာဖြစ်သည်။ ပန်ကန်ဆေး တာဝန်ခံများက လိုက်သိမ်းသွားသည်။

မင်းဘူး သခင်ဖိုးဘ (ဖဆပလ)၊ ဘကြီးသစ်(ပမညတ)တို့တစ်တွေမှာ ထိုစဉ်က ထမင်းချက်ပါတီဖြစ်သည်။ သခင်ဖိုးဘမှ ရင်းနှီးဖော်ရွေစွာ နေတက်သည့်ပြင် ပြောမနာ ဆိုမနာ ပေါင်းတက်သူဖြစ်၍ လူတိုင်းက ခင်မင်သည်။ ထမ်းစား၍ မကောင်းကြလျှင် အခြားအကျဉ်းသားများက "ဟော့ဘိုင်း၊ မင်းဒီနေ့ချက်တာ ဘာဖြစ်တယ်၊ ညာဖြစ်တယ်" စသည်အားဖြင့် နောက်ပြောင်အော်ငေါက်လေ့ရှိပါသည်။

ထောင်တွင်းသို့ ရောက်လာကြသောသူများမှာ ၇ လမျှ အတူနေခဲ့ကြရပြီးဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် အလွန်ရင်းနှီးကြပါသည်။ နိုင်ငံရေးခေါင်းဆောင်များ၊ အရာရှိများမှာလည်း နိုင်ငံရေးမာန၊ အရာရှိစိတ်ဓာတ်များပျောက်လျက် တစ်ခါတစ်ရံ ကလေးငယ်များသဖွယ် ပျော်ရွှင်မြူးထူးကြပါသည်။ ထောင်မှူး၏ နွားကြီးနှစ်ကောင်မှာ ထောင်ထဲတွင် လွှတ်ထားလေ့ရှိပါသည်။ တစ်ကောင်မှ အလွန်သဘောကောင်း၍ အစီးခံသည်။ တစ်နေ့တွင် နတ်မောက်မှ စစ်ဝန်ထမ်းတပ်သားပေါ်လာကြီး (ယခုကား စစ်ထဲတွင်ပင်ရှိမည်ထင်ပါသည်။)ကို နွားပေါ်တင်ပေးကြပြီးနောက် တစ်ထောင်လုံးရှင်ပြုအလှူဝတ်လှည့်ကြသည်မှာ ယခုတိုင် တွေးမိတိုင်း ပြုံးမိပါသေးသည်။

နွားပေါ်မှ ရှင်လောင်းပေါ်လာကြီး၊ နွားရှေ့မှ အလှူဝတ်လှည့်လိုက်ပါသူ ၂၀ ခန့်တန်းစီလျက်။ နွားနောက်မှ ယခုနတ်မောက်အမည် ဦးဘဆိုင်က ရှင်လောင်းအဖေအဖြစ် (ရှင်လောင်းအမေကို မမှတ်မိတော့ပါ) အသီးသီးပါဝင်ကြရသည်။ နောက်ဆုံးမှ ဒိုးပတ်ဝိုင်းမှ လူအတောင့်ဆုံးဖြစ်သည်။ ဒိုးပတ်ဝိုင်းခေါင်းဆောင်မှာ ဗိုလ်တိုင်းမောင်ဖြစ်၍ တီးလိုက်ရသည်မှာ ပါးစပ်မှ အမြုပ်ထွက်ခမန်းဖြစ် သည်။ ကျွန်တော်က သီချင်းဆို သံချပ်တိုင်ရသည်။ သီချင်းမရသူများက ဟေး–ဟေး နှင့် ဝါး၍လိုက်

ကြရသည်။ ပါးစပ်ဒိုးပတ်ပင်ဖြစ်သော်လည်း အလွန်မြိုင်သည်။ ရှင်လောင်းပေါ်လာကြီးကလည်း နွားပေါ်၌ ခါးတောင်းကျိုက်လျက် ထိုင်နေသည်မှာ အမြိန့်သား။

ဤသို့ဖြင့် စိတ်ညစ်စရာ၊ ပျော်စရာ၊ ဝမ်းနည်းစရာ၊ ဝမ်းသာစရာမျိုးစုံနေပါသည်။ တစ်ခါ တစ်ခါ ဖမ်းထားသူများအနက် အချို့ကိုထုတ်၍ သေနတ်နှင့် ပစ်သတ်တတ်သည်လည်း ရှိသေးသော ကြောင့် နိုင်ငံရေးပြစ်ချက်မကင်းသူများမှာ တထိတ်ထိတ်နေကြရပါသည်။ စိတ်ဓာတ်တက်ကြွသော လူငယ်ပိုင်းကမူကား နေ့စဉ်နှင့်အမျှ ထောင်ဖောက်ပြေးရန် အခွင့်အရေးကိုသာ ကြည့်ရှုနေတတ်ကြ ပါသည်။ ထိုကဲ့သို့သော လူငယ်များတွင်ကျွန်တော်တစ်ယောက်အပါအဝင်ဖြစ်သည်။ ဗိုလ်တိုင်းမောင်၊ ဗိုလ်အောင်ကြည်နှင့် ကျွန်တော်တို့သုံးယောက်မှာ အတွဲမိဆုံးဖြစ်၍ နေရသည်မှာလည်း တစ်အိုးစား တည်း တစ်အိမ်ထောင်တည်းဖြစ်ပါသည်။

ယခုအဖြစ်အပျက်တွင် ဗိုလ်တိုင်းမောင်နှင့် ဗိုလ်အောင်ကြည်တို့မှာ အရေးကြီးဆုံး သူများဖြစ် ၍ ၎င်းတို့အား ဖော်ပြလိုပါသည်။ ဗိုလ်အောင်ကြည်မှာ နတ်မောက်နယ် အိုင်ပေါက်ကုန်းဇာတိဖြစ်၍ လူလားမြောက်စကပင် စစ်ထဲရောက်လာသူဖြစ်သည်။ ထိုစဉ်က အသက် ၂၄ နှစ်ခန့်ရှိနေပြီး အရပ် ၅ ပေ ၅ လက်မခန့်ရှိပြီးလျှင် ကိုယ်လုံးကိုယ်ဖန် ထွားကျိုင်း၍ ကာယဗလ လေ့လာလိုက်စားသဖြင့် အသားအရေမှာ ဖိတ်ဖိတ်တောက်ချော၍ မောကျောတောင့်တင်းလှသည်။ အသားဖြူသည့်ပြင် ဥပမိရုပ် ခံညားသည်၊ မျက်လုံးကြည့်ပုံ စူးစူးရဲရဲရှိ၍ သတ္တိကောင်းလှသူတစ်ယောက် ဖြစ်ကြောင်း နဖူးတွင် စာတန်းထိုးထားသကဲ့သို့ ထင်ရှားလှသည်။ အဖမ်းခံရစဉ်က မကွေးစစ်ဝန်တပ်ခွဲမှူးအဖြစ် အဖမ်းခံခဲ့ရသည်။ လယ်ဝေးသူပုန်နှင့်တစ်ပြိုင်တည်း နတ်မောက်သူပုန်ထစဉ်ကလည်း စစ်ရေးဘက်မှ တာဝန်ခံတစ်ယောက်ဖြစ်၏။ နှာတံပေါ်ပေါ် မေးရိုးဒေါင့်ကျကျ ပါးသွယ်ရိုး အနည်းငယ်ထွက် သယောင်ယောင်ရှိ၍ မျက်လုံးတစ်ဖက်တွင် မှဲ့ကလေးတစ်ခုပါသည်။ အမြဲတမ်း သပ်သပ်ရပ်ရပ် နေတတ်သည်။ ရင်းနှီးသူများမှအပ အခြားသူများနှင့်စကားပြောလျှင် အလွန်ပြုံးခဲ့၍ ပြတ်ပြတ်ပြော တတ်သည်။ စိတ်လည်းဆတ်သည်။ စိတ်တိုမိလျှင်ဓားမပြင်၊ တုတ်မပြင် နီးရာနှင့် ဆွဲ၍ ခုတ်တတ်၊ ဌစ်တတ်သော လူစားမျိုးလည်းဖြစ်သည်။ ရင်းနှီးသူများ ခင်မင်သူများအပေါ်တွင်ကား အလွန်သည်း ခံချုပ်တည်းသည်။ ပြောဆိုဖျောင်းဖျလျှင် နာယူတတ်သော သဘောရှိသည်။

ဗိုလ်တိုင်းမောင်ကား အသားအနည်းငယ်မည်းသည်။ တောင်တွင်းကြီးမြို့ တောင်ပြင်ရပ်ဇာတ် ဖြစ်၍ ကျွန်တော်နှင့် တစ်ရပ်တည်းသား အိမ်နီးချင်းပင် ဖြစ်သည်။ ထိုစဉ်က အသက် ၂၈ နှစ်ခန့်ရှိ ပြီး ဘဝအမျိုးမျိုး၊ လောကဓံအသွယ်သွယ်တွင်း ဒိုးကဲ့သို့ လည်းခဲ့ရသူဖြစ်၍ အတွေ့အကြုံစုံလှသည်။

ကြုံသမျှဘဝ၊ ရောင်းသမျှပတ်ဝန်းကျင်ကို ဆင်ခြင်သုံးသပ်တတ်သော ပင်ကိုစွမ်းရည်ကြောင့် ချက်ချာပါနပ်လှသော သူတစ်ယောက်ပါပေ။ လေနုအေးထဲ၌လည်းကောင်း၊ မုန်တိုင်းထဲ၌လည်းကောင်း စုန်ဆန်သွားလာခဲ့သောကြောင့် အသည်းနှလုံးတွင် ကျွဲပခုံးထနေသူပေတည်း။ လက်တွေ့၏ သွန်သင်ချက်တို့ကြောင့် သည်းခံခြင်း၊ ချုပ်တည်ခြင်း၊ ရဲရင့်ခြင်းတို့နှင့် ပြည့်စုံသည့်ပြင် အထူးသဖြင့် ကားလူအများလေးစား ချစ်ခင်အောင် ပေါင်းသင်းရာတွင် အတုခိုးလောက်သော သူပါပေတည်း။

ဗိုလ်တိုင်းမောင်မှာ ပညာအားဖြင့် အလယ်တန်းကုန်အောင်ပင် မသင်ခဲ့ရပေ။ သို့သော် လူ့လောကကို ချဉ်းကပ်ပုံ၊ ရှုထောင့်အသွယ်သွယ်မှ သုံးသပ်ပုံ၊ မိမိကိုယ်ကို ပြန်လည်စစ်ဆေးပုံများတွင် ကျွန်တော့်ထက် သာသည်ဟုထင်မြင်မိပါသည်။ ကိုယ်လုံးကိုယ်ထည်မှာ အနေတော်ပင်ဖြစ်သည်။ အဝတ်အစားဝတ်လျှင် ချပ်ချပ်ရပ်ရပ်ရှိလှသည်။ စကားပြောချိုသာသည်။ လူတိုင်း၏ ကိစ္စကို စိတ်ဝင်စားစွာဖြင့် မေးမြန်းကူညီတတ်သော အလေ့ရှိသည်။ စွန့်စားခြင်းကိုမူကား မွေးကတည်းက မြတ်နိုးလာသည်။ ကိုတိုင်းမောင်ကို အတိုချုပ်ဖော်ပြရလျှင် လူ့လောကတွင်းသို့ စွန့်စားဝင်ရောက်လာခဲ့ပြီးလျှင် ဘဝသိမ္မအရ အောက်တန်းစားတို့အတွက် တတ်နိုင်သမျှ စွန့်စားရုန်းကန်နေသောသူဖြစ်သည်ဟု ဆိုချင်ပါသည်။ မကွေးခရိုင် စစ်ဝန်ထမ်းတပ်ရင်းတွင်နိုင်ငံရေးခေါင်းဆောင်အဖြစ်နှင့် ဆောင်ရွက်ရင်း ထောင်တွင်းသို့ ရောက်လာခဲ့သည်။

ကျွန်တော့်မှာကား ကိုတိုင်းမောင်နှင့် ဇာတိအတူဖြစ်သည်။ သုံးယောက်ထဲတွင် အရပ်အရှည်ဆုံးဖြစ်သည်။ အနည်းငယ်ပိန်သဖြင့် ပုံပန်းမှာ ကလန်ကလားနေသည်ဟု ဆိုနိုင်သည်။ အသက် ၂၂ နှစ်ခန့်ရှိ၍ အငယ်ဆုံးဖြစ်သည်။ အဖမ်းခံရစဉ်က သရက်ခရိုင်ဆိုရှယ်လစ်ပါတီ စည်းရုံးရေးမှူးအဖြစ် ရဲဘော်မောင်မောင် (ယခုသုံးဘက်မြင်ရုပ်ရှင်ဂျာနယ်)နှင့်အတူ အဖမ်းခံရသည်။ အသိဉာဏ်တွင်လည်း ကိုတိုင်းမောင်ကိုမမီ၊ သတ္တိတွင်လည်း ဗိုလ်အောင်ကြည်ကဲ့သို့ မထက်မြက်၊ သုံးယောက်အနက် အညံ့ဆုံးရဲဘော်ဖြစ်သည်။

"တို့တစ်တွေကတော့ ထောင်ဖောက်မပြေးဘဲနဲ့ သူတို့လက်ထဲက လွတ်ဖို့မလွယ်တော့ပါဘူး။ အစိုးရကလာပြီးတိုက်အောင် စောင့်နေဖို့ဆိုတာကလည်း ဘယ်တော့မှ လာမယ်မသိဘူး၊ ကမ်းမမြင်လမ်းမမြင်ကြီးပဲကွ"

အောင်ကြည်က တင်ပြလိုက်ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သုံးယောက်မှာ သရက်ထောင်၏ ဗဟိုတွင်ရှိသော မျှော်စင်ထိပ်ဖျားသို့တက်၍ ညနေတိုင်း လေညင်းခံလေ့ရှိပါသည်။ ဗဟိုမျှော်စင်ကြီးမှာ ထိပ်ဆုံးအဆင့်ပါ ၅ ထပ်ရှိ၍ ပေ ၁၀၀ ခန့်မြင့်ပါသည်။ သီးတင်းကျွတ်ပြီးစဖြစ်၍ မြောက်လေရှူး

မှာ တဝေ့ဝေ့ပင် စပြုလာပါပြီ။ မျှော်စင်မှ ကြည့်လိုက်လျှင် တောင်တွင်းမှ ညနေထမင်းစားပြီး လမ်းလျှောက်နေသူများ၊ မြတ်ခင်းပေါ်၌ထိုင်လျက် အေးအေးလူလူ စကားပြောနေသူများကို ခပ်သေးသေး လှမ်းမြင်ရသည်။ ထောင်၏မြောက်ဘက်မှ မင်းတုန်းလမ်းမကြီးမှာ အပြင်လောကကို လွမ်းဆွတ်မိအောင် ငြိမ်သက်စွာရှိနေသည်။ ဧရာဝတီမြစ်ရေပြင် တစ်ပိုင်းတစ်စကိုလည်း အရှေ့ဘက်တွင် လှမ်း၍မြင်မြင်ရသည်။ မြစ်ဆီမှ ပုံစံဖွဲ့၍ ပျံသန်းလာသော ဗျိုင်းဖြူအုပ်များကိုလည်း မကြာခဏတွေ့ရသည်။ လေမှာ တဟူးဟူးတိုက်နေသည်။

ကိုတိုင်းမောင်က–

"အစိုးရကလာပြီး တိုက်စစ်ဆင်ရင်ကော လွတ်မှာတဲ့လား။ သူတို့က တောထဲကိုဆက်ပြီး ခေါ်သွားတော့ဘာသွားပြီး တတ်နိုင်ဦးမှာလဲ။ ကိစ္စများလှတယ်ဆိုပြီး သတ်မပစ်ရင်ကံကောင်းတယ်ဆိုရမှာပဲ"

ကျွန်တော်က–

"ဒီသရက်ဆိုတာက ထားစမ်းပါဦး၊ ပြည်ကိုတောင်မသိမ်းနိုင်သေးဘဲနဲ့။ အစိုးရအနေနဲ့လည်း ဒီသရက်မြို့ထက် ပြည်ကို အဓိကထားမှာပေါ့။ အရေးကြီးတဲ့ပြည်ကိုတောင်မတိုက်သေးဘဲနဲ့ သရက်ကို သိမ်းဖို့ စောင့်နေရင်တော့ ရွှေစင်တစ်ထောင်ပေးမယ်ဆိုတဲ့ ခွေးကိုစောင့်တဲ့ ပုဏ္ဏားလိုဖြစ်နေမှာပဲ"

"ငါလည်း ထောင်ဖောက်ဖို့ အခွင့်ကိုချည်း ရှာနေတာပဲ။ ဘယ်လိုမှ စဉ်းစားမရဘဲ ဖြစ်နေလို့ သာငြိမ်နေတာ"ဟု အောင်ကြည်ကပြောလျှင် ကိုတိုင်းမောင်က–

"အိပ်ထောင်ကိုဖောက်တာထက် အုတ်ရိုးကိုကျော်ဖို့ ပထမ စဉ်းစားရမှာပဲ။ အုတ်ရိုးကိုကြိုးနဲ့ပစ်တင်ပြီး ကျော်ဖို့ကလည်း အမျိုးမျိုးစဉ်းစားပြီးပြီ။ ဖြစ်နိုင်တဲ့လမ်းကို မတွေ့ရဘူး။ အုတ်ရိုးပေါ်မှာစီ ပြီး မထိတထိတင်ထားတဲ့ အုတ်ခဲအရှင်တွေကလည်း တစ်ခုထိလိုက်ရင် တသီကြီးပြိုကုန်မှာကွ"

ဤသို့လျှင် မထွေးနိုင်၊ မအန်နိုင်၊ မထွေးနိုင်၊ မကြံနိုင် သုံးယောက်သားခေါင်းချင်းဆိုင်လျက် စဉ်းစားကြသည်မှာ နေ့စဉ်လိုလိုပင်ဖြစ်ပါသည်။ ယင်းသို့နှင့်ပင် တစ်နေ့တွင် အောင်ကြည် ဝမ်းသာ အားရ ပေါက်လာပါသည်။ ကျွန်တော်နှင့် ကိုတိုင်းမောင်ကို လက်ကုတ်ခေါ်သဖြင့် မယောင်မလည် လိုက်သွားကြပါသည်။

သရက်ထောင်မှ အိပ်ထောင်များ၏ အနေအထားကို ဖော်ပြပါဦးမည်။ အိပ်ထောင် ၄ ခုကို အပေါ်မှစီး၍ကြည့်လျှင် ကြွေပစ်သော ပဆစ်ကွက်သဖွယ်ရှိသည်။ အလယ်ဗဟိုကြွေပန်းကန်ထား

သောနေရာမှာ ဗဟိုမျှော်စင်ဖြစ်၍ အိပ်ထောင်တန်းလျားကြီး ၄ ခုမှာ ထိုမျှော်စင်မှ ထောင့်တန်းဖြာထွက်သွားသောအိပ်ထောင်မှာ 'အေ'အိပ်ထောင်ဖြစ်သည်။ အနောက်တောင်ဘက်သို့ ထိုးထွက်သွားသော အိပ်ထောင်မှာ 'ဘီ'၊ အနောက်မြောက် 'စီ'ဖြစ်၍ အရှေ့မြောက်မှာ 'ဒီ'ဖြစ်သည်။ အိပ်ထောင် အေ–ဘီ–စီ–ဒီ လေးခုအနက် ကျွန်တော်တို့အိပ်ထောင်မှာ ဒီ ဖြစ်သည်။

အောင်ကြည်က ကျွန်တော်တို့ နှစ်ယောက်ကို အနောက်တောင်ဘက် ဘီအိပ်ထောင်သို့ ခေါ်သွားသည်။ ထိုအိပ်ထောင်ကြီးမှာ စစ်ကြီးအတွင်းက ပျက်စီးခဲ့သောကြောင့် ပြန်လည်ပြင်ဆင်နေရာ ထိုစဉ်က မပြီးသေး၍ အကျဉ်းသမား မထားပါ။ အိပ်ထောင်တိုင်းမှာ အထက်ထပ်၊ အောက်ထပ် နှစ်ထပ်ရှိသည်။ ထို ဘီအိပ်ထောင်တွင်လည်း နှစ်ထပ်ရှိရာ အမိုးသာပြီးသေးသည်။ အထက်ထပ်တွင်လည်း ကြမ်းမခင်းရသေး၊ ဆင့်များကာ စီပြီးလေပြီ။ လှေကားလည်းမရှိ။ အောင်ကြည်က ထိုဆင့်များစီးထားသည့် အထက်ထပ်သို့ အောက်ထပ် အုတ်နံရံတွင် ထပ်ထားသည့် သံတံခါးကြီးမှတစ်ဆင့် တွယ်၍တက်သွားပါသည်။ ကျွန်တော်တို့ နှစ်ယောက်သားမှာလည်း သူကဲ့သို့ အပေါ်ရောက်သွားပါသည်။ ထောင်ကြပ်များကိုလည်း မျက်စိလျင်စွာနှင့် သတိထားရပါသေးသည်။ ထိုအဆောက်အဦကြီးမှာ မပြီးသေး၍ ကျွန်တော်တို့ သွားလာကြသော်လည်း ထောင်ကြပ်များက မကန့်ကွက်ပါ။ တစ်ခါတစ်ရံ ဆိတ်ငြိမ်စွာ စာဖတ်လိုသောသူများပင် ထိုအိပ်ထောင်သို့သွား၍ အေးအေးလူလူ စာဖတ်တတ်ကြပါသည်။

အပေါ်သို့ရောက်လျှင် အောင်ကြည်က တိုင်နှင့်ကပ်၍ ရိုက်ထားသော ဆင့်တုံးကြီးကို ပြပါသည်။ ဆင့်တုံးမှာ "၄ × ၃" လက်မခန့်ဖြစ်သည်။ အရှည်ကို တိုင်းကြည့်ရာ ၁၄ တောင်နီးပါးရှိသည်။

"ဒါကြီးကို ငါတို့သုံးယောက်နဲ့ပြီးကြည့်ချင်လို့ကွ၊ ချွတ်လို့ရရင်တော့ အုတ်ရိုးကျော်ဖို့ မီးသေ တာပဲ"

စွဲထားသော သံများမှာ ၆ လက်မ လေးမြောင့်သံများဖြစ်ပါသည်။ ပျဉ်ချပ်၏ထုမှာ ၃ လက်မ ဖြစ်၍ တိုင်တွင် ၃ လက်မခန့်စူးဝင်နေပါလိမ့်မည်။ တိုင်သုံးတိုင်ကိုကပ်၍ စွဲထားသောကြောင့် ခွာရန် မလွယ်လှပါ။ သို့သော်တိုင်တွင်ကပ်နေသော ဆင့်တုံးဖြစ်၍ အောက်မှခါးပန်းနှင့် စွဲမထားပါ။ တိုင်သုံးတိုင်ကိုသာ သံတစ်ချက်စီ စွဲထားပါသည်။ တကယ်အခိုင်အခံ့လုပ်လျှင် သံ ၂ ချက်စီတော့ စွဲရ မည်ဖြစ်သည်။ လက်သမားက ခေတ္တမျှသာ စွဲထားသည်လည်းဖြစ်နိုင်ပါသည်။

ကျွန်တော်တို့ သုံးယောက်သား အားညှိ၍ တစ်ပြိုင်တည်း ဆွဲနဲ့လိုက်ကြသည်။ တုတ်တုတ်မျှ မလှုပ်၊ နောက်တစ်ကြိမ်ဆွဲပြန်သည်။ မထူးခြား၊ အကြိမ် ၂၀ ခန့်မျှ လက်တွေပေါက်လာခမန်းနဲ့သော

အခါအနည်းငယ် လှုပ်လာသည်ဟု ထင်ရပါသည်။ ထိုနေ့အတွက် အိပ်ထောင်ပိတ် သံချောင်းခေါက်သဖြင့် ဤမျှနှင့်ပင် ကျေနပ်၍ ပြန်လာကြရပါသည်။

ထိုညတွင်မူကား ကျွန်တော်တို့သုံးယောက်မှာ မအိပ်နိုင်ကြတော့ပါ။ အိပ်ထောင်ထဲ၌ အောင်ကြည်၏ ခုတင်ပေါ်တွင် စုထိုင်လျက် တတိုးတိုး တိုင်ပင်နေကြရပါတော့သည်။ နောက်ဆုံး အခြေအနေအရဆိုလျှင် ကျွန်တော်တို့နှဲ့ထားသော ဆင့်တုံးပျဉ်ကြီးကို ချွတ်၍ ရတော့မည်မှာ သေချာနေပါသည်။

သို့သော် ထိုပျဉ်ချပ်ကြီးကို အုတ်နံရံဆီသို့ မည်သည့်နည်းဖြင့် ယူကြမည်နည်း။ သေးသေးငယ်ငယ်ပစ္စည်းမဟုတ်ဘဲ လူနှစ်ယောက် ထမ်းယူရမည့်ပစ္စည်းဖြစ်သည်။ အလျား ၁၄ တောင်ခန့်ရှိသော ဤပျဉ်ချပ်ကို ညဥ့်လုံးပေါက် ထိုးထားသော မီးမောင်းကြီးများအောက်တွင် မည်သို့သယ်ဆောင်မည်နည်း။ ထိုပျဉ်ချပ်ဖြင့် အုတ်နံရံကို ထောင်ပြီးလျှင် တက်သွားရသည်က လွယ်ကူသည်ဖြစ်စေဦးတော့ အုတ်နံရံအပြင်ဘက်သို့ ဆင်းလျှင်ခုန်ချမည်လား။ ၁၀ တောင်၊ ၁၂ တောင်ခန့်မြင့်သောအုတ်နံရံပေါ်မှ အောက်သို့ခုန်ချလျှင် အဆင်သင့်၍ မသေနိုင်ရှိစေဦးတော့ ကျသောနေရာမှ ထပြေးရန်ခဲယဉ်းလှဘိသည်။ ထိုပျဉ်ချပ်ကိစ္စတွေကို နောက်ချန်ထားပြီးလျှင် အိပ်ထောင်ကို ဖောက်ထွက်ရန်အတွက်ကလည်း နည်းလမ်းရှာမတွေ့နိုင်အောင် ဖြစ်ကြချေပြီ။

အိပ်ထောင်အောက်ထပ်၌ နေကြရသည့်အတိုင်း အခန်းမှာ အုတ်နံရံဖြင့် ပြီးနေသည်။ တံခါးပေါက်နေရာများ၌လည်း သုံးမတ်လုံးသံတိုင်ကြီးများဖြင့် ခိုင်ခံ့စွာ စိုက်ထားသည်။ ကျွန်တော်တို့အိပ်ရသော ခုတင်များမှာ အရှင်မဟုတ်ချေ။ အောက်ခံသမံတလင်းနှင့် အသေကပ်၍ တပ်ဆင်ထားသောသံတိုင်တွင် ပျဉ်နှစ်ချပ်ခင်း ခုတင်များဖြစ်သည်။ ထို့ကြောင့် ခုတင်များကို လက်နက်ကိရိယာအဖြစ်ထည့်သွင်းစဉ်းစားရန်ကား လုံးဝမဖြစ်နိုင်။ အိပ်ထောင်လှုဝင်ပေါက် သော့ခလောက်ကို ကြည့်လျှင်လည်း ရင်လေးလှဘိသည်။ အပြင်တွင် ဤမျှခိုင်ခံ့သော သော့ခလောက်ဆို၍ တစ်ရံတစ်ဆစ်မျှမမြင်ဖူးချေ။ လူတစ်ယောက်၏ ခေါင်းကို သော့ခလောက်နှင့် ပစ်လျှင် စင်းစင်းသေနိုင်သော အရွယ်အစား အလေးချိန်ရှိသည်။

ဤသို့နှင့်ပင် ဆွေးနွေးကြရသော်လည်း ဘာကိုမျှ မည်မည်ရရ ဆုံးဖြတ်၍မရဘဲ သန်းခေါင်ကျော်သဖြင့် ကိုယ့်ခုတင်ကိုယ်ပြန်၍ အိပ်ကြရသည်။ နောက်ဆုံးသတ်မှတ်ကြရသည်ကား အခြားကိစ္စတွေကို နောက်မှရှင်းကြမည်။ နောက်တစ်နေ့တွင် မယောင်မလည်သွားကြ၍ ဆင့်တုံးကြီးကို ချွတ်ကြဦးမည်။

နောက်တစ်နေ့တွင် ထမင်းစားပြီး နေ့လယ်ပိုင်းအခြားသူများ တရေးတမောအိပ်ကြသော အချိန်တွင် သွား၍လုပ်ငန်းစကြပြန်သည်။ ယနေ့မူကား များစွာအားရဖွယ်ကောင်းအောင် တိုးတက်လာခဲ့ချေပြီ။ အတိုချုပ်ရေးရလျှင် ထိုနေ့ပြီး၍ နောက်တစ်နေ့တစ်ချိန်သွား၍ ချွတ်ကြသောအခါတွင် ဆင့်တုံးကြီးမှာ လုံးဝဖြုတ်ရပါတော့သည်။ ခိုင်မာလှသော ၆ လက်မဆောက်သွားသံကြီး ၃ ချောင်းမှာ သူတို့ထက် ဖွဲ့ကြီးသော လူသုံးယောက်ဖွဲ့ကို အလျှော့ပေးကြရချေပြီ။

ကျွန်တော်တို့သည် ထိုပျဉ်ချပ်ကို သူ့ပင်ကိုနေရာအတိုင်း ပြန်၍စွပ်ထားခဲ့ကြသည်။ အချိန်မရွေး အလွယ်တကူ ပြန်ချွတ်၍ရနိုင်သည်။ ထောင်အမှုထမ်းများ သတိမပြုမိနိုင်စေရန် သူ့နေရာနှင့်သူထားရခြင်းဖြစ်သည်။ အကယ်၍ ဤပျဉ်ချပ်ကျွတ်နေသည်ကို တွေ့သွားလျှင် ထောင်ဖောက်ပြေးရန်အားထုတ်သူများရှိနေပြီကို ရိပ်မိသွားဖွယ်ရာ အကြောင်းရှိသည်။ ဤပျဉ်ချပ်ကို ထောင်၏ အပြင်သို့ယူဆောင်သွားကြလျှင်လည်းကောင်း၊ နောက်ထပ်ပြီးခိုင်မာစွာ သံစွဲလိုက်လျှင် လည်းကောင်းကျွန်တော်တို့ ကြိုးစားသမျှ အရာမထင်ရှိပေတော့မည်။ ကျွန်တော်တို့ သုံးယောက်သားမှာ မခွဲကြတော့ပြီ။ နေ့တတွဲတွဲ၊ ညတတွဲတွဲ ရှိကြသည်။ လူငယ်လူရွယ်များဖြစ်ကြသည့်ပြင် ပျော်ပါးထက်သန် စွာနေကြသူများချည်းဖြစ်သောကြောင့် ကျွန်တော်တို့ သုံးယောက်တွဲလွန်းသည်ကိုလည်းမည်သူကမျှ မသင်္ကာမဖြစ်ကြချေ။

အောင်ကြည်က ထောင်အုတ်နံရံကြီး အခြေတွင်ရှိသော လူသွားလမ်းကလေး၌ လမ်းလျှောက်နေသည်။ ကျွန်တော်နှင့် ကိုတိုင်းမောင်က ခပ်လှမ်းလှမ်းရှိ မြက်ခင်းပေါ်၌ ထိုင်လျက်စကားပြောနေကြသည်။ ဘေးလူများက အမြင်တွင် ဤသို့သာ မြင်ကြမည်ဖြစ်သော်လည်း အမှန်မှာ ကျွန်တော်နှင့်ကိုတိုင်းမောင်က အောင်ကြည်၏ အရပ်ထက်အုတ်နံရံက ဘယ်နှစ်ဆခန့်မြင့်သည်ကို ခန့်မှန်းနေကြခြင်းဖြစ်သည်။ အောင်ကြည့် အရပ်နှစ်ပြန်ခွဲခန့် အုတ်နံရံမြင့်သည်။ လူတစ်ယောက်၏ အရပ်ကိုပျမ်းမျှ ၄ တောင်ထားလျှင် ၁၀ တောင်၊ ၁၁ တောင်အလွန်ဆုံးမြင့်ရမည်။ ကျွန်တော်တို့ ချွတ်ထားသောဆင့်တုံးကြီးမှာ ၁၄ တောင်ရှိသည်ဖြစ်ရာ ကောင်းစွာလုံလောက်ပေပြီ။ ၁၀ တောင်ရှိ အုတ်နံရံကို ၁၀ တောင်မျှပင်ရှိသော ပျဉ်ချပ်နှင့်တက်ရန် မလွယ်ချေ။ ပျဉ်ချပ်မှာလည်း လျှောတိုင်ကဲ့သို့မတ်မတ်ကြီး ထောင်နေဦးမည်ဖြစ်သည်။ ယခုကား ၁၄ တောင်ရှိ၍ ဆင်ခြေလျှောဖြစ်နေမည်။ လွယ်ကူစွာ တက်၍ရနိုင်ပေတော့မည်။

အခေါက် ၂၀ ခန့် လမ်းလျှောက်နေပြီးနောက် အောင်ကြည် ကျွန်တော်တို့ရှိရာသို့ ပြန်လာပြီးလျှင် မြက်ခင်းပေါ်၌ ထိုင်လိုက်သည်။

"ငါ့အရပ်ထက် ဘယ်နှစ်ပြန်လောက်မြင့်သလဲကွ" "နှစ်ပြန်ခွဲလောက်ပဲ၊ ၁၀ တောင်ထက် မြင့်မယ်မထင်ဘူး"

"ဒါဖြင့် ပျဉ်ချပ်ကြီးနဲ့ ကောင်းကောင်းမီတာပေါ့" "မီတော့မီတယ်၊ ဟိုဘက်ဆင်းဖို့အတွက် စဉ်းစားနေရတာ"

သုံးယောက်သား အတန်ကြာမျှ ငိုင်နေကြပါသည်။ ၁၅ မိနစ်ခန့်ကြာမှ ကိုတိုင်းမောင်က ဝမ်းသာမြူးထူးသော လေသံဖြင့်---

"ဟန်ပြီ၊ မပူနဲ့တော့ ငါစဉ်းစားမိပြီ"

ကျွန်တော်တို့က ဝမ်းသာအားရ နားထောင်ကြမှ ဆက်လက်၍ "ပျဉ်တုံးကြီးကို ထောင်ပြီး ပျဉ်တုံးထိပ်မှာ ကြိုးတစ်ချောင်းချည်မယ်၊ ဒီဘက်က ပျဉ်တုံးအတိုင်း ထောင်တက်သွားပြီ အုတ်နံရံပေါ်ရောက်မှ ဟိုဘက်ကိုကြိုးနဲ့ဆွဲပြီး ဆင်းသွားမယ်"

ကျွန်တော်က "ဟုတ်ပြီ၊ ဟာသိပ်ဟန်ကျတာပဲ၊ ထောင့်အပြင်ရောက်ဖို့တော့ မီးသေတာပဲ"

အောင်ကြည်က "ကြိုးကိုဘယ်လိုရှာမလဲ၊ ဘယ်ကရမလဲ"

"ရေပုံးကြိုးကို ယူရမှာပေါ့ကွ" ဟု ကိုတိုင်းမောင်က ထောက်ရာ----

ကျွန်တော်က "ရေပုံးကြိုးကို ညနေမှာ ပြန်ပြီးသိမ်းတယ်ဗျ၊ ထောင်ထဲမှာ မထားဘူး" ခဏမျှ ငိုင်နေပြီးနောက် "အဲဒါက ကိစ္စမရှိပါဘူးလေ၊ ကျွန်တော်တို့ ခင်းအိပ်ဖို့ပေးထားတဲ့ ဂုန်နီအိတ်စုတ်တွေကို ကြိုးကျစ်ရင် ဖြစ်ပါတယ်။ တစ်နေ့ကထောင် ပွင့်ဖြူဘကြီးသစ် ကြိုးကျစ်နေတာတွေ့သေးတယ်"

ပွင့်ဖြူ ဘကြီးသစ်မှာ ဗတလစအဖြစ် ထောင်သို့ရောက်လာရသည်။ ယခုကား ပမညတ ဖြစ်နေချေပြီ။ ဘကြီးသစ်မှာ အလွန်ဝီရိယကောင်းသည်။ စိတ်ရင်းစေတနာထက်သန်၍ လူငယ်များနှင့်လိုက်လျောညီထွေရှိလျက် အသက်ကြီးသော်လည်း တက်ကြွရွှင်ပျသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ အလုပ်မရှိဘဲ မနေတတ်သူတစ်ဦးဖြစ်၍ ဤသို့ကြိုးကျစ်နေခြင်းဖြစ်သည်။ ကျွန်တော်က ဘကြီးသစ်နှင့်ရင်းနှီးသည်။ ကျွန်တော့်ကိုလည်း ဘကြီးသစ်ကဲ့သို့ သက်ကြီးဝါကြီးများကို ညောင်းသည်ဆိုလျှင် နှိပ်ပေးနင်းပေး ဝတ်ပြုလေ့ရှိသည်။ ကျွန်တော့်ကို ကလေးငယ်တစ်ယောက်မျှသာ သဘောထား၍ ဘကြီးသစ်နှင့် သခင်ဖိုးဘတို့က ချစ်စနိုးကျီစယ်ကြသည်တို့မှာ ယနေ့ထက်ထိ မမေ့နိုင်သေးပါ။

ဤသို့နှင့်ပင် ဘကြီးသစ် ကျစ်နေသောကြိုးမှာ ကျွန်တော်တို့အတွက် ဖြစ်သည်ဟု နားလည်ထားလိုက်ပါသည်။ ကြိုးမှာလည်း လက်မသာသာခန့်မျှတုတ်၍ သေချာစွာ ၃ လွန်းတင်ထားသောကြောင့်လူတစ်ကိုယ်အတွက် ကောင်းကောင်းခိုင်ခံ့ပါသည်။

ယခုကျန်ရှိနေသေးသော တာဝန်ကား အိပ်ထောင်အပြင်ဘက်သို့ ရောက်နိုင်ရန်ဖြစ်ပါသည်။ ဤအချက်မှာ အခက်ခဲဆုံး ပြဿနာဖြစ်ပေတော့သည်။ သံတိုင်ကိုဖြတ်ရန်လည်း မဖြစ်နိုင်၊ သံတံခါးကိုလည်း ထည့်သွင်းစဉ်းစား၍မှ မဖြစ်နှင့် ကျွန်တော်တို့မှာ တစ်ပတ်ခန့် ကြာညောင်းသွားပါတော့သည်။ လူလစ်တိုင်း အိပ်ထောင်၏ အနေအထားကို သုံးသပ်ကြရသည်မှာလည်း အမောဖြစ်သည်။ သံတိုင်တကာ့သံတိုင်တွင် မနဲ့ဘူးသော သံတိုင်ဟူ၍မရှိ။ ကျွန်တော်တို့ စုံစမ်းကြံဆကြပုံတို့ကို ကုန်စင်အောင်ရေးသားဖော်ပြနေလျှင် ဆုံးနိုင်တော့မည် မထင်ပါ။ အချိန်ရှိသမျှ အိပ်ထောင်မှ ထွက်ရေးကိုသာ ဆွေးနွေးတိုင်ပင်၍ နေကြမိပါသည်။

အောင်ကြည်က ထောင်ဝါဒါတစ်ယောက်ယောက်ကို ငွေထိုး၍သံဖြတ်လွှ အဝယ်ခိုင်းရန် စိတ်ထက်သန်နေပါသည်။ သို့သော် ကျွန်တော်နှင့် ကိုတိုင်းမောင်က သဘောမတူပါ။ ကျွန်တော်သို့ သဘောမတူကြခြင်းမှာလည်း ခိုင်လုံသောအကြောင်းရှိသည်။

ထိုအချိန်မတိုင်မီ ၁၅ ရက် အရက် ၂၀ ခန့်က လယ်ဝေးမှ ဗိုလ်သံမဏိ(ယခုလယ်ဝေး အမတ် သခင်ကြည်ရှိန်)တို့သည် ထောင်ကို ဖောက်ထွက်ရန် ကြိုးစားခဲ့ကြသည်။ ထောင်ဝါဒါတစ်ယောက်ကို ငွေပေး၍ သံဖြတ်လွှ အဝယ်ခိုင်းသည်ဟုလည်း သတင်းသဲ့သဲ့မျှ ကြားလိုက်သည်။ ထို့နောက် ၂ ရက်ခန့်ရှိလျှင် ၎င်းတို့လူစု အကျဉ်းသား ၁၀ ယောက်ခန့်ကို လယ်ဝေးသို့ ခေါ်ဆောင်သွားတော့သည်။ လုံးဝယုံကြည်စိတ်ချခြင်းမရှိသောကြောင့် မနီလာကြိုးအသစ်စက်စက်ကြီးများဖြင့် နှစ်ယောက်တစ်တွဲ လက်ကိုချည်နှောင်၍ ထုတ်သွားသည်။ ထိုရဲဘော်များမှလည်း သတ်အုံ့ဆဲဆဲ၌ ပျဉ်းမနားတက်မှ ဦးစောလင်းကယ်သောကြောင့် အသက်ဘေးမှ သီသီလေး လွတ်လာရကြောင်း နောင်အခါတွင် ကြားသိရပါသည်။

ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်တော်တို့သည် ထောင်ဝါဒါများကို စိတ်မချဝံ့ချေ။ ၎င်းတို့သည် ရောင်စုံဌာနချုပ်အား သတင်းမပေးဟု မည်သူအာမခံမည်နည်း၊ ငွေကိုယူသွားပြီး ဝယ်မပေးလျှင်ကော ကျွန်တော်တို့ မည်သို့တက်နိုင်မည်နည်း။ ရဲဘောဖြူတို့က ထိုသူများနှင့် နားလည်မှုယူပြီးလျှင် ထွက်ပြေး သောအခါတွင်မှ စောင့်ပြီး ပစ်သတ်ရန် ကြိုတင်စီမံခြင်း မပြုလုပ်ဟု ကျွန်တော်တို့ မယုံ

ကြည်ချေ။ ကျွန်တော်တို့ ယုံကြည်ထိုက်သောသူမှာ ရင်းနှီးနေသော နိုင်ငံရေးအကျဉ်းသမားမှအပ မရှိချေ။

သို့သော်လည်း အောင်ကြည်မှာ သံဖြတ်လွှခိုးသွင်းရန် ကြံစည်ချက်ကို လုံးဝမလျှော့သေးဘဲ ကြိုးစားပြန်သည်။ ထောင်ကြပ်များကို အဝယ်မခိုင်းဘဲ ထောင်ထဲတွင် မလ္လာလာ၍သိမ်းသော ကိုဝင်း ဆိုသူအား အဝယ်ခိုင်းမည်ဟု တင်ပြပြန်သည်။ ကျွန်တော်တို့မူကား ခပ်အင်အင်ပင်ရှိနေကြသည်။ ကိုဝင်းမှာ နံနက် ၇ နာရီခန့်တွင် ထောင်တွင်းသို့ပင်လာ၍ မိလ္လာပုံး(ထောင်တွင်းအခေါ် ဂန်ဖလား) များကို သိမ်းယူပြီး တွင်းကြီးထဲသို့ သွန်ရသည်။ ၉ နာရီ ခန့်တွင် ပြန်ထွက်သွားလေ့ရှိသည်။ ရာဇဝတ်အကျဉ်းသားများရှိလျှင် ဤကိစ္စမှာ ၎င်းတို့၏လုပ်ငန်းဖြစ်သော်လည်း ထိုအခါက ရာဇဝတ် အကျဉ်းသားများ မရှိသောကြောင့် အပြင်မှလူကို ငှားထားရခြင်းဖြစ်သည်။

တစ်နေ့တွင်မူကား အောင်ကြည်ကျွန်တော်တို့နှစ်ယောက်ထံသို့ လာပြီးလျှင်----

"ငါတော့ ကိုဝင်းကြီးကို သံဖြတ်လွှ ဝယ်ပေးဖို့စကားပြောပြီးပြီး"

"ဟေ ဟုတ်လား၊ သူက ဘာတဲ့တုံး"

ကျွန်တော်တို့ နှစ်ယောက်လုံးမှာ အံ့အားသင့်စွာဖြင့် ပြိုင်တူ မေးလိုက် ကြပါသည်။ အောင်ကြည် ဖွတ်လုပ်လာသည့် ကိစ္စအတွက်လည်း လန့်သွားကြပါသည်။ အောင်ကြည်က----

"လူကြီးကတော့ ရှုးပေါပေါဆိုရလည်းအခက်ကွ။ သူကဘာလုပ်ဖို့လဲ မေးသေးတယ်။ ငါက ထောင်ထဲမှာ သံပိုက်လုံးအတိုစတွေရှိလို့ ဖြတ်ပြီး ပတ္တလားလုပ်ချင်လို့လို့ပြောတော့ ဝယ်ပေးမယ်လေ လို့ပြောတာပဲကွာ"

ကျွန်တော်က "ဟာထောင်မှူးရှေ့မှာ ဖြောင်ကြီးသံဖြစ်လွှ ဝယ်လာနေလို့ ဒုက္ခရောက်နေပါဦး မယ်ကွာ"

အောင်ကြည်က "ဒါတော့ ငါကလည်းမပြောဘဲနေမလားကွ၊ ထောင်မှူးမြင်ရင် ကန့်ကွက်နေ လိမ့်မယ်ဆိုတော့ သူက ခါးကြားထဲမှာ ဝှက်ပြီး ယူခဲ့မယ်ပြောတာပဲ"

ကိုတိုင်းမောင်က "သူ့မျက်နှာရိပ် မျက်နှာကဲကော ဘယ်လိုနေသလဲ၊ ငွေကိုငမ်းငမ်းတက်လို ချင်တာမျိုးလား၊ ငွေရရင် ဘာမဆိုလုပ်မယ်ဆိုတဲ့အနေနဲ့ ဝယ်ပေးမယ်ပြောတာလား၊ စိတ်ကောချရပါ့ မလား"အောင်ကြည်က "သူက ငွေမက်တာမျိုးလည်းမဟုတ်ဘူး၊ ဒီကိစ္စဟာ သူ့မှာ ဘာမှအရေးမကြီး တဲ့ပုံမျိုးလိုပဲ၊ ကွမ်းယာဝယ်ပေးရတာမျိုးလောက်ပဲ သဘောထားတယ် ထင်တာပဲ။ ဘယ်လိုလူဆိုတာ ကျုပ်တောင် နားမလည်ဘူး။ လူတစ်မျိုးပဲဗျ"



ကျွန်တော်က "အေးကွာ၊ ဗိုလ်သံမဏိတို့လို ထုတ်ခေါ်မသွားပါစေနဲ့ ဆုတောင်းရတာပဲဟေ့"

အောင်ကြည်က–"ငါလည်း စွန့်ပြီးတွယ်ချလိုက်တာပဲ။ လုပ်ပြီးတဲ့နောက်မှတော့ ဖြစ်ချင်တာဖြစ်ပေါ့ကွာ၊ ငွေ ၁၅ လည်းပေးလိုက်ပြီ"

ကိုတိုင်းမောင်–"ဟေ–ငွေတောင် ပေးလိုက်ပြီလား"

"ပေးလိုက်တာပေါ့ဗျ။ ကျုပ်ကလည်းသိပ်ဆိုင်းချင်တဲ့ကောင် မဟုတ်ဘူး။ ပြေးရရင်လည်း မြန်မြန်၊ သေရရင်လည်း မြန်မြန်ပဲ"

ကျွန်တော်က မတတ်နိုင်သည့်အဆုံး လေခပ်ပျော့ပျော့ဖြင့် "အေးပေါ့ကွာ၊ မနက်ဖြန် စောင့်ကြည့်ကြရမှာပေါ့။ သံဖြတ်လွှ ရောက်လာရင်လည်း ပြေးကြတာပေါ့။ မရောက်လာရင်လည်း မနီလာကြိုးကြီးတွေ စောင့်ကြဖို့ရှိတာပေ့ါ"

ထိုနေ့ညတွင် သုံးယောက်သား ခေါင်းချင်းဆိုင်လျက် မအိပ်နိုင်ကြတော့ပါ။ နက်ဖြန် နံနက်သည်ကျွန်တော်တို့အတွက် သေရေးရှင်ရေးဖြစ်ပေသည်။ သံဖြတ်လွှဝင်လာမည်လော၊ ကျွန်တော်တို့အားတုပ်နှောင်ရန် မနီလာကြိုးလာမည်လော။ သို့မဟုတ်ကြိုးတိုက်ပိတ်မည်လော။ သို့မဟုတ် အစစအရာရာတွင် ယခင်ကထက် များစွာချုပ်ချယ်ကျပ်တည်းကြစေမည်လော။ ကျွန်တော်တို့ ဆက်ဆော့မိသည့်အတွက် အခြားသူများပါ အနေအထိုင်ရကျပ်ကုန်ကြမည်လောနှင့် တပြောတည်းပြော၍ တထိတ်တည်း ထိတ်နေကြရပါသည်။ ၁၅ မိနစ်တစ်ကြိမ် သံချောင်းခေါက်သံနှင့် "အားလုံးကောင်းပါသည်ခင်ဗျား" ဟူသောအော်သံတို့မှာ ကျွန်တော်တို့၏ အတွေးကိုပြန့်လွင့်စေရန် မတတ်နိုင်တော့ပါ။ သန်းခေါင်ကျော် နာရီပြန် ၂ ချက်ထိုးပြီးမှ လူစုခွဲ၍ အိပ်ရာဝင်ကြရပါသည်။ အိပ်ရာထဲရောက်သောအခါတွင်လည်း အိပ်မပျော်နိုင်ကြသေးပါ။ ၃ နာရီထိုးပြီးမှ ကျွန်တော် အိပ်ပျော်သွားပါသည်။

နံနက် ၇ နာရီခန့်တွင် အောင်ကြည် ကျွန်တော်ကို လာ၍ နှိုးပါသည်။ တန်ဆောင်မုန်းလထဲသို့ဝင်ပြီး၍ ဆောင်းဦးပေါက်စဖြစ်သဖြင့် နံနက်ခင်းတွင် အနည်းငယ်အေးစပြုလာပြီ။ အောင်ကြည်ကစစ်တပ်ထဲတွင် နေစဉ်က ဝတ်လေ့ရှိသော သက္ကလတ်ကုတ်အင်္ကျီဖားဖားကြီးကို ဝတ်ထားပါသည်။ ကိုတိုင်းမောင်ကိုလည်း တွေ့ရပါသည်။ အောင်ကြည်က ခပ်တိုးတိုးလေသံဖြင့်–––

"ဟော့ကောင် ထ၊ ဟိုဟာပါလာပြီ"

"ဟေ–––" ကျွန်တော့်မှာ ဝမ်းသာတာလား၊ ရင်ဖိုတာလား မသိဘဲ ဖြုန်းခနဲထပြီး သူတို့နှင့်လိုက်သွားပါသည်။ လူပြတ်သော ကြိုးတိုက်အလုံထောင်များထားသော နေရာသို့ ရောက်မှ



အောင်ကြည်က ကျီးကန်းမျက်စိမျိုးဖြင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်ပြီးလျှင် ကုတ်အင်္ကျီကြီးအောက်မှ ဝှက်၍ ခါးထဲ၌ ထိုးလာသော တစ်တောင်ခန့်ရှိ သံဖြတ်လွှကြီးကို ထုတ်ပြပါသည်။

"မှန်း-----မှန်း----ပေးစမ်း"

ကျွန်တော်က အလောတကြီးယူ၍ကြည့်ရာ သံဖြတ်လွှမှ အသစ်စက်စက်ဖြစ်လျက် လွှသွားမှာ ငှက်ခါးတောင်ကဲ့သို့ ပြာလဲ့လဲ့ပြောင်နေသည်။ အကြွေးမထားဘဲ ကြိုးတိုက်မှ သံတိုင်တစ်ခုကို တစ်ချက်ဆွဲတိုက်လိုက်ရာ ရှခြင်နဲမြည်၍ စားသွားပါသည်။ ကိုတိုင်းမောင်က ထပ်ပြီးကိုင်မကြည့်ရမီပင် အောင်ကြည်က "ပေး-ပေး-သွားပြီးဝှက်ရဦးမယ်၊ မတော်တဆ ဝါဒါတွေ ဒီဘက်ရောက်လာလို့ ခက် နေဦးမယ်" ဟု ပြောပြောဆိုဆို လွှကိုပြန်ယူလျက် ချစ်မြတ်နိုးစွာ တစ်ချက်မျှပွတ်သပ်ကြည့်ပြီးနောက် ခါးကြားထဲသို့ပင် ပြန်ထိုး၍ ကားတားကားတားနှင့် ထွက်သွားပါတော့သည်။ ကျွန်တော်လည်း ထိုအခါ မှမျက်နှာသစ်ရန် သတိရပြီးလျှင် အုတ်ကန်ရှိရာသို့ လာခဲ့ပါသည်။ နံနက်ရေခပ်နေကြသောအခါ ကျွန်တော်က-

"ဘယ်နေ့ ပြေးကြမလဲ"

အောင်ကြည်က "မြန်မြန်ပြေးရင် မြန်မြန်လွတ်တာပေါ့ကွာ"

ကိုတိုင်းမောင်က "သိပ်မြန်လို့တော့ မကောင်းသေးဘူး၊ အခြေအနေကို အကဲခတ်ပြီး နည်းနည်းဆိုင်းရင် ကောင်းမယ်ထင်တာပဲ"

ကျွန်တော်က "ဟုတ်တယ်၊ ကျွန်တော်လည်း ဒီလိုပဲသဘောရတယ်။ ကိုဝင်းကြီးကို စိတ်ချရပါ့ မလား။ အတော်ကြာ သူကသစ္စာဖောက်ပြီး စိမ်ပြေနပြေ ပစ်သတ်နေဦးမယ်။ ပြေးလို့ပစ်တယ်ဆိုရင် သူတို့မှာလည်း အကြောင်းပြလှနေမှာမို့ တမင်မသိချင်ယောင်ဆောင်ပြီး နေတာလားဆိုတာကို အကဲခတ်ရင် ကောင်းမယ်"

အောင်ကြည်က"မင်းတို့ကလည်း အတွေးခေါင်တာက လွန်နေတာပဲ။ အဲဒီလောက်ထိအောင် တွေးပြီးပူမနေစမ်းပါနဲ့ကွာ"

ကိုတိုင်းမောင်က "ဟ-ဒါကတော့ တွေးရမှာပဲကွ၊ လုပ်ငန်းတစ်ခုမှာ ဖြစ်ပေါ်လာနိုင်တဲ့ အရေး အခင်းဟူသမျှကို ကြိုတင်ပြီးတော့ ကြည့်ရမှာပဲ။ နောက်မှ စွန့်တန်လို့ စွန့်တာက တခြားပေ့ါ"

အောင်ကြည်က "အေးလေ၊ ကျုပ်ကတော့ သိပ်မဆိုင်းချင်ဘူး၊ မကွေးထောင်တုန်းကလည်း ထောင်ဖောက်ဖို့ ၅ ရက် ၆ ရက်လိုတော့မှ တောင်တွင်းထောင်ကို ပို့ပစ်လို့ပျက်ခဲ့ရပြီ။ တစ်ခါ တောင်တွင်း ထောင်းရောက်တော့လည်း ပထမတစ်ညဖောက်တာမအောင်မြင်လို့အသာဣန္ဒြေ မပျက်



ကိုယ့်အိပ်ရာကိုယ် ပြန်ဝင်ပြီး အိပ်ကြရတယ်။ နောက်တစ်နေ့ည ဆက်ပြီးဖောက်ဖို့ဟာ အဲ့ဒီ နေ့မှာပဲ ပြည်ထောင်ကို ပို့လိုက်တယ်။ ပြည်ထောင်ရောက်တော့ အပေါ်ထပ်လည်းနေရပြန်၊ လူကလည်း တရားလွန်များနေတော့ လုံးဝမကြံသာလို့ ဒီသရက်ထောင် ရောက်လာတာပဲ။ တစ်ခါ

ဒီသရက်ထောင်မှာ ကျုပ်တို့က ခပ်ဆိုင်းဆိုင်းလုပ်နေတုန်း တစ်နေရာရာပို့ပစ်ရင် ဒီလိုအခွင့်အရေးမျိုးနောက်ထပ်ရဖို့ မလွယ်ဘူးဗျ။ ဒီတော့ ကျုပ်ကတော့ ပြောနေကြာတယ်၊ ဒီနေ့ညပဲ သံတိုင်ဖြတ်မယ်လို့ စိတ်ကူးတာပဲ။ သံတိုင်ကို ဖြတ်တာကလည်း ဘယ်လောက်ကြာ ဖြတ်ရမယ်မသိသေးဘူး။ တစ်ညတည်းနဲ့ ပြတ်ချင်မှပြတ်မယ်။ ဝါဒါတွေအလစ် လူတွေ အိပ်ကုန်မှ အသံမကြားအောင်ကျိတ်ပြီးဖြတ်ရမှာဆိုတော့ ခရီးလည်းတယ်ပြီး တွင်ချင်မှတွင်မယ်”

ကိုတိုင်းမောင်က “သံတိုင်ဖြတ်တော့ မပြတ်သေးဘဲနဲ့ ကျန်နေရင် ဒီလွှရာကြီးကို ဘယ်လိုလုပ်ထားမလဲ”

ကျွန်တော်က“ဒါကတော့ လွယ်ပါတယ်၊ ဆီဂျီးနဲ့ပြာနဲ့ နယ်ပြီးအပေါ်က သုတ်ထားရင် ရုတ်တရက်မသိသာပါဘူး၊ မူလသံတိုင်ရောင်နဲ့ ခွဲမရအောင် ကြံဖန်ပြီးလုပ်ရမှာပေါ့”

ကိုတိုင်းမောင်က “ကဲ–ဒါဖြင့် ဒီနေ့ညစပြီး သံတိုင်ကို လှီးကြတာပေါ့။ ဒါပေမဲ့ အောင်ကြည်ကို ပြောချင်တာက ၃ ရက်လောက်တော့ ဆိုင်းပါဦး။ တို့တစတွေ အရမ်းပြေးလို့ မဖြစ်သေးဘူး၊ ပြေးတယ်ဆို ရေနံချောင်းဘက်ကို ပြေးရမှာပဲ။ ရန်ကုန်ဘက်ဆိုတာကတော့ ခရီးလည်း ရှည်လွန်းတယ်။ နောက်ပြီး တို့ကလည်း တောင်တွင်း၊ နတ်မောက်၊ မကွေး၊ မင်းဘူးဘက်မှာ လမ်းကျွမ်းတာဆိုတော့ ရေနံချောင်းဟာ အသင့်ဆုံးပဲ။ လမ်းမှာ ဘယ်နှစ်ရက်ကြာမယ်၊ ဘာတွေလိုအပ်မယ်၊ ဘယ်လမ်းက ပြေးမယ်ဆိုတာတွေကို တတ်နိုင်သမျှ ကြိုတင်စဉ်းစားကြရဦးမှာပဲ။ ပြေးတယ်ဆိုရင်လည်း ငါ့သဘောက ရွာတွေမှာ ထမင်းဝင်ပြီးမစားချင်ဘူး၊ တတ်နိုင်သမျှ ကိုယ့်ရိက္ခာနဲ့ကိုယ်ပြေးချင်တယ်။ များသောအားဖြင့် ရွာတွေမှာ ထမင်းဝင်စားရင်ပြန်ပြီးမိဖို့က သေချာနေတယ်။ သူပုန်ဆိုတာကလည်းခွေးလေးပျား တောအန့်ဆိုတာလို တောရွာတွေမှာပါ ပြည့်နေတာ”

ကိုတိုင်းမောင် တင်ပြသော အချက်အလက်များမှာများစွာ ခိုင်လုံမှန်ကန်လှပေသည်။ ကျွန်တော်တို့အဖို့ ထောင်အုတ်ရိုးကိုကျော်ပြီးရုံမျှနှင့် လွတ်မြောက်မှုကိုမရနိုင်၊ ရေနံချောင်းမြေကိုနင်းမိမှသာ စိတ်ချရပေမည်။ ရေနံချောင်းသို့သွားလျှင် မည်သည့်လမ်းမှ သွားမည်နည်း။ မင်းဘူးဘက်မှ သွားမည်လော၊ သွားလျှင် ရေကြောင်းလော၊ ကုန်းကြောင်းလော၊ သို့မဟုတ် တောင်တွင်းဘက်မှ သွားမည်လော၊ တောင်တွင်းဘက်မှသွားလျှင် မြစ်ကိုမည်သည့်နေရာ၌ ကူးမည်နည်း။



လှေဆိပ်ဟူသမျှသည်လည်း ရဲဘော်ဖြူ၊ ကွန်မြူနစ် လွတ်သောနေရာမရှိ။ ထောင်ဖက်ရန် ခက်ခဲသလောက် ထောင့်အပြင်ရောက်မှ လွတ်မြောက်မှုမှာလည်း တွေးလိုက်တိုင်း ရင်ကျပ်စရာ ကောင်းလှပေတော့သည်။

နေ့လယ်ပိုင်းသို့ရောက်သောအခါ ကိုတိုင်းမောင်က ကျွန်တော်နှင့် အောင်ကြည်ကိုခေါ်၍–

"ငါ့စိတ်ထဲမှာ ချီတုံချတုံ ကိစ္စတစ်ခုပေါ်နေတယ်"

"ဆိုစမ်းပါဦး"

"တို့အိပ်ထောင်ထဲမှာ ရဲဘော် ၁၇ ယောက်ရှိတယ်။ တခြားအိပ်ထောင်ထဲက ရဲဘော်တွေဆိုတာကို ထားဦးတော့၊ ဒီအိပ်ထောင်ထဲက ရဲဘော်တွေကို ငါတို့လုပ်ငန်းနဲ့ ပတ်သက်ပြီး တိုင်ပင်ချင်တယ်။ တိုင်ပင်ချင်တယ်ဆိုတာက သူတို့ဆီက အကြံဉာဏ်ယူဖို့ထက် သူတို့ထဲက လိုက်ချင်တဲ့လူရှိမလား ဆိုတာကို မေးချင်တယ်။ အတိုချုပ်ကတော့ တို့သုံးယောက်ဟာ တစ်ကိုယ်ကောင်းကြံပြီး ထွက်ပြေးတာမျိုးမဟုတ်ဘဲ တို့ဝတ္တရားအရ ခေါ်ချင်သေးတယ်ကွာ"

ကျွန်တော်က ကိုတိုင်းမောင်၏ တင်ပြချက်ကို ဘာမျှမဝေဖန်ဘဲ ငြိမ်နေလိုက်သည်။ သို့သော် အောင်ကြည်က---

"ဒီလိုရှိတယ်ဗျ--- ကိုတိုင်းမောင်၊ ကျုပ်လည်းပဲ ရဲဘော်ရဲဘက်စိတ်ရှိတဲ့ လူတစ်ယောက်ပါ။ လိုက်ချင်တဲ့လူလိုက်ခဲ့လို့ ခေါ်ချင်ပါတယ်။ သို့သော်လည်း တစ်ခါတစ်ရံမှာ ဒီလူတွေက ကိုယ့်ကိုယ်တိုင်က စွန့်စွန့်စားစားမလုပ်ချင်တဲ့အပြင် စွန့်မယ့်လူတွေကိုပါ စိတ်ဓါတ်ပျက်အောင်လုပ်ချင်တယ်။ အရင့်အရင် ကျုပ်တို့တတွေ ထောင်ဖောက်ဖို့ကြိုးစားကြတုန်းကလည်း သေနတ်ကြားထဲမှာ ခုန်ဆွခုန်ဆွလုပ်နေတယ်ဆိုပြီး ကျုပ်တို့ကို မိုက်ရူးရဲလို့ ပြောခဲ့ကြပြီး။ ဒါလည်း ခင်ဗျားအသိပဲ။ ဒီတော့ ကျုပ်သဘောအရသာ ပြောရမယ်ဆိုရင် ဘယ်သူ့မှ ဘာမှ ပြောမနေချင်ဘူးဗျာ"

ကိုတိုင်းမောင်က ဘာမျှပြန်မပြောဘဲ ငြိမ်နေပါသည်။ အောင်ကြည်၏ စကားကို ကျွန်တော်တို့မငြင်းနိုင်ချေ။ သူပြောသမျှမှာ မှန်သင့်သလောက်မှန်နေသည်။လုပ်ရမည့်ကိစ္စကိုစဉ်းစားကြည့်လျှင် အောင်မြင်နိုင်ရန် အခြေအနေမှာ ၁၀ ရာခိုင်နှုန်းမျှသာရှိ၍ ၉၀ ရာခိုင်နှုန်းအသက်ဘေးနှင့် နီးကပ်လှပေသည်။ ဤကဲ့သို့သော စွန့်စားမှုမျိုးကို ရှေ့ကနောက်တိုင်းထွာတတ်သော အဆင်ခြင်ဉာဏ်ရှိသူတိုင်း လက်ခံရန် ခဲယဉ်းလှပေသည်။

အထူးသဖြင့် သရက်မြို့မှာ ထိုစဉ်က ရောင်စုံသူပုန်တို့၏ စစ်တက္ကသိုလ်ထားရာဒေသဖြစ်သောကြောင့် မြို့ပတ်ပတ်လည်တွင် စစ်တပ်များဖြင့် ပြည့်နေသည်။ ထိုစစ်တပ်များကိုကျော်၍ မြို့ပြင်



ရောက်အောင်ပြေးရန်လည်း မလွယ်ကူလှချေ။ မြောက်ဘက်သို့ လွတ်မြောက်လာပြန်လျှင်လည်း ရွာကြီးကြီးဟူသမျှတွင် စစ်တပ်ရှိသည်။ လှေဆိပ်ခပ်ကြီးကြီးဟူသမျှ၌ ရဲဘော်ဂိတ်များရှိသည်။ အာလံ၊ ဆင်ပေါင်ဝဲ၊ မိကျောင်းရဲ၊ မြင်းကွန်း၊ မကွေး၊ မင်းဘူး၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်စသည် တို့တွင် သောင်းကျန်းသူတို့ ဘုန်းမီးအတောက်ဆုံး ကာလဖြစ်သည်။

ထိုဒေသများကို ကျော်ဖြတ်၍ ရေနံချောင်းသို့ အရောက်ပြေးကြရန်ကိစ္စမှာ ပျော်ပွဲစားထွက်သကဲ့သို့ မလွယ်ကူချေ။ မိမိကိုယ်ကို သရဏဂုံတင်ပြီး သေမင်းနှင့် ရင်ဆိုင်ကြရမည့်ကိစ္စဖြစ်သည်။

ထိုမျှသာမကသေး၊ ကျန်းမာဖျတ်လတ်မှုလည်းလိုပေသေးသည်။ ရာသီမှာလည်း ဆောင်းဦးပေါက်စရာသီဖြစ်သည်။ ကျွန်တော်တို့ အကြမ်းဖျင်းစီစဉ်ထားသော ပြေးလမ်းမှာ သရက်မှမြောက်ဘက်သို့ တောင်ရိုးတစ်လျှောက်အတိုင်း တောလမ်းခရီးထွက်ရန်ဖြစ်သည်။ မြစ်ရိုးမှ ကပ်သွားလျှင် ပြန်လည်ဖမ်းမိရန် ၃ ပုံ ၂ ပုံခန့် သေချာနေသည်။ ပြန်လည်ဖမ်းမိသည်ဆိုခြင်းမှာ အသက်နှင့်ကိုယ် အိုးစားကွဲခြင်းမှ တစ်ပါး အခြားအဖြေမရှိပေ။ ထို့ကြောင့် ကျွန်တော်တို့ အတွက် တောင်ရိုးတစ်လျှောက် တောလမ်းခရီးကြမ်းမှ ပြေးရမည်ဖြစ်ရာ ဤငှက်တော၊ ခွေးတော၏ နှင်းတပေါက်ပေါက်ဒဏ်ကို ခံနိုင်ရည်ရှိမှသာ ဖြစ်ပေမည်။ လမ်း၌ငှက်ဖျားဝင်လာလျှင် မည်သို့တတ်နိုင်မည်နည်း။ နီးစပ်ရာရွာသို့ ဖွတ်ဝင်ရတော့မည်။ ထို့နောက်ကား ရဲဘော်ဖြူလက်တွင်းသို့ မရှုမလှ ကျရောက်ရဦးမည်။

တစ်ခါတစ်ရံ နေ့မအိပ်၊ ညမနား တရကြမ်းသွားရမည့်အခြေသို့ ရောက်ကောင်းရောက်နိုင်ပေမည်။ မာရသွန်ပြေးပွဲထက်ပို၍ လုံ့လထုတ်ရမည့် ဤပြေးပွဲတွင် တော်စွ လျော်စွ ကျန်းမာရုံမျှနှင့် မည်သူဝင်ရောက်ယှဉ်နွဲ့ဝံ့မည်နည်း။ ပြေးရင်းလွှားရင်း လမ်းတွင် လဲနေပါလျှင်လည်း ပွဲ့ယူတင်ဆောင်မည့် ကြက်ခြေနီကားကြီး မရှိပေ။ ကျည်ဆန်ကိုသာ မျှော်လင့်ရပေမည်။ ကျွန်တော်တို့ အိပ်ထောင်မှ ရဲဘော် ၁၇ ယောက်အနက် အရွယ်ထောက်လာသူက ၁၀ ယောက်ခန့်မျှ ဖြစ်နေသောကြောင့် လိုက်ပါကြရန် ပို၍ခဲယဉ်းပေသည်။ သို့သော် ကိုတိုင်းမောင်က တမေ့တမောကြီးကြာအောင် တွေးနေပြီးမှ ဆက်လက်၍---

"အေးကွာ မင်းပြောတာလည်း ဟုတ်ပါတယ်။ သို့သော်လည်း တို့ဘက်က ဝတ္တရားကျေပွန်အောင်တော့ သူတို့ကို အကျိုးအကြောင်း တင်ပြချင်သေးတယ်။ လိုက်တာမလိုက်တာက သူတို့သဘော။ ပြောတာမပြောတာက တို့တာဝန်ပေါ့ကွာ"

—၁၈—

အောင်ကြည်က နှုတ်ခမ်းကို တင်းကျပ်စွာစေ့ထားရာမှ "အေးပေါ့ဗျာ၊ ပြောချင်လည်း ပြောကြည့်ပေ့ါ။ သို့သော် ကျုပ်က ကြိုတင်ပြီးဗေဒင်ဟောထားလိုက်မယ်။ သူတို့ ဘယ်သူမှ လိုက်ကြမှာ မဟုတ်ဘူး။ နောက်ပြီး ကျုပ်တို့ကို စိတ်ဓာတ်ပျက်အောင် အရမ်းမလုပ်ကြနဲ့၊ ဘာနဲ့ညာနဲ့ ပြောလိုက်လိမ့်ဦးမယ်"

ကျွန်တော်က ငြိမ်နေရာမှ "ခင်ဗျားပြောလို့ရှိရင် ဒိုင်းလွှကြီး ရနေပြီးဆိုတာကိုပါ ပြောပြလိုက်မလား"

"ပြောပြရမှာပေါ့၊ ဒါမှ သူတို့က ငါတို့ရဲ့အောင်မြင်ချက်လမ်းပေါ်မှာ မူတည်ပြီးလိုက်တန်ရင် လိုက်ကြမှာပေါ့"

တိုင်းမောင်စကားဆုံးလျှင် အောင်ကြည်က "ခင်ဗျားတစ်ယောက်တည်း သွားစေချင်တယ်ဗျာ၊ ကျွန်တော်ကတော့ မလိုက်ချင်ဘူး၊ အောင်သင်းလည်း လိုက်မသွားနဲ့တော့ပေါ့ကွာ။ အတော်ကြာ သူတို့တစ်တွေက ကသိကအောက်တွေ ဟိုဟာမေး၊ ဒီဟာပြောလုပ်တာနဲ့ မင်းလည်းပြေးခါနီး စိတ်ဓါတ်ပျက်နေဦးမယ်"

ကျွန်တော်က"ငါ့အတွက်တော့ စိတ်ချပါ။ မင်းတို့နှစ်ယောက်ကပျက်ရင်သာ ငါကပျက်ချင်ပျက်ဖို့ပါ။ မင်းတို့ မပျက်သရွေ့တော့ ငါလည်း ဘယ်တော့မှ စိတ်ဓာတ်မပျက်ဘူး။ မင်းက သတ္တိကောင်းတဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ ကိုတိုင်းမောင်က အဆင်ခြင်ဉာဏ်မှာ နှစ်ယောက်မရှိဘူး။ ဒီတော့ ငါ့အဖို့မှာ ဦးစံရှားနဲ့ ကိုဇော်ဟိတ်ကို အဖော်လုပ်ပြီးသွားရသလို ကမ္ဘာ့ဟိုဘက် အစွန်းထိအောင် သွားချင်သွားလိုက် ဦးထဲကပါပဲ ကိုယ့်လူ"

အောင်ကြည်နှင့် ကိုတိုင်းမောင် နှစ်ယောက်လုံး ကျွန်တော်၏ စကားကို တပြုံးပြုံးနှင့် သဘောကျနေပြီးလျှင်–

"မအေပေး တို့ကို ကပ်မြှောက်နေပြန်ပြီ"

ကိုတိုင်းမောင်က "ဘယ်ကတို့ကို မြှောက်ရမှာလဲ၊ သူ့ကိုယ်သူ ဦးသိန်းမောင်အဖြစ် ရွှေဥဒေါင်းကြီးပေါ့လေ"

ကျွန်တော် သဘောကျစွာ ရယ်မော်လိုက်ပြီးလျှင် "ဒါပေါ့ဗျ–ခင်ဗျားတို့ကမှ ဦးစံရှားနဲ့ ဇော်ဟိတ်ဖြစ်ရသေးရင် ကျုပ်လည်း ဦးသိန်းမောင် အလိုလိုဖြစ်လာရောပေါ့" ဟုပြန်၍ ပြောလိုက်ပါသည်။

–၁၉–

ထိုနေ့ညနေတွင် ဗဟိုမျှော်စင်ကြီး ဒုတိယအဆင့်၌ ကျွန်တော်တို့ အိပ်ထောင်သားများနှင့် ကိုတိုင်းမောင်တို့ လျှို့ဝှက်စွာ ဆွေးနွေးပွဲ ပြုလုပ်ကြပါသည်။ ကျွန်တော်နှင့် အောင်ကြည်က လိုက်မသွားဘဲ နေရစ်ခဲ့ပါသည်။ အောင်ကြည်ကမူကား တစ်ချက်ကလေးမျှ အငြိမ်မနေပါ။ ဟိုလျှောက်ဒီသွားလိုက်နှင့် ထောင်ဖောက်ရာတွင် လိုအပ်မည့် အချက်အလက်များကိုသာ အသေးစိတ်စူးစမ်းနေပါသည်။ ကျွန်တော်က ထောင်ထဲတွင် အင်္ဂလိပ်စာသင်နေသည်ဖြစ်ရာ ရှိတ်စပီးယား

ပုံပြင်များကို စက်ရှင်တရားသူကြီး ဦးခင်မောင်အေးထံသွားရောက် သင်ယူနေပါသည်။ ဦးခင်မောင်အေးမှာ ၉၅,ယ၉၊ ဖြစ်၍ ထိုစဉ်က စက်ရှင်တရားသူကြီးအဖြစ် အဖမ်းခံခဲ့လျက် ယခုအခါမူ သရက်ဘိလပ်မြေလုပ်ငန်းတွင် ညွှန်ကြားရေးအရာရှိကြီးဖြစ်နေပါပြီ။ အပြင်လောကတွင် အမ်အေအောင်သောဆရာတစ်ယောက်ထံမှ ကျူရှင်ယူလိုလျှင် တစ်လကို ၁၀၀ိ ပေး၍မျှ ရရန်မလွယ်ပါ။ ထောင်ထဲတွင်မူကား စေတနာဖြူစင်စွာဖြင့် ရဲဘော်ရဲဘက်ချင်း သင်ကြားပေးရသည်ကို ဝန်မလေးကြပါ။ ဆရာရော၊ တပည့်ပါ နှစ်ဦးစလုံးတွင် အလုပ်ရှိနေသဖြင့်လည်း အချိန်ကို အဖိုးတန်စွာ ကုန်လွန်စေသည်ဟုဆိုလိုက ဆိုနိုင်ပါသည်။ ဤသို့အားဖြင့် ထောင်ထဲတွင် စာရင်းကိုင်သင်တန်း၊ လက်ရေးတိုသင်တန်း၊ နိုင်ငံရေးသင်တန်း၊ လက္ခဏာဗေဒင်သင်တန်း၊ ဗိန္ဓောသင်တန်းများပင် ရှိပါသည်။

အရှေ့အုတ်နံရံပေါ်မှ နေထွက်လာ၍ အနောက်အုတ်နံရံသို့ နေဝန်းကွယ်သွားလေ့ရှိသောတစ်နေ့တာအတွက် ဤသို့လျှင် နည်းအမျိုးမျိုးဖြင့် ကြံဖန်ပြီး ကုန်လွန်စေကြရတော့သည်မှာထောင်ကျဖူးသူများသာလျှင် ကိုယ်ချင်းစာနိုင်ပါတော့မည်။

ညနေထောင်ပိတ်ခါနီးတွင် ဆွေးနွေးပွဲပြီးလာပါသည်။ ကိုတိုင်းမောင်ကလည်း ကျွန်တော်တို့အားမည်သူမျှမလိုက်လိုကြကြောင်း ပြန်၍ပြောသည်။ အချို့နိုင်ငံရေးသမားများက ထောင်ဖောက်သည်ကို အောင်မြင်သည်ထားဦးတော့၊ ထောင်အပြင်ရောက်လျှင် မည်သို့ပြေးကြမည့် အစီအစဉ်ကိုတင်ပြပါဦးဟု တောင်းဆိုမေးမြန်းကြသေးသည်။ ဤအချက်မှာကား လုံးဝဖြစ်နိုင်သော ကိစ္စမဟုတ်ချေ။ ထောင်ကျပါပြီဆိုကတည်းက အပြင်လောကနှင့် အဆက်ပြတ်နေကြသည်ဖြစ်ရာ အပြင်လောကအခြေအနေကို သူတို့သိသည်ထက် ကျွန်တော်တို့က ပို၍မသိနိုင်။ အပြင်အခြေအနေကိုမသိဘဲလမ်းခရီးစဉ်ကို အတိအကျ ပြင်ဆင်ထားရန်မှာလည်း မဖြစ်နိုင်။ ကျွန်တော်တို့မှာ မီးစင်ကြည့်၍ကကြရပေမည်။ အတွင်းလောက အုတ်နံရံလေးဘက်ကြားမှပင် လွတ်မြောက်အောင် ထွက်နိုင်ပါကအပြန့်ကျယ်လှသော အပြင်လောကတွင် ပြေးစရာ၊ ခိုစရာတွေ့ရန် ပိုမိုလွယ်ကူရာ၏ဟူသောယုံကြည်ချက်နှင့် ပြေးကြရမည်ဖြစ်သည်။

–၂၀–

ကျွန်တော်တို့မှာ ကြာကြာမဆိုင်းလိုသည့်အားလျော်စွာ ထိုည၌ပင် ကျွန်တော်၏ ခုတင်ခြေရင်းအနောက်ဘက်တံခါးပေါက်ကြီးမှ သံတိုင်တစ်ခုကို ဖြတ်ကြသည်။ ကျွန်တော်က သံတိုင်ဖြတ်၍ကိုတိုင်းမောင်နှင့် အောင်ကြည်က အိပ်ထောင်တစ်ဖက်စွန်း ခပ်ကျကျဆီမှ ကင်းစောင့်ကြသည်။ ဝါဒါတစ်ယောက်ယောက်လျှောက်လာလျှင် သီချင်းဆိုသည်။ ကျွန်တော်က ခုတင်ပေါ်တွင် ပြန်အိပ်၍စာဖတ်ချင်ယောင်ဆောင်နေရသည်။ ဝါဒါ၏ ခြေသံပျောက်သွားမှ ဆက်၍လှီးရပြန်သည်။ လွှကြီးမှာ

အသစ်စက်စက်ဖြစ်၍ ဖြတ်ရသည်မှာ လက်တွင် စီးခနဲစီးခနဲနေအောင် အရသာတွေ့လှသည်။ သို့သော်လည်း အသံမထွက်အောင် ကျိတ်၍လှီးနေရသဖြင့် တကယ်တမ်းခရီးမတွင်လှပါ။

အခြားအကျဉ်းသားများ အိပ်ချိန်တွင်မှထ၍ လှီးရသဖြင့် ဆိတ်ငြိမ်နေသောကြောင့် အသံမှာ ပို၍မြည်နေသကဲ့သို့ ထင်ရသည်။ အနောက်တောင်ဘက်မျှော်စင်မှ မီးမောင်းမှာ ကျွန်တော်ဖြတ်နေသောနေရာသို့လာ၍ တည့်တည့်ကြီး ထိုးထားသဖြင့် အုတ်နံရံအရိပ်မှ ခိုပြီးလှီးရသောကြောင့်လည်း ပို၍ အခက်အခဲတွေ့နေပါသေးသည်။

ကျွန်တော်တို့ ထင်မှန်းထားသည့်ထက်ကားများစွာပို၍ လွယ်ကူပါသည်။ တစ်နာရီခန့်ဖြတ်ပြီးသောအခါ သံတိုင်အောက်ခြေမှ $\frac{3}{4}$ ခန့်၊ သံတိုင်အထက်ခြေမှ $\frac{3}{4}$ ခန့်ပြတ်သွားပါသည်။ လက်နှင့်တအားဆွဲ၍ နဲ့လိုက်လျှင်ကျိုး၍ပါလာအောင် အထက်အရင်းနားမှ လွှဲချက်ကိုပြတ်လုတဲတဲထိအောင် ထားလိုက်ပြီးနောက် ဆီးချေးနှင့်ပြာကိုနယ်၍ သုတ်လိမ်းထားလိုက်ပါသည်။ ထိုဆီချေးပေါ်သို့ မြေမှုန်ထပ်ပက်ထားလိုက်ပါသည်။ ထိုဆီချေးပေါ်သို့ မြေမှုန်ထပ်ပက်ထားလိုက်သောအခါတွင်ကား သေချာစွာကြည့်မှသာလျှင် မြင်နိုင်သောအခြေအနေသို့ ရောက်သွားပါသည်။ မည်သူမျှလည်း ဤသံတိုင်ကို လာကြည့်မည် မဟုတ်ကြောင်း ကျွန်တော်တို့ကလည်း စိတ်ချယုံကြည်ပြီးဖြစ်သည်။

ပြေးရန်ကား အသင့်ဖြစ်နေပေပြီ။ ကျွန်တော်တို့အဖို့အသက်ဆံဖျားပြုလုပ်ရမည့်အရေးကား နီးကပ်လာချေပြီ။ သုံးယောက်သားမှာ တွေးလိုက်တိုင်း သွေးဘောက်ဘက်ခတ်လျက် ရင်တဆွေ့ဆွေ့ ဖြစ်နေကြပြီ။

ကျွန်တော်တို့ အိပ်ထောင်တွင်းမှ ရဲဘော် အကျဉ်းသားအားလုံးမှာ ကျွန်တော်တို့ သုံးယောက်ကိုဖျက်၍မရတော့ပြီ ဖြစ်ကြောင်းလည်း သိကြသည်။ ကျွန်တော်တို့လွတ်မြောက်သွားလျှင် သူတို့အတွက် တဖက်ဖက်မှ ပြန်လည်ကူညီနိုင်ကောင်းရာ၏ဟုလည်း မျှော်လင့်ကြသည်။ အချို့ကလည်း ကျွန်တော်တို့ ထောင်ဖောက်သွားသည့်အတွက် ကျန်ရစ်သူများအနေကျပ်ကြတော့မည်ကိုတွေး၍ ပူပင်ကြသည်။ ကျွန်တော်၏ ခြေရင်းမှသံတိုင်ကို ဖြတ်၍ထွက်မည်ဖြစ်ရာ ခုတင်နားနီးချင်း ရဲဘော်



တစ်ယောက်မှာ နောင်အခါတွင် ရှုပ်ရှုပ်ယှက်ယှက် အမှုပတ်လာမည်စိုးသဖြင့် ခပ်ဝေးဝေးသို့ ပြောင်းပြေးလေတော့သည်။

၁၉၄၉ ခု၊ ဇအာက်တိုဘာလ ၂၄ ရက်နေ့ဖြစ်ပေသည်။ ကျွန်တော်တို့ သုံးယောက်အတွက် လမ်းတွင်စားသွားရန် ရိက္ခာကို နံနက်တွင် ဝယ်ခြမ်းပြီးစီးလေပြီ။ လူ ၁၇ ယောက်ရှိသည်ဖြစ်ရာ အိပ်ထောင်တစ်ခုလုံးအတွက် ဆို၍ ကျွန်တော်တို့က ဈေးဝယ်သောထောင်ဝါဒါတွင် နံပြားအချပ် ၂၀၊

နို့ဆီ ၃ လုံး၊ ဆေးပြင်းလိပ်ထုပ် ၂ ထုပ်၊ မီးခြစ် ၂လုံးကို မှာလိုက်ရသည်။ နံပြားထက်ပို၍ သင့်လျော်သောပေါင်မုန့်စသည့်ရိက္ခာမျိုးကို အတော်များများလုံလောက်စွာမှာလျှင်လည်း ဝါဒါက သံသယမရှိ၊ ဝယ်ပေးမည်ပင်ဖြစ်သော်လည်း ငွေကြေးနည်းပါးသောကြောင့်မမှာနိုင်တော့ချေ။ ကျွန်တော်တို့တွင် ငွေမရှိကြ။ လမ်းတွင်သုံးရန် လူသုံးယောက်ပေါင်းမှ ငွေ ၁၄ သာပါကြသည်။

ကျွန်တော်တို့သုံးယောက် လွယ်အိတ်တစ်လုံးစီပြင်ကြရသည်။ နံပြားမုန့်ကိုလည်း သုံးယောက် ခွဲယူထားသည်။ နို့ဆီဘူးကိုလည်း တစ်လုံးစီဝေထားသည်။ ပစ္စည်းများ ခွဲထားကြခြင်းမှာ မတော်တဆ လမ်းတွင် အသက်ဆံဖျားပြေးကြလွှားကြရ၍ တစ်ယောက်နှင့်တစ်ယောက် ကွဲသွားကြသော် လူတိုင်း၌ စားစရာပါသွားစေရန်ဖြစ်သည်။ သုံးယောက်စံညီ ထပ်မံ၍ ကတိသစ္စာပြုကြပြန်သည်။ ကျွန်တော်တို့ ကတိသစ္စာကား လမ်းတွင် တစုံတစ်ယောက်အား မိသွားချေသော် ကျွန်တော်တို့ခရီးစဉ်ကို သစ္စာ မဖောက်စတမ်း။ အသက်ဆံဖျားပြေးရတော့မည့် အရေးအခင်းမျိုးပေါ်လာလျှင် တစ်ယောက်ကို တစ်ယောက်ငဲ့မနေဘဲ ကိုယ်လွတ်ရုန်း၍ အစိုးရနယ်သို့ အရောက်ပြေးကြရမည်။ အားလုံးမှာ သန်သန်မာမာ လူစွမ်းလူစရှိသူချည်းဖြစ်ခြင်းကြောင့် တစ်ယောက်တစ်ယောက်မငဲ့ကြစတမ်း။ လမ်းတွင်သင့်သလို ခရီးသွားကြမည်ဖြစ်၍ တစုံတစ်ခုကိုပြုလုပ်လိုလျှင်သုံးဦးသဘောတူမှပြုလုပ်မည်။
ထိုအပြုအမူကြောင့် ရန်သူ့လက်သို့ သုံးယောက်စလုံးရောက်ခဲ့သော် တစ်ယောက်ကို တစ်ယောက် မည်သည့်အပြစ်မှ မတင်ကြဘဲ ကျေသမျှသောဒဏ်ကို ဝမ်းမြောက်စွာခံကြစတမ်း စသည်အားဖြင့် ဖြစ်ပါသည်။

တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့ လကလေးမှာ တကယ်တမ်း မထွန်းလင်းနိုင်ဘဲ အနောက်ဘက်ဆီတွင် ခပ်ဖျော့ဖျော့ရှိနေသည်။ ကျွန်တော်တို့၏ သေရေးရှင်ရေးကိုဆုံးဖြတ်တော့မည့်အချိန် ကားနီးကပ်လာလေပြီ။ အိပ်ထောင်မပိတ်မီ နေဝင်ရီတရောအ္ခပင် ဘီအိပ်ထောင်မှ ဆင့်တုံးကြီးကိုလည်းဝါဒါများအလစ်တွင် သွားရောက်ဖြုတ်ထားပြီးခဲ့ကြပြီ။ ဘကြီးသစ် ကျစ်ထားသောကြိုးကိုလည်း တောင်းယူပြီး အသင့်ရှိနေပြီ။ လွယ်အိတ်သုံးလုံးမှာလည်း ထောင်ဖောက်မည့်အချိန်အတွက် စောင့်နေ



ကြပြီ။ ၁၅ မိနစ်တစ်ကြိမ် ခေါက်လိုက်သောသံချောင်းသံများမှာ ခါတိုင်းထက်ပို၍ ကျယ်လောင်သည်ဟုထင်မှတ်မိပါသည်။ "နံပါတ် ၁ အိပ်ထောင်က အားလုံးကောင်းပါသည်ခင်ဗျား"။ "နံပါတ် ၂ အိပ်ထောင်က အားလုံးကောင်းပါသည်ခင်ဗျား"ဟူသော တာဝန်ကျရာ အိပ်ထောင်တိုင်းမှ ဝါဒါတို့အော်သံမှာလည်း ပို၍များလာသကဲ့သို့ ထင်ရသည်။ ဤ"အားလုံးကောင်းနေသော" ဝါဒါများအကြားမှကျွန်တော်တို့ လွတ်မြောက်ရေးကြိုးပမ်းမှုသည် အောင်မြင်နိုင်ပါလေမည်လော------။

ကျွန်တော့်အဖို့မှာကားထိတ်လန့်ရင်ဖိုမိခြင်းထက် ဝမ်းနည်းကြေကွဲခြင်းက ပိုမိုနေသည်။ အဖမ်းခံရပြီဆိုကတည်းက အတူနေလာခဲ့ရသော တောင်တွင်းကြီးမှ ရဲဘော်ရဲဘက်များကို ခွဲရပေတော့မည်။ ဦးကျော်စိန်၊ ဦးစောမောင်၊ သခင်စိန်သွင်၊ ဦးအုံးဖေ စသော ရဲဘော်ကြီးတို့နှင့် အတူနေခဲ့ရသည်မှာ ကြာပြီဖြစ်သည့်အတိုင်း ကျွန်တော့်တွင်များစွာသံယောဇဉ် တွယ်မိနေပြီ။ ယနေ့ညသည် ကျွန်တော်နှင့်သူတို့အား ထာဝစဉ်ခွဲလေမည်လော၊ ခေတ္တမျှသာခွဲလေမည်လေ။ ကျွန်တော်တို့ကို ထောင်စောင့်ကင်းစင်မှ ရဲဘော်များမြင်ကြ၍ ပစ်ကြခတ်ကြလျှင် ထာဝစဉ်ခွဲကြရတော့မည်။ ကျွန်တော်တို့က လွတ်မြောက်သွားလျှင်လည်း သူတို့တစ်တွေအား ရဲဘောဖြူတပ်ပေါင်းစုတို့က ကိစ္စတုံးပစ်ကောင်းပစ်ပေလိမ့်မည်။ အင်မတန်ကြီး ကံကောင်းလှမှ ဤသူများကို ပြန်၍တွေ့နိုင်ပေတော့မည်။

အထူးသဖြင့် တောင်တွင်း ဦးကျော်စိန်(ယခု သန့်ရှင်း ဖဆပလ)ကား ကျွန်တော်အပေါ် သံယောဇဉ်ကြီးလှသည်။ ကျွန်တော့်ကို ညီအရင်းကဲ့သို့ ချစ်ကြင်နာသည်။ အခြေခံ အင်္ဂလိပ်စာကိုလည်းသူပင် ကရိကထခံ၍ သင်ကြားပေးခဲ့သည်။ ကျွန်တော်၏ ပညာရေးတိုးတက်မှု၊ ဘဝတိုးတက်မှုလမ်းချိုးသို့ပို့ပေးခဲ့သော ကျေးဇူးရှင်ကား ဦးကျော်စိန်ပင်ဖြစ်သည်။ သူနှင့်ခွဲရတော့မည်ကို တွေးမိလိုက်လျှင် ကျွန်တော့်မှာ ရင်ထဲတွင်ဆို့၍ မငိုမိရန် မနည်းထိန်းရသည်။ ဦးကျော်စိန်ကလည်း ကျွန်တော်နှင့် မတွေ့အောင်ရှောင်သည်။ ထမင်းစားရာ၌ တစ်စားပွဲတည်းစား သူများဖြစ်၍ မလွှဲသာသောကြောင့် ဆုံရလျှင် မျက်လုံးချင်း မဆိုင်မိအောင် သူကချည်း အမြဲတိမ်းရှောင်သည်။ ခွဲကြရတော့မည်ဟူသောအသိမှာ ကျွန်တော်တို့နှစ်ဦးလုံးအတွက် ကြေကွဲဆို့နှင့်စရာဖြစ်နေကြသည်။ ဦးကျော်စိန်ကိုယ်တိုင်က လိုက်ပါရန်လည်း မဖြစ်ချေ။ ကျန်းမာရေးမတောင့်တင်းလှသည့်အပြင် အနည်းငယ်ဝလွန်းနေခြင်းသည် သေမင်းကို လက်ယပ်ခေါ်သကဲ့သို့ ဖြစ်ပေမည်။

ကျွန်တော်သည် နောက်ဆုံး မတတ်သာတော့၍ ည ၁၀ နာရီခန့် သူအိပ်ရာဝင်သောအခါ သူ့ကို သွားနှုတ်ဆက်သည်။

-၂၃-

“ကျွန်တော်တို့ လွတ်မြောက်ရင် ခင်ဗျားတို့ ကျန်တဲ့လူတွေ လွတ်မြောက်ရေးအတွက် အစိုးရဆီက အကူအညီယူပြီး အစွမ်းကုန်ကြိုးစားကြပါ့မယ်ဗျာ”

သူက ဘာမျှပြန်မပြောပါ။ ကျွန်တော်လည်းဘာကိုဆက်ပြောရမှန်း မသိတော့။ နှစ်ယောက်သား ငိုင်နေကြသည်။ ကျွန်တော် မျက်ရည်ကို ထိန်းမရတော့ဘဲ ဝေ့လာပါသည်။ ကြာလျှင် စိတ်လေးစရာ စိတ်ညစ်စရာတွေ ဖြစ်လာမည်ကို သိသောကြောင့် ကျွန်တော်က ဆက်၍---

"ကဲ–ညဉ့်နက်နေပြီ၊ အိပ်ပေတော့။ ကျွန်တော်တို့ညနာရီပြန်တစ်ချက်လောက်မှာ ထွက်မယ်" ကျွန်တော်အသံကို ထိန်း၍ပြောသော်လည်း မရပါ။ တုန်ယင်နေပါသည်။ ဦးကျော်စိန်က -----

"အေးကွာ၊ သတိဝီရိယထားပြီး သွားကြပေတော့။ တို့ကတော့ နေ့စဉ်ဒီကနေပြီး မေတ္တာပို့ရုံ ပဲတတ်နိုင်တော့မှာပဲ၊ တတ်နိုင်တော့မှာပဲ" သူ့အသံမှာ သိသိသာသာကြီးတုန်နေသည်။ အနောက် တောင်ဘက်ကင်းစင်မှ ထိုးထားသော မီးမောင်းမှာ ကျွန်တော်တို့အိပ်ထောင်ပေါ်သို့ တည့်တည့်ကြီး ကျနေရာမှ နံရံမှ ပြန်ဟပ်သော အလင်းရောင်မှုန်မှုန်တွင် သူ၏မျက်လုံးများမှ မျက်ရည်စကို ကျွန်တော် မြင်လိုက်သည်။ ကျွန်တော်လည်း ခပ်မြန်မြန်ပင် ထလာခဲ့ရတော့သည်။ သူလည်းအိပ်ရာ ပေါ်မှာလှဲ၍ ကျန်ရစ်ခဲ့သည်။ အိပ်ပျော်တော့မည် မဟုတ်ကြောင်းကိုကား ကျွန်တော်ကောင်းကောင်း ကြီး သိလိုက်ပါသည်။

သခင်စိန်သွင်ကား ကျွန်တော်အိပ်ရာပေါ်သို့လာ၍ တတွတ်တွတ်မှာကြားလေတော့သည်။ လမ်းတွင် ပြေးရင်းမပြတ်သရဏ္ဍာယ်သွားရန်အတွက် ဂါထာတစ်ခုကိုလည်း နှုတ်တိုက်ချ၍ သင်ပေး လိုက်သေးသည်။ အထူးသဖြင့်ကား ဘုရားတရားကို အမြဲတမ်း အာရုံပြုသွားရန်ကို တဖွဖွမှာရှာသည်။ ကျွန်တော့်နားထဲမှ ယခုတိုင်မထွက်နိုင်သော သူ့စကားမှာ----

"လွတ်မြောက်မှာပဲလို့သာ ယုံကြည်ပြီး ပြေးကြပေရော့ ကိုအောင်သင်းရေ။ ကျွန်တော် နေ့စဉ် ခင်ဗျားတို့အတွက် ဘုရားမှာ ပန်းတင်ပြီး တစ်လတိတိ မပြတ်စေဘဲ အောင်မြင်စေကြောင်း ဆုတောင်းလိုက်မယ်"

ထောင်ကြီးတစ်ခုလုံးမှာ ငြိမ်သက်နေလေပြီ။ အကျည်းသား ရဲဘော်တို့လည်း အိပ်ရာဝင်ကြ ပြီး။ အခြားသော အိပ်ထောင်များမှလည်း သီချင်းသံ၊ စကားပြောသံများကိုမကြားရတော့ပြီ။ တစ်ချက် တစ်ချက်တွင် လမ်းလျှောက်နေသော ထောင်ကြပ်တို့၏ ခြေသံနှင့် သမံတလင်းပေါ်သို့ တုတ်ဆောင့် သည့်အသံတို့သာ မြည်ဟည်းစွာ ကြားနေရသည်။ ရာဟုထောင့်ကင်းစင်မှ မီးမောင်းကြီးမှာ အားကောင်းလှစွာဖြင့် ကျွန်တော်တို့ အိပ်ထောင်သို့ ထိန်လင်းစွာ ထိုးထားပေသည်။

–၂၄–

၁၂ နာရီထိုးသောအခါ ကျွန်တော်တို့ သုံးယောက်မှာ အိပ်ထောင်ထောင့်ကြားတစ်ခုထဲ၌ ဆုံမိကြသည်။ ကိုတိုင်းမောင်က သူ့လွယ်အိတ်ထဲမှ ပုလင်းတစ်ခုကို ထုတ်ယူပြီးနောက် အနားတွင် အသင့်ရှိသော လက်ဖက်ရည်ကြမ်းပန်းကန်ကို ယူလိုက်သည်။ ကျွန်တော်က လေသံဖြင့် "ခင်ဗျား ဘယ်အချိန်ကများ ဒီအရက်ကို ရထားတုံး"

"ညနေက ဝါဒါတစ်ယောက်ကို ပိုက်ဆံပေးပြီး အသွင်းခိုင်းခဲ့ရတာ၊ ကဲရော့ မင်းလည်း တစ်ခွက်လောက်ချလိုက်ဦး"

ကျွန်တော်ကလည်း ဘာမျှမပြောဘဲ ယူ၍မော့ချလိုက်သည်။ ရင်ထဲတွင် ပူခနဲဆင်းသွားသည်။ အောင်ကြည်ကလည်း တစ်ခွက်မော့သည်။ ကျွန်တော့်ကို တစ်ခွက်ထပ်ပေးစရာ ကျွန်တော်က တော်ပြီ ဟုပြောလိုက်သည်။ အူရိုင်းဖြစ်သည့်အတိုင်း တရိပ်ရိပ်တက်လာသောကြောင့် လန့်ပင်လန့်သွားပါသည်။ အောင်ကြည်နှစ်ခွက်၊ ကျွန်တော်တစ်ခွက် သောက်၍ အကျန်ကို ကိုတိုင်းမောင်က သူချည့်မော့နေသဖြင့် ကျွန်တော်က---

"နည်းနည်းထိန်းပြီး သောက်ဗျာ၊ အတော်ကြာ အမူလွန်နေရင်-----"

"အေးပါလေ၊ ခင်ဗျားကတော့ ယစ်စေတတ်တဲ့ ဝတ္ထုပစ္စည်း ဟူသရွေ့ အကုန်ကြိုက်တယ်၊ ထိန်းလည်းနိုင်တယ်"

ကိုတိုင်းမောင်က ကျိတ်၍ရယနေသည်။ သူ့ကိစ္စပြီးသွားသောအခါ----

"ကဲ---အသင့်ဖြစ်ပြီမဟုတ်လား၊ ကိုအောင်သင်းကော ပတ္တူဖိနပ်ရပလား"

"ရပြီ ဦးစောမောင်ဆီက သွားပြီးယူရတာပေါ့"

"တို့သုံးယောက်လုံး သရဏဂုံ တင်ကြရအောင်၊ သေရင်လည်း ကောင်းရာမွန်ရာရောက်အောင်ပေါ့ကွာ"

ကျွန်တော်က "အင်း---အရက်သောက်ပြီးမှ ငါးပါးသီလ ခံဦးမယ်ပြောပါ"

ကိုတိုင်းမောင်က "ဟ---အဲ့ဒါကြောင့် အရက်ကို အရင်သောက်ထားတာပေါ့ကွ၊ ငါးပါးသီလ ယူပြီးမှသောက်ရင် သီလပျက်မယ်မဟုတ်လား၊ ဟော􏰀အခုသောက်ပြီးမှ ယူထားတော့ သီလပေါက်တယ်မခေါ်နိုင်တော့ဘူး"

ကျွန်တော့်မှာ သူ့ဆင်ခြေကို ပြုံးနေရပါတော့သည်။ ကျွန်တော်တို့ သုံးယောက်သား ဘုရားရှစ်ခိုး၊ ငါးပါးသီလခံပြီးသည့်နောက် မတော်တဆ ကြိုးပမ်းမှုအတောအတွင်း သေသွားခဲ့သော် ကောင်း ရာမွန်ရာဘဝ စသည်အားဖြင့် ကြားဖူးသမျှ၊ မှတ်မိသရွေ့တို့ကို ဆို၍ အရှင်လတ်လတ် သရဏဂုံ



တင်ကြပါသည်။ ဤသရဏဂုံ၏ ကျေးဇူးကား ကြီးလှပါသည်။ ရွတ်ရင်းဆိုရင်း ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ သေပြီးသော၊ သေနေဆဲ လူများဟု ထင်လာမိသည်။ ကျွန်တော်တို့အဖို့ ဘာကိုမျှ တွယ်တာစရာမရှိတော့၊ ကြောက်စရာလည်း မရှိတော့ဘဲ ဖြစ်လာသည်။ ကျွန်တော်တို့ 'အသက်' မှာ ဘာမျှမဟုတ်ဘဲ မက်မောတွယ်တာသည့်စိတ်လည်း ပျောက်သွားသည်။

သရဏဂုံတင်ပြီး၍ ထလိုက်သောအခါတွင်ကား ကျွန်တော်တို့ စိတ်ဓါတ်များမှာ လန်းဆန်းပေါ့ပါးသွားသည်။ ရွှင်ကြည်ဖျတ်လတ်လာသည်။ သုံးယောက်သားမှာ ကြောက်ရွံ့ထိတ်လန့်ရန်ဝေးစွ ကြွကြွရွရွနှင့် တာစူနေသော ပြိုင်မြင်းများကဲ့သို့ ဖြစ်နေပါတော့သည်။

နာရီပြန်တစ်ချက်ထိုး၍ ဝါဒါ 'အားလုံးကောင်း' ပြီးကြသောအခါ ကျွန်တော်တို့ထွက်ရန်ပြင်ဆင်ကြသည်။ ကျွန်တော်က အိပ်ပျော်နေဟန်ရှိသော ဦးကျော်စိန်ကို ပထမ ကန်တော့သည်။ ထို့နောက် ကျွန်တော်၏ ဆရာ ဦးခင်မောင်အေးရှိရာ အိပ်ထောင်သို့ မှန်းပြီးကန်တော့လိုက်သည်။

ခါတိုင်းတွင် မီးမောင်မှာ ဟိုမှသည်မှ ရွှေ့၍ထိုးတတ်သော်လည်း ယနေ့ကား တစ်ချက်မျှပင်မရွှေ့ဘဲ ကျွန်တော်တို့ သံတိုင်ဖြတ်ထားသောနေရာသို့ တည့်တည့်ကြီးကျရောက်နေသဖြင့် သတင်းပေါက်ကြားလေသလောဟုပင် သံသယဖြစ်မိကြပါသေးသည်။ ယခင်က နာရီပြန် တစ်ချက်လောက်ထိုးလျှင် မီးအားနည်းလာလျက်နီကြောင်ကြောင်ဖြစ်လာတတ်သော်လည်း ယနေ့ကား ဖွေးနေအောင်ထိန်နေသည်။

မီးအားနည်းအောင်စောင့်နေ၍ မဖြစ်ကြတော့ပါ။ တစ်နာရီ ၁၅ မိနစ်လောက်တွင် အောင်ကြည် က သံတိုင်ကို ဆွဲနှဲ့၍ ချိုးလိုက်ရာ ဖျောက်ခနဲမြည်လျက် ကျိုးသွားပါတော့သည်။ သံတိုင်တစ်ခုနှင့်တစ်ခုမှာ ၅ လက်မခန့်ခွာ၍ စိုက်ထားသဖြင့် တစ်ချောင်းဖြုတ်လိုက်လျှင် ၁၀ လက်မခန့် ကျယ်သွားသောကြောင့် ကိုယ်ကိုစောင်းပြီးလွှန့်လျက် ဝင်ယူလိုက်လျှင် ကျွန်တော်ကဲ့သို့ ပိန်ပိန်ပါးပါးလူများမှာ အလွယ်တကူနှင့်ထွက်နိုင်ပါသည်။ ပထမဆုံး ကိုတိုင်းမောင်၊ ဒုတိယ ကျွန်တော် အလွယ်တကူ ချောင်ချောင်ချိချိနှင့် ထွက်လိုက်ကြသည်။ အောင်ကြည်က ကိုယ်လုံးအနည်းငယ်တုတ်ခိုင်သဖြင့် အတော်လေး ကတ်သီးကတ်သတ် တိုး၍ထွက်ယူရသည်။ မီးရောင်အောက်၌ ပြောင်ပြောင်ကြီး ထွက်နေခြင်းဖြစ်သော်လည်း ရာဟုထောင့်ကင်းစင်မှာ ဝေးလှသဖြင့် လှမ်း၍မမြင်နိုင်ချေ။ စနေထောင့်ကင်းစင်မှာလည်း အဆောက်အဦးများပင်ကွယ်နေသေးသည်။ အိပ်ထောင်စောင့် ဝါဒါများမှာလည်း ဗဟိုမျှော်စင်တွင် စု၍ စကားပြောနေသံကြားရသည်။ ကျွန်တော်တို့ဘက်သို့ မလာသေးချေ။

–၂၆–

သုံးယောက်လုံးအပြင်ရောက်လျှင် မှောင်ရိပ်တစ်ခုသို့ပြေး၍ ခိုလိုက်ကြသည်။ ကျွန်တော်တို့မှာပျဉ်တုံးကြီးယူရန်အတွက် ဘီအိပ်ထောင်သို့ သွားကြရဦးမည်ဖြစ်သည်။ အိပ်ထောင်တစ်ခုနှင့်တစ်ခုကို လက်ခုပ်တစ်ဖောင်ခန့်မြင့်သော အုတ်နံရံများခြားထား၍ ကျွန်တော်တို့မှာ ဗဟိုမျှော်စင်ကြီး၏ အခြေသို့သွားပြီးမှ ဘီအိပ်ထောင်သို့ကူးကြရမည်။ သို့သော်လည်း မှောင်ရိပ်ကိုခို၍ ဝါဒါများအလစ်တွင် သူတို့အနားမှ ကပ်လျက်ခြေသံမကြားအောင် ချွတ်နင်း၍ သွားကြရပေတော့မည်။

ကိုတိုင်းမောင်နှင့် ကျွန်တော်မှာ ပင်ကိုတွင် အလွန်ပျော်တတ်ရွှင်တတ်သော သူများဖြစ်လျက် သူများဖြစ်လျက် ကျွန်တော်တို့အရပ်ထဲ၌ ဘုရားပွဲတော်လုပ်တိုင်း ကကြခုန်ကြသူများဖြစ်သည်။ ကိုတိုင်းမောင်က ပွဲထဲတွင် ချွတ်နင်းသည့်အခါ တီးလေ့ရှိသော တီးလုံးကို ခပ်တိုးတိုးလေသံနှင့် တော့ဗြူး–––နယ် ဖြောင် စသည်ဖြင့် တီးနေရာ ကျွန်တော်က ချွတ်မင်းသားလုပ်၍ ဟန်ရေးပြလျက် ဟိုကြည့်၊ ဒီကြည့်၊ ဟိုကပ်လိုက်၊ ဒီကပ်လိုက်လုပ်ရာ အောင်ကြည်က အသံအုပ်၍–

"ခွေးသားတွေ အရူးထတာနဲ့ မိကုန်ပါလိမ့်မယ်"ဟု ကြိမ်းလိုက်ပါသည်။ ကိုတိုင်းမောင်က သဘောကျစွာ တိုးတိုးရယ်လိုက်ပြီးမှ ဣန္ဒြေရရ သုံးယောက်သား ဗဟိုမျှော်စင်ရှိရာသို့ ကပ်လာကြပါသည်။ မျှော်စင်ထောင့်မှောင်ရိပ်မှ လှမ်းကြည့်လိုက်ရာ ဝါဒါများကို မမြင်ရ။ မီးရောင်ကိုသာ မြင်ရသည်။ စကားပြောနေသံကိုလည်း မသဲမကွဲကြားရသည်။ အိပ်နေသလား၊ သို့မဟုတ် တုံးလုံးလှဲနေသလား မသိသော ဝါဒါတစ်ယောက်၏ ခြေထောက်တစ်စုံကိုလည်း မြင်ရသည်။ အထက်ပိုင်းကိုကား မမြင်ရချေ။ သူတို့နေရာနှင့် ကျွန်တော်တို့မှာ ၈ ပေခန့်ဝေးပါလိမ့်မည်။

ကျွန်တော်တို့လည်း အခွင့်ကောင်းဖြစ်ကြောင်းသိသည်နှင့် ခြေဖျားထောက်၍ ခြေလှမ်းကျဲကြီးများနှင့် ဗဟိုမျှော်စင်ကို ဖြတ်ကူးလိုက်ပြီးလျှင် ဘီအိပ်ထောင်ဘက်သို့ ချိုးဝင်ခဲ့ကြသည်။ မှောင်ရိပ်ထဲသို့ ရောက်လျှင်ကား ကျွန်တောတို့၏ ပထမဆုံးအဆင့်ကို ကျော်နိုင်ခဲ့ပြီဟု သုံးယောက်သားဝမ်းသာမိသွားကြပါသည်။

ဘီအိပ်ထောင်သို့ရောက်လျှင် ကိုတိုင်းမောင်က သံတံခါးပေါက်ပေါ်မှတစ်ဆင့် ဆင့်တုံးရှိရာသို့ တက်သွားသည်။ ကျွန်တော်လည်း တက်လိုက်သွား၍ အောင်ကြည်က အောက်မှအသင့်စောင့်နေသည်။ နှစ်ယောက်သား ဆင့်တုံးကိုမယူပြီးနောက် တစ်ဖက်စွန်းကိုနှိမ့်၍ အောက်သို့ချလိုက်သည်။ အောက်မှ အောင်ကြည်က ဆီးယူထိန်းကိုင်ထားသည်။ ထိုအခိုက်တွင် ကျွန်တော်က အောက်ဆင်းပြီး အောင်ကြည်နှင့် နှစ်ယောက်အတူ ပျဉ်တုံးကို ဆွဲယူသည်။ ကိုတိုင်းမောင်က အပေါ်မှ အသံမမြည်အောင်ထိန်းပေးထားရသည်။ ဤနည်းအားဖြင့်ခက်ခက်ခဲခဲနှင့်ပျဉ်တုံးကြီးအောက်သို့ရောက်ရပါသည်။



ယခုစာဖြင့်ရေးရသောအခါ ခဏမျှသာဖြစ်သော်လည်း ပျဉ်တုံးကြီးချနေစဉ်ပင် 'အားလုံးသုံးခါလောက်ကောင်း' ကြသည်ကိုထောက်၍ ၄၅ မိနစ် ကျော်ကျော်ကြီး ကြာကြောင်းသိရပါသည်။

ကိုတိုင်းမောင်က ပျဉ်တုံးအောက်သို့ရောက်လျှင် ဆင်းလာပါသည်။ သံတံခါးပေါက်ကို နင်းလိုက်ရာ အမှတ်မဲ့ဖြစ်၍ တံခါးက ရွေ့ပြီးလျှင် 'ကျီ'ဟု အတော်လေး ကျယ်ကျယ်ကြီးမြည်သွားသဖြင့် လန့်သွားပါသည်။ အသက်ရှူရမှန်းပင် မသိတော့ဘဲ ဝါဒါများကြားလေသလောဟု နားရွက်မခတ် စောင့်ကြည့်နေကြသည်။ သို့သော်လည်း ဘာမျှမထူးခြားသဖြင့် ကိုတိုင်းမောင် အောက်သို့

သတိကြီးစွာဖြင့် ဆက်၍ ဆင်းလာသည်။ အောက်သို့ရောက်လျှင် အောင်ကြည်က ပိပိရိရိ အသံမထွက်အောင် ဂရုစိုက်ပါဟု ပြောပါလျက်နှင့် ကရော်ကမည် ပြုရအံ့လောဟု ခြေဖြင့်ကန်လိုက်ပါသေးသည်။ ကိုတိုင်းမောင်ကလည်း "မတော်လို့ပါဟ၊ နောက် ဂရုစိုက်ပါ့မယ်" စသည်ဖြင့် အသံအုပ်၍ တောင်းပန်နေသည်။

အမှန်အားဖြင့် ကိုတိုင်းမောင်မှာ အောင်ကြည့်ထက် ၄ နှစ်ခန့်မျှ ကြီးသော်လည်း ရွယ်တူသူငယ်ချင်းရောင်းရင်း ဘက်ကဲ့သို့ တစ်ခါတစ်ရံတွင် မင်း၊ ငါစသည်ဖြင့်ပင် ပြောဆိုနေကြအောင် ရင်းနှီးသဖြင့် ၍သို့ပြုလုပ်ခြင်းဖြစ်ပါသည်။ တကယ်စိတ်ဆိုး၍ လည်းမဟုတ်ပါ၊ ကျီစားသည့်သဘော ဖြင့် လုပ်နေခြင်းသာဖြစ်ပါသည်။

ပျဉ်တုံးကြီးကို အောင်ကြည်နှင့် ကိုတိုင်းမောင်က ထမ်း၍ ကျွန်တော်က ရှေ့မှထွက်လာခဲ့ကြပါသည်။ ယခုမူကား ဘီအိပ်ထောင်ကို ကာထားသော အုတ်နံရံကိုကျော်ရတော့မည်ဖြစ်သည်။ အုတ်နံရံမှာ ဖော်ပြခဲ့သည့်အတိုင်း လက်ခုပ်တစ်ဖောင်ခန့်မြင့်သည်။ စနေထောင့်ကင်းစင်မှ မီးရောင်နီကြောင်ကြောင် မှိန်မှိန်မှာ ဖျော့တော့စွာလင်းနေသည်။ ကျွန်တော်တို့ကို ရုတ်တရက်မြင်နိုင်ရန် မလွယ်လှပါ။

ဤပျဉ်ချပ်ကြီးကို အုတ်နံရံပေါ်မှ ကျော်ဖြတ်၍ယူဆောင်ရန်အတွက် မူလက စီစဉ်ပြီးဖြစ်သည့်အတိုင်း ကိုတိုင်းမောင်က အုတ်နံရံပေါ်သို့ တွယ်ကပ်တက်ပြီးနောက် တစ်ဖက်သို့ ရောက်သွားသည်။ ကျွန်တော်က အုတ်နံရံပေါ်တက်၍ ဝမ်းလျားထိုးပြီးနေရသည်။ အောင်ကြည်က ပျဉ်ချပ်ကြီးကို မပြီး အုတ်နံပေါ်သို့မေးတင်၍ အနည်းငယ်တွန်းပေးလိုက်သည်။ ထိုသို့ အတွန်းလိုက်တွင် ကျွန်တော်က ဝမ်းလျားထိုးနေရာမှ ပျဉ်ချပ်ကို လက်နှစ်ဖက်ဖြင့်မ၍အသံမမြည်အောင် ရွှေ့ပေးရသည်။ ထိုင်၍ဖေးမယူရလျှင် ဆွဲအားကောင်းသဖြင့် လွယ်ကူမည်ဖြစ်သော်လည်း ကင်းစင်မှ မြင်လွယ်မည်စိုး၍ မထိုင်ဝံ့ပါ။

–၂၈–

ကျွန်တော်ဝမ်းလျားထိုးရာမှ လက်နှစ်ဖက်ကို တောင့်၍ ပျဉ်တုံးကိုမြှောက်ပြီး ထိန်းလိုက်လျှင် အောင်ကြည်က အနည်းငယ်မြှောက်၍ တွန်းလိုက်ရသည်။ စည်းချက်ဝါးချက် ကိုက်အောင် လုပ်ရသည်ဖြစ်ရာ တစ်ခါရွှေကမှ ၆ လက်မခန့်သာသာမျှ ရွှေကပါသည်။ လက်မောင်းများညောင်းပြီး ကိုက်လာမှ ပျဉ်ချပ်အလယ်ဗဟိုသို့ ရောက်လာပါသည်။ အနည်းငယ်ထပ်ရွှေကသောအခါ ပျဉ်ချပ်မှာ ကိုတိုင်းမောင်ဘက်သို့ပို၍ ရှည်လာပြီးလျှင် နိမ့်ဆင်းစပြုလာပါသည်။ ကိုတိုင်းမောင်က ဆီး၍ ထိန်းရန် အသင့်စောင့်နေပါသည်။ ဤကဲ့သို့ မထိန်းလျှင် မြေကြီးသို့ ဒုန်းခနဲအသံမြည်၍ ကျသွားနိုင် စရာအကြောင်းရှိပါသည်။ ကိုတိုင်းမောင်က ပျဉ်ပြားကို ကိုင်မိလျှင် ကျွန်တော်နှင့်

စည်းဝါးချက်ကို ဆက်၍ ဆွဲယူရပြန်သည်။ ထိုအခါတွင်မှ အောင်ကြည်က ကျော်တက်ပြီးလျှင် လက်ရင်းဘက်မှ ပျဉ်စွန်းကို ယူရန် အသင့်ရှိနေရသည်။ တရွေ့ရွေ့ယူရင်း ပျဉ်စွန်းရောက်သောအခါ ကျွန်တော်က ပျဉ်စွန်းကို မယူ၍ အောင်ကြည်အား ပေးလိုက်ရသည်။

ဤသို့အားဖြင့် အုတ်နံရံကိုကျော်ဖြတ်၍ ပျဉ်ချပ်ကြီးသယ်ဆောင်နိုင်ခဲ့ပါတော့သည်။ ကိုတိုင်းမောင်မှာ ကျွန်တော်တို့ကဲ့သို့မဟုတ်ဘဲ ခြေတစ်ဖက်က အားနည်းနေသဖြင့် ပျဉ်ကို ကျွန်တော်နှင့် အောင်ကြည်က ထမ်းယူပြီး သူကရှေ့ကသွားသည်။

ယခုအခါ ကျွန်တော်တို့မှာ ထောင်၏ အင်္ဂါထောင့်ဆီးသို့ ရောက်နေပေပြီ။ သို့သော်လည်း အင်္ဂါထောင့်ရှိ မိန်းမထောင်နံရံကြီး ကွယ်နေသဖြင့် ဗူးဝကင်းများက မမြင်နိုင်သေးချေ။ ထိုဗူးဝ၌ ရဲဘော် ၈ ယောက် သေနတ်ကိုယ်စီဖြင့် ရှိသည်ဟု အတိအကျ သိရပြီးဖြစ်သည်။ ရာဟုထောင့် ကင်းစင်တွင် သေနတ် ၄ လက်၊ စနေထောင့်ကင်းစင်တွင် သေနတ် ၄ လက်၊ စုစုပေါင်း ၁၆ လက်တို့ အကြားမှ လွတ်အောင်ပြေးနေကြရခြင်း ဖြစ်ကြောင်းကို ကောင်းစွာနားလည်ပြီးဖြစ်၍ ဤမျှသတိကြီး စွာ ထားနေကြရခြင်းဖြစ်သည်။

ကျွန်တော်တို့ အပြင်သို့ ထွက်ရမည့်နေရာမှာ တနင်္ဂနွေထောင့်ရှိ ဆေးရုံခန်းနားမှ ကပ်၍ ထွက်ရမည်။ အင်္ဂါထောင့်ဆီမှ တနင်္ဂနွေထောင့်သို့ မည်ကဲ့သို့သွားမည်နည်း။ ဗူးဝနှင့်ဝေးအောင် အတွင်းဘက်မှ ခို၍သွားလျှင် ဗဟိုမျှော်စင်မှ ဝါဒါများက မြင်နိုင်သည်။ ဗူးဝရှေ့မှ ဖြတ်သွားလျှင် လည်း ဒိုင်းခနဲမြည်ပြီး ပုံခနဲ လဲသွားနိုင်သည်။ သုံးယောက်သား အတော်ကြာမျှ ငိုင်နေမိကြသည်။ ၃ နာရီ သံချောင်းခေါက်ပြီး အားလုံးသံပြိုင် ကောင်းလိုက်ကြသော အခါတွင်ကား တွေးနေကြလျှင် သွေးမြေခတော့မည်ဖြစ်ကြောင်း သတိပြုမိကြလေတော့သည်။ နောက်ဆုံးတွင်ကား ဗူးဝအခြေနား



ဆီမှကပ်၍ အရဲစွန့်လျက်ဖြတ်သွားကြမည်။ သေလည်းကံ၊ ရှင်လည်းကံအဖြစ် စွန့်စားကြတော့မည် ဟု အဓိဋ္ဌာန်ပြုလိုက်ကြပါတော့သည်။

အစီအစဉ်မှာ ကျွန်တော်နှင့် အောင်ကြည်က ပျဉ်တုံးကြီးကို ထမ်းထားပြီး အသင့်ရှိနေရမည်။ ကိုတိုင်းမောင်က တစ်ယောက်တည်းရှေ့ကက ပြေးသွားနှင့်မည်။ သူ့ကိုမြင်၍ ပစ်လျှင် ကျွန်တော်တို့က လာလမ်းအတိုင်းပြန်ပြေး၍ အိပ်ထောင်တွင်းသို့ ဝင်ပြီး ဘာမျှမသိသကဲ့သို့နေလျှင်အသက်ဘေးမှ လွတ်နိုင်သည်။ အကယ်၍ ဘာမျှမဖြစ်လျှင် ကျွန်တော်တို့က ပျဉ်တုံးကို ထမ်း၍လိုက်ကြရမည်။ ကျွန်တော်တို့ကျမှ မြင်၍ပစ်လျှင် ကိုတိုင်းမောင်က တစ်ဖက်ကွေ့ပြေး၍ အိပ်ထောင်တွင်းသို့ ပြန်ဝင် မည်။ ဝါဒါများမှာ သေနတ်နှင့် ပစ်သောနေရာကို ဂရုစိုက်နေကြသဖြင့် အိပ်ထောင်ကို ဂရုစိုက်နိုင်ကြ

မည်မဟုတ်ဟု ယူဆကြသည်။ ကျွန်တော်က ရှေကမှ အောင်ကြည်ကနောက်မှ ပျဉ်ချပ်ကြီးကို ထမ်းလျက် အသင့်ရှိနေသည်။ ခြေထောက်၊ လက်မောင်းတစ်ကိုယ်လုံးရှိ ကြွက်သားအစုံအစုံမှာ အသင့်ရှိအောင် တောင့်ထားသဖြင့် ဖျစ်ဖျစ်မြည်လာတော့မည်လားဟုပင် အောက်မေ့ရပါသည်။ ကိုတိုင်းမောင်က ကျွန်တော့အနားသို့လာ၍ လေသံဖြင့်---

"ကဲ ကိုယ့်ရှေကက သွားမယ်။ သေရင်လည်းကိုယ့်ကံပေါ့၊ ငါ့ကိုပစ်ရင် ကြောင်မနေနဲ့၊ တန်းပြီးတော့ အိပ်ထောင်ဆီပြန်ပြေး ကြားလား"

ကျွန်တော်က ခေါင်းညိတ်လိုက်သည်။ အသံမှာ လေသံဖြင့် ပြောသော်လည်း အသက်စွန့်ထားသော လူတစ်ယောက်၏ ရင်တွင်းမှထွက်လာသော အသံဖြစ်သည့်အတိုင်း မာကျော၍ အဓိဋ္ဌာန် အပြည့်ပါနေသည်။ တစ်ဖန် ကျွန်တော့်ကို ပြောပြီးလျှင် နောက်ဖက်မှ ထမ်းနေသော အောင်ကြည်ဆီသို့ သွားပြန်သည်။ ချက်ချင်းလိုလိုပင် ပြန်လာပြီး ကျွန်တော့်လက်ကို ဆွဲလိုက်ကာဖျစ်လျက် ခေတ္တရပ်နားပြီးလျှင် ချာခနဲလှည့်၍ ထွက်သွားပါသည်။ ဗူးဝရှေ့မရောက်မှ မှောင်ရိပ်၌ခိုလျက် ၁၀ စက္ကန့်မျှ အခြေအနေကြည့်ပြီးလျှင် ရိပ်ခနဲဖြတ်ပြေးလိုက်ပါသည်။

ဒိန်းခနဲ ကျွန်တော့်နှလုံးသားမှာလည်း ခုန်တက်လာသည်ဟုပင် ထင်လိုက်မိပါသည်။ သို့သော် လည်းဘာသံမျှ မကြားလိုက်ရဘဲ ဗူးဝတစ်ဖက်အစွန်းရှိ အုတ်နံရံအကွယ်သို့ ရောက်သွားပါသည်။ အုတ်နံရံမှာ အဖြူဖြစ်၍ အင်္ကျီအပြာ ဝတ်ထားသော ကိုတိုင်းမောင်ကို ခပ်မည်းမည်းလှမ်း၍ မြင်နေရ သည်။ အုတ်နံရံထောင့်ချိုးဖြစ်၍ ဗူးပေါ်မှ မမြင်နိုင်တော့ချေ။ ကိုတိုင်းမောင်က လက်ကိုဝှေ့၍ပြ လိုက်သော မြင်းကဲ့သို့ ကြွခနဲဖြစ်ကာ အရှိန်ယူလျက် သွက်သွက်ကြီး ပြေးလေတော့သည်။ အောင်ကြည်ကလည်း အသင့်ဖြစ်နေရာ တစ်ပြိုင်တည်းပြေးလိုက်လာသည်။ ဗူးဝရှေ့တွင် ပြေးနေရ



ချိန်မှာ မြေကြီးနှင့် ခြေထောက်ထိခဲ့လေသလော၊ မထိဘဲ ပြန်တက်လာခဲ့လေသလော ကျွန်တော် မပြောတက်တော့ပါ။ တစ်စက္ကန့်မျှပင် မကြာဘဲ ကိုတိုင်းမောင်ရှိရာသို့ ရောက်လာတော့သည်။

၄ ပုံ ၃ ပုံကိုကား အောင်မြင်ခဲ့လေပြီ။ ယခု အုတ်နံရံတစ်ခုကို ကျော်ပြီးလျှင်ကား နောက်ဆုံး အုတ်နံရံကြီးကိုသာ ကျော်ဖို့ရှိကြတော့သည်။ အတွင်းဘက်မှ အုတ်နံရံကလေးမှာ ယခင်က ဘီကလပ်စ် အကျဉ်းသားများထားရာ အကန့်ဖြစ်၍ ၇ တောင်ခန့်မြင့်မည်ဟု ထင်ပါသည်။ ဘီကလပ်စ် အုတ်နံရံကြီးပေါ်သို့ တက်ကြသည်။ ပျဉ်တုံးကြီးကိုလည်း ယခင်နည်းအတိုင်း သယ်ယူကြရပြန်သည်။ အနောက်မြောက်ကင်းစင်မှ မီးမောင်းမှာ ကျွန်တော်တို့နှင့် တည့်တည့်ကြီး ဖြစ်နေပြန်သည်။ သို့သော်လည်း မတတ်သာတော့ချေ။ မီးရောင်၏ အောက်၌ပင်လျှင် ခပ်သွက်သွက်ကလေး

အလုပ်လုပ်ကြရာ ဘီကလပ်စ်အတွင်းသို့ အားလုံးရောက်သွားကြမှ စိတ်အေးကြရတော့သည်။ ဘီကလပ်စ်အုတ်နံရံမှာ ၇ တောင်ခန့်မျှ မြင့်သည်ဖြစ်ရာ ကျွန်တော်တို့ကို မည်သူမျှ မမြင်နိုင်တော့ပြီ။ သို့သော်လည်း အပြင်အုတ်နံရံကြီးမှာ ၁၀ တောင်ခန့်မြင့်သဖြင့် ထိုအုတ်ရိုးကြီးကို ကျော်လျှင်ကားရာပဟုထောင့်ကင်းစင်မှဖြစ်စေ၊ ဗူးဝကြီးမှဖြစ်စေ သေသေချာချာကြီး မြင်နိုင်သည်။ ထိုအုတ်ရိုးကို ကျော်ပြီးလျှင်ကား အပြင်လောကသို့ ရောက်ပြီဖြစ်သည်။

ကျွန်တော်တို့ အစီအစဉ်အတိုင်း ပျဉ်တုံးကြီးထိပ်တွင် ကြိုးချည်လွှတ်လိုက်ရန် ပြင်ဆင်ကြသည်။ သို့သော် ပြေးရင်းလွှားရင်း ကိုတိုင်းမောင်၏ လွယ်အိတ်လွဲလေသလောဟု လွယ်အိတ်တိုင်းကို အိတ်သွန်ဖာမှောက် ရှာကြသည်မတွေ့။ သုံးယောက်သားမှာ ဗျာများကုန်ကြတော့သည်။ ကိုတိုင်းမောင်က ဘီကလပ်စ်ထဲရောက်မှ ကျသည်ဟုထင်ကြောင်းပြောသဖြင့် ကျလောက်မည့်နေရာကို တာဖွဲ့လျက် လက်ဖြင့်စမ်းကြသည်။ အချိန်သာကုန်၍ မတွေ့ရတော့ချေ။ "အားလုံးကောင်းကြပါသည်ခင်ဗျား" တစ်ခါအော်တိုင်း ကျွန်တော်တို့မှာ အားလုံးကောင်းခဲ့လေသမျှ နောက်ဆုံးမှာ ဇာတ်မျောရလေမည်လော၊ တထိတ်ထိတ်ဖြစ်နေကြတော့သည်။

နောက်ဆုံး ၄ နာရီ သံချောင်းခေါက်ပြီးမှ ကိုတိုင်းမောင်က–

"ဟာ ငါမေ့နေတာပဲ၊ ငါတို့ခြုံအိပ်ဖို့ပေးထားတဲ့ သက္ကလတ်စောင်ကြီးတစ်ထည်ကို လမ်းမှာလိုရမည်ရဆိုပြီး သုတ်လာခဲ့သေးတယ်။ အဲဒါ ၄ ပိုင်းအလျားလိုက်ဆုတ်လိုက်ရင် ကြိုးဖြစ်မှာပဲ"

ကျွန်တော်တို့ အဘယ်မျှ ဝမ်းသာသွားကြသည်ကို ဖော်ပြရန် လိုတော့မည်မထင်ပါ။ အောင်ကြည်ကလည်း ထိုအခါမှ ထ၍ ခုန်လိုက်ပြီးလျှင် ကိုတိုင်းမောင်ဆီပြေးတဲ့၍–––

–၃၁–

"မအေပေး ကုလား၊ မင်းအသုံးမကျလို့ အစစ နောက်ကျကုန်တာ။ ကဲကွာ၊ ကဲကွာ–––"နှင့် ပြောပြီး ဖနောင့်နှင့် နောက်ကျောကို ၄ ချက်လောက် ဆင့်ကာဆင့်ကာ ပေါက်နေပါသည်။ ကိုတိုင်းမောင်ကလည်း ကျိတ်၍ရယ်လျက်–––

"ဟ–––ဟ တော်ပါတော့ဟ၊ တော်ပါတော့၊ အပြင်ကျမှ ဝိုင်းပြီးတီးကြပါ။ အတော်ကြာ ဟိုကောင်တွေကြားကုန်ပါဦးမယ်" ဟုပြောရင်း စောင်ကို ထုတ်ယူနေပါသည်။ အောင်ကြည်တွင် အသင့်ပါလာသော ဓားမြှောင်နှင့်စောင်ကို ဓါးရာပေးပြီး ဆုတ်ကြပါသည်။ ပထမတွင် အသံမမြည်အောင် ဓါးဖြင့်လှီးဖြတ်နေသော်လည်း ခရီးမတွင်လှသဖြင့် လက်နှင့်ဆွဲလျက် ဆုတ်ကြတော့ရာ ဗြိခနဲမြည်သောအသံကြီးမှာ အုတ်နံရံကြောင့် ပိုပြီးကျယ်နေပါသည်။ စောင်ကို ၄ ပိုင်း ဆိုတ်ပြီးနောက်

ဆက်လိုက်ရာ ၁၂ တောင် ၁၃ တောင်ခန့်ရှိသွားပါသည်။ ထိုစောင်ကို ပျဉ်တုံးထိပ် တစ်ဖက်စွန်း၌ နံပြားထုပ်တွင် ချည်လာကြသော လျှော်ကြိုးများဖြင့်တွဲ၍ ကပ်ချည်လိုက်ပါသည်။

ကျန်နေသော ပြဿနာကား အုတ်ရိုးပေါ်တွင် တစ်ခုနှင့်တစ်ခု မေးတင်၍ထားသော အုတ်ခဲများဖြစ်သည်။ ထိုအုတ်ခဲများမှာ အပေါ်မှစ၍ တစ်ခုစီချမှ ဖြစ်မည်။ ရှေ့ဆုံးမှ တက်သောလူက အုတ်ခဲများကို အောက်သို့ပစ်ပေးမည်။ အောက်လူများက မရအရဖမ်း၍ ပုံထားရမည်ဖြစ်သည်။ ခန့်မှန်းခြေ အုတ်ခဲပေါင်း အလုံး ၂၀ ခန့် ချရမည်ဟု မှန်းဆကြသည်။

ရှေ့ဆုံးမှတက်ရန် ကိုတိုင်းမောင်၊ ဒုတိယ ကျွန်တော်၊ နောက်ဆုံးမှ အောင်ကြည်က တက်ရမည်။ ကိုတိုင်းမောင်မှ ခြေတစ်ဖက်အားနည်းသဖြင့် အရေးအကြောင်းရှိလျှင် နောက်လူများက ဖေးနိုင်ကူနိုင်ရန် ဖြစ်သည်။ အောင်ကြည်မူကား တောင့်တင်းသန်မာသူဖြစ်၍ စိုးရိမ်စရာမရှိချေ။

သုံးယောက်သား ပျဉ်တုံးကြီးကို ထောင်လိုက်သည်။ စောင်စကြီး တလန်းလန်းနှင့် ပျဉ်တုံးကြီး ထောင်သွားသည်ကို မီးရောင်အောက်တွင် အထင်းသားမြင်နေရသည်။ ပျဉ်တုံးကို နံရံတွင်မှီလျက် ခပ်စောင်းစောင်းထောင်လိုက်သောအခါ ပျဉ်တုံးကပင် ၂ ထောင်ကျော်ကျော်ခန့်ပိုနေသေးသည်။

ကိုတိုင်းမောင်က ကုန်းကုန်းကုန်းကုန်းနှင့် ပျဉ်တုံးကြီးပေါ်မှ လျှောက်၍ တက်သွားသည်။ ဘီကလပ်စ်အုတ်နံရံထက်မြင့်သွားသောအခါ ကိုတိုင်းမောင်မှာ မီးရောင်အောက်တွင် ထင်ထင်ရှားရှားကြီးဖြစ်နေသည်။ အုတ်ရိုးပေါ်သို့ရောက်သောအခါ အုတ်ရိုးထိပ်၌ ပု၍ဝပ်နေသည်။ ကျွန်တော်တို့က သူပစ်ချလိုက်မည့်အုတ်ခဲများကို ဖမ်းယူရန်အသင့်စောင့်နေသည်။ သို့သော် သူက ပစ်မချချေ။ တကုန်းကုန်း တရှုရှုနှင့်တော့ကားလုပ်နေသည်။ ကျွန်တော်က ခပ်အုပ်အုပ်အသံဖြင့်

"ဟေ့---အုတ်ခဲချလေ၊ ဘာလုပ်နေတာလဲ"



"နေပစေတော့၊ အောက်ကိုမချဘဲ ဖြစ်တယ်"

အုတ်ရိုး၏ အကျယ်မှာ တစ်တောင်ခန့်ရှိရာ အုတ်ချပ်များကို နံရံပေါ်တွင် ဟိုဘက်သည်ဘက် စီပြန်တင်ထားလိုက်ခြင်းဖြင့် ပြီးမြောက်လျက် လူတစ်ယောက်စာ ထွက်ပေါက်ရလာပါသည်။ ထိုအချိန် တွင်စောင်စကြီးမှာ အုတ်နံရံအတွင်းဘက်သို့ တန်းလန်းကျနေဆဲဖြစ်သဖြင့် ကိုတိုင်းမောင်က ရေငင် သကဲ့သို့ ဆွဲယူရပါသေးသည်။ ပြီးမှ အပြင်ဘက်သို့ချလိုက်သည်။ ထို့နောက်ကား စောင်စကို လှမ်း၍ကိုင်လိုက်သည်ကို မြင်ရပြီး ရိပ်ခနဲပျောက်သွားပါသည်။ ဟိုဘက်သို့ လျှောဆင်းသွားလေပြီ။ အကယ်၍ ကျွန်တော်တို့ရှိရာသို့ ထောင်ကြပ်များကြည့်လျှင် သေချာစွာမြင်ကြမည်ဖြစ်သည်။ ဂရု မစိုက်ကြ၍သာဖြစ်သည်။ ၁၅ မိနစ်တစ်ကြိမ် အော်နေသဖြင့်

မအိပ်သည်မှာ သေချာသည်။ သို့သော် အိပ်မှုန်စုံမွှား ထထအော်နေသလောလည်း မပြောတတ်၊ စာဖတ်နေခြင်းလည်း ဖြစ်နိုင်သည်။ မည်သို့ ပင်ဖြစ်စေ ကျွန်တော်တို့၏ ကံကြမ္မာကောင်းနေကြောင်းကား ထင်ရှားနေပေပြီ။

ကျွန်တော်သည်လည်း ဆက်တိုက်တက်လိုက်သွားသည်။ ကြောက်စိတ်ဟူ၍ လုံးဝမရှိတော့ဘဲ ယုံကြည်မှုမှာခိုင်မာလာပါပြီ။ အုတ်ရိုးထိပ်ရောက်မှ ကျွန်တော်က ငုံ့ကြည့်လိုက်ရာ နံရံတွင်ကပ်လျက် မော့ကြည့်နေသော ကိုတိုင်းမောင်ကိုတွေ့သဖြင့်----

"ဒီမှာ ကိုတိုင်းမောင်၊ ကြည့်ကြည့်----တုဗိန်ဖြောင်"ဟု ပြောလျက်ဇတ်လိုက်မင်းသား ဒိုက်ဗင် ထိုးမည့်ဟန်မျိုးလက်ကိုကားပြလိုက်ရာ ကိုတိုင်းမောင်က----

"မြန်မြန်လာစမ်းပါဟ မအေပေးတော့သေတော့မှာပဲ"

ထိုအခါမှ ကျွန်တော်လည်း စောင်စကိုဆွဲ၍ တွဲခနဲခိုလျက် လျှောဆင်းလာခဲ့ပါသည်။ မီးရောင်မှာ အပြင်ဘက်တွင်လည်း ထိန်နေပါသည်။ ချက်ချင်းလိုလိုပင် အောင်ကြည်လည်း လေထီးဆင်းလာသကဲ့သို့ လျှောခနဲကျလာသည်။ အုတ်နံရံနှင့် ပေ ၂၀ ခန့်အကွာတွင် ရင်ခွဲရုံကလေးရှိပါသည်။ ထိုရင်ခွဲရုံသို့ တစ်ယောက်စီ လုစ်ခနဲ လုစ်ခနဲပြေး၍ ကပ်ကြရပါသည်။ ရင်ခွဲရုံ မှောင်ရိပ်မှ တစ်ဆင့် မင်းတုန်းလမ်းမကြီးဘေးရှိ မြောင်းထဲသို့ လိုမ့်၍ ချလိုက်ကြသည်။ ခပ်နိမ့်နိမ့်သစ်ပင် ချုံနွယ်ကလေးများကြောင့် ကျွန်တော်တို့ကို မမြင်နိုင်တော့ပါ။ မြောင်းထဲမှ တစ်ဆင့် မင်းတုန်းလမ်းမကိုဖြတ်လျက် မြောင်းဘက်သို့ ပြေးကြရသည်။

တန်းမြင့်ကျောင်းအရှေ့ဘက် လမ်းကလေးတစ်ခုသို့ ရောက်လျှင် ၄ နာရီခွဲ သံချောင်းခေါက်သံကြားရလျက် သံပြိုင်အော်လိုက်သော "အားလုံးကောင်းကြပါသည်ခင်ဗျား" ကိုကြားရပြန်သည်။ ကျွန်တော်က အသံခပ်ဖွင့်ဖွင် ကလေးဖြင့်----



"အေးဟေ့ အားလုံးကောင်းကြတယ်"

ထောင်ကြီးမှာ ပြန်လည်ဆိတ်ငြိမ်သွားသည်။ ဖြူဖွေးနေသော မီးမောင်းရောင်နှင့် ခပ်မှိုင်းမှိုင်း အုတ်ရိုးတမျှော်တခေါ်ကြီးကိုလည်းကောင်း၊ မသဲမကွဲ ခပ်မည်းမည်းမြင့်ရသော ဗဟိုမျှော်စင်ကြီးကို လည်းကောင်း နောက်ဆုံးအနေဖြင့်ကြည့်ပြီးနောက် ကျွန်တော်တို့ ရဲဘော်အပြေးကလေး ထွက်ခွာခဲ့ ကြရတော့သည်။

မြို့မှအထွက်တွင် အနောက်မြောက်ဘက် ခပ်ယွန်းယွန်းရှိ ဂေါရာကုန်းရွာမှ ကပ်၍ထွက်ကြ ရမည်။ မြောက်ဘက်အရာရှိများနေသော အိမ်တို့၌လည်းကောင်း၊ စစ်တပ်များ ထုထည်နှင့်ရှိနေ

သည်။ မျက်စိလည်၍ တယောင်လည်လည်ဖြစ်နေသောကြောင့် ဂေါ်ရာကုန်းသို့ပင် တော်တော်နှင့် မရောက်နိုင်ပါ။ ၅ နာရီထိုးလုနီးမှ ဂေါ်ရာကုန်းမှဖြတ်၍ မြောက်ဘက်ထွက်ကြရသည်။

အရှေ့ကဆီတွင် ရဲရဲနီ၍ ရောင်ခြည်ပျို့လာပြီ။ ကျွန်တော်တို့သုံးယောက်မှာ ထိုရောင်ခြည် အောက်တွင် တစ်ယောက်မျက်နှာတစ်ယောက် ဖော်မပြနိုင်သော ဝမ်းသာခြင်းမျိုးဖြင့် တစ်လှည့်စီ ကြည့်နေမိကြသည်။ အပြင်လောက၏ လွတ်လပ်သော လေကိုလည်း အားရပါးရ ရှူကြရသည်။ ကိုတိုင်းမောင်က ဝမ်းမြူးထူးသောလေဖြင့်----

"ငါတို့ လွတ်ကြပြီ"

"အေး လွတ်ကြပြီ"

ကျွန်တော်တို့က သံပြိုင်ပြောကြသည်။

ထို့နောက်ကား နောက်မှလိုက်မည့်ရန်သူကို တိမ်းရှောင်ရင်း ရှေ့တွင်ရှိ နေသေးသော ရန်သူ နယ်ပယ်သေနတ်ပြောင်းဝများရှိရာသို့ သုံးယောက်သား ခြေကုန်သုတ်လျက် ပြေးခဲ့ကြပါတော့ သတည်း။

## အတွေ့အာရုံ

**မာန်အောင်ပီယ**

ကျွန်မတို့မင်္ဂလာဆောင်ကို မနက်ဖြန်ပြုလုပ်တော့မည်ဖြစ်သဖြင့် ကျွန်မမှ အထူးပင်ပျော်ရွှင်မိ ပါသည်။ ကိုသန်းအောင်နှင့် ကျွန်မတို့မှာ ၃-၄ နှစ်မျှ သမီးရည်းစားဖြစ်ပြီးမှ လက်ထက်ရမည်ဖြစ် ပါသည်။ ကျွန်မကလည်း သူ့ကိုချစ်၊ သူကလည်း ကျွန်မကို ချစ်ရုံတင်မက လူကြီးမိဘနှစ်ဖက်စလုံး ကလည်း သဘောတူကြပါသည်။ ကျွန်မတို့၏ ဖြူဖြောင့်သောအနာဂတ်ခရီးကို မျှော်မှန်းပြီး ကျွန်မတို့ မှာပျော်ရွှင်ရပါသည်။

ကိုသန်းအောင်နှင့်ကျွန်မ ကျောင်းနေရင်းတွေ့ဆုံကြပါသည်။ သမီးရည်းစားဖြစ်လာပုံ၊ သမီးရည်းစားဘဝဖြစ်ပျက်ပုံတွေကို ပြောရလျှင်တော့ အရှည်ကြီးပင်ဖြစ်ပါသည်။

သည်နောက်တွင်ဖြစ်ပျင်သော ကျွန်မတို့၏ အဖြစ်အပျက်ကိုသာ ပြောပြလိုပါသည်။

ကျွန်မမှာ သတို့သမီး အဝတ်အစားတွေကို စိတ်တိုင်းကျဖြစ်ဖို့ အပ်ချုပ်ဆိုင် တစ်ဆိုင်မှာ ချုပ်ခိုင်းထားပါသည်။ မနက်ဖြန် မင်္ဂလာဆောင်တော့မည်ဖြစ်သဖြင့် ထိုအပ်ချုပ်ဆိုင်တွင် သွားယူပြီး အိမ်သို့ပြန်ခဲ့ပါသည်။ ကျွန်မအိမ်အတွင်းသို့ရောက်လျှင်ရောက်ချင်း ကျွန်မ၏ အမေမှာသွေးမရှိသလို ဖြူဖပ်ဖြူရော်ဖြစ်ပြီး မျက်စိမျက်နှာပျက်နေသည်ကို တွေ့ရှိရပါသည်။ အမင်္ဂလာ တစ်စုံတစ်ခုတော့ ဖြစ်ပြီဟု ကျွန်မစိတ်ထဲက ထင်မိပါသည်။ ကျွန်မသည် အမေ့နားမှာ ဝင်ထိုင်လိုက်ပါသည်။

“မောင်သန်းအောင် ကားမှောက်လို့တဲ့သမီး”

မေမေက ပြောပြပါသည်။ ကျွန်မမှာ ထိပ်မြွေပေါက်သလို ခံစားရပါတော့သည်။ ကမ္ဘာကြီးချာချာလည်သွားပါတော့သည်။

“ဟုတ်လားမေမေ၊ ဟင်---သူ ခုဘယ်မှာလဲမေမေ”

ကျွန်မက စိုးရိမ်တကြီးမေးရပါတော့သည်။

“ခုဆေးရုံရောက်နေတယ်သမီး။ ဒါပေမဲ့ သိပ်အရေးမကြီးဘူး ထင်ပါရဲ့”

ဖေဖေက ကြားဝင်၍ ဖြေပါသည်။ သို့သော်လည်း အသံကတော့ တုန်ယင်၍နေပါသည်။ ဖေ့ဖေ့မျက်နှာလည်း ပျက်နေပါသည်။ ကျွန်မတို့မှာ ချက်ချင်းပင် ဆေးရုံသို့ သွားကြပါသည်။

ကျွန်မတို့ ဆေးရုံသို့ ရောက်သောအခါ ကိုသန်းအောင်မှာ သတိမရတော့ပါ။ မျက်မြင်တွေ့ရှိရသောလူများ ပြောပြချက်အရ ကိုသန်းအောင် ကားမောင်းသွားစဉ် ကလေးတစ်ယောက်က ဘောလုံးကို အလောတကြီးလိုက်ကောက်နေသည်နှင့် ဆုံသဖြင့် ကလေးကို ရှောင်လိုက်ရာတွင်



လမ်းဘေးချောက်ထဲသို့ ကားမှောက်ကျသွားသည်ဟု သိရှိရပါသည်။ ဆရာဝန်က ကိုသန်းအောင်၏ အသက်ကို အတော်ပင်ခဲခဲယဉ်းယဉ်း လုယူရမည်ဖြစ်ကြောင်း ပြောပြပါသည်။

ကျွန်မမှာ ဆထက်တကဲ စိတ်ထိခိုက်မိကာ ငိုယိုမိပါတော့သည်။

ကိုသန်းအောင်မှာ ၃ လခန့်ကြာမှ ဆေးရုံကဆင်းရပါသည်။ သို့သော်လည်း ညာခြေထောက်တစ်ဖက်ကို ပေါင်ရင်းမှ ဖြတ်ခဲ့ရပါသည်။ ကျွန်မတို့ ကံကြမ္မာကားဆိုးရွားလှပါတော့သည်။

ကိုသန်းအောင်သည် ဘီးတပ်ထားသော ကုလားထိုင်တွင် ထိုင်ရင်းအနာဂတ်ကို မျှော်မှန်းတွေးတောနေဟန်ရှိပါ၏။ ကျွန်မကမူ သူ့အနားကြမ်းပြင်ပေါ်တွင် ထိုင်လျက်ရှိပါသည်။

"အေးအေး၊ အေးကို မောင် လက်မထပ်နိုင်တော့ဘူး"

သူက ကျွန်မလက်ကိုကိုင်ရင်းပြောပြီး သက်ပြင်းချ လိုက်ပါသည်။

"ဘာဖြစ်လို့လဲ မောင်"

"အေး မသိဘူးလား၊ အေးမသိဘူးလား"

ကျွန်မသည် ကိုင်ထားသော သူ၏လက်ကိုဖယ်ရင်း မတ်တတ်ရပ်လိုက်ပြီး သူကို ဖက်လိုက်ပါသည်။

"ဘာလို့ ဒီလိုပြောရတာလဲမောင်၊ မောင် ဘာပဲဖြစ်ဖြစ် အေးက မပစ်ပယ်နိုင်ပါဘူး၊ လက်ထပ်ဖို့ကို ကျွန်မတို့ မကြာခင်ဖြစ်အောင် စီစဉ်ရမှာပဲ"

ကျွန်မက လေသံဖြင့် ပြောလိုက်ပါသည်။

"မဖြစ်နိုင်ပါဘူးအေးရေ၊ မဖြစ်နိုင်ပါဘူး။ အေးက မောင့်ကိုချစ်တယ်၊ မောင်ကလည်းအေးကို ချစ်ပေမယ်လို့ မဖြစ်နိုင်ပါဘူး အေးရယ်၊ မဖြစ်နိုင်ပါဘူး"

"မောင်---မောင်ဟာ အေးကိုချစ်ရင် ဒီလိုစကားများမပြောပါနဲ့။ အေးဟာ ပေးခဲ့တဲ့ကတိကို လည်းသယ်တော့မှ ဖျက်တဲ့မိန်းမစားမျိုး မဟုတ်ပါဘူး"

အမှန်အတိုင်းကလည်း ကိုသန်းအောင်အပေါ်မှာ ချစ်သော ကျွန်မ၏ အချစ်စိတ်ကို ဖြေဖျောက်၍ မရနိုင်တော့ပါ။ ကျွန်မက သူ့အား အနားတွင်ကပ်၍ အမြဲတစေ နှစ်သိမ့်ချင်ပါသည်။ ပြုစုယုယချင်ပါသည်။

သို့သော်လည်း ကျွန်မမှာ သူနှင့်လက်ထပ်ရေးအတွက် သူ့တစ်ယောက်တည်းကိုသာ တိုက်ခိုက်ရသည်မဟုတ်ပါ၊ ကျွန်မ မေမေကိုလည်း တိုက်ခိုက်ရပါသေးသည်။

-၃-

"မေမေဟာ မောင်သန်းအောင်ကို သားအရင်းတစ်ယောက်လို ချစ်ပါတယ်။ ဒါပေမဲ့ သမီး တစ်ယောက် တစ်သက်လုံး နစ်နာဆုံးရှုံးမှာကိုတော့ မေမေမကြည့်ရက်ဘူး၊ မေမေ့စကားကို နားထောင်ပါသမီး"

ကျွန်မနှင့် မေမေ နှစ်ယောက်တည်းရှိစဉ် မေမေက ဤသို့သွန်သင်ဆုံးမပါသည်။ သို့သော် လည်း ကိုသန်းအောင်ကို ချစ်သော အချစ်စိတ်ကို ကျွန်မ ဘယ်လိုချေဖျက်နိုင်ပါ့မလဲ။

မေမေ၏ တိုက်တွန်းပြောဆိုချက်အရ ကျွန်မ ဦးဘသိန်းနှင့် သွားရောက်တွေ့ဆုံပါသည်။ ဦးဘသိန်းမှာ အခြားသူမဟုတ်ပါ။ ကျွန်မတို့၏ မိသားစုဆရာဝန်ဖြစ်ပါသည်။ ကျွန်မတို့ အကြောင်း

အတွင်းအပြင် အားလုံးသိပါသည်။ အကြောင်းကြီးငယ်ကိုလည်း သူနှင့် တိုင်ပင်လေ့ရှိပါသည်။ အထူးသဖြင့် ကျန်းမာရေး ကိုယ်ကာယအရေးကို သူနှင့် တိုင်ပင်လေ့ရှိပါသည်။

"အေးအေး နင်ဘာမှ နားလည်မှုမရှိဘူး"

ဒေါက်တာဘသိန်းက ပြောပါသည်။

ကျွန်မ နားလည်မှုမှရိဟု ကိုသန်းအောင်ကလည်း ပြောပြီးခဲ့ပြီ၊ မေမေကလည်း ပြောခဲ့ပြီးပြီ။ ဒေါက်တာဘသိန်းက ယခုတစ်ဖန်ပြောခဲ့ပြီ။ သို့သော်လည်း ကျွန်မ၏ အသည်းနှလုံး၏ ခံစားမှုဝေဒနာကို ကျွန်မဘာသာသိပါ၏။

"နင်ဟာ မောင်သန်းအောင်ကို ချစ်တယ်ဆိုတာငါသိတယ်" ဒေါက်တာဘသိန်းက ဆက်လက်ပြောပါသည်။ "ဒါပေမဲ့ နင့်ရဲ့ခေါင်းဟာ ဝတ္ထုဆန်တဲ့အတွေးအခေါ်တွေနဲ့ပြည့်နှက်နေတယ်။ နင်က နင့်ကိုယ်ကို သစ္စာရှိတယ်၊ အနစ်နာခံတယ်လို့ ယူဆတယ်၊ အဲဒါဟာ သဘောတရားရေမှာဆိုရင် လှပတဲ့ အရုပ်ကားတစ်ချပ်ပဲ။ ဒါပေမဲ့ အဲသလိုတကယ်လုပ်လို့တော့ မဖြစ်နိုင်ဘူး။ ငါ့စကားနားထောင်စမ်း အေးအေး၊ အချစ်ဟာ စိတ်နှင့်ပတ်သက်တဲ့အချစ်၊ ကိုယ်ကာယနဲ့ပတ်သက်တဲ့အချစ်လို့ နှစ်မျိုးရှိတယ်။ စိတ်နှင့် ပက်သက်တဲ့ အချစ်ဟာ ကိုယ်ကာယနဲ့ ပတ်သက်တဲ့အချစ် ပြည့်စုံလုံလောက်မှု၊ ပျော်ရွှင်မှုအတွက် လိုအပ်တာတစ်ခုပါပဲ။ ဒါပေမဲ့ ပျော်ရွှင်ဖွယ်ဖြစ်တဲ့ လက်ထပ်မှုကို ဖန်တီးဖို့အတွက် စိတ်နဲ့ပတ်သက်တဲ့အချစ်ဟာ သူ့တစ်မျိုးတည်းနှင့် မလုံလောက်ဘူး၊ ကိုယ်ကာယနဲ့ ပတ်သက်တဲ့ အချစ်က လိုသေးတယ်။ မောင်သန်းအောင်ဟာ သာမန်ပျော်ရွှင်မှုဘဝကိုတောင်မှ ဘယ်တော့မှ ပေးနိုင်မယ် မဟုတ်ဘူး။ နင်တို့နှစ်ယောက်ကြားမှာ ရုပ်နဲ့ပတ်သက်တဲ့ အချစ်ဟာ ရှိနိုင်လိမ့်မယ် မဟုတ်ဘူး"

"အေး သိပါတယ်ဆရာ။ ဒါ အရေးမကြီးပါဘူး"

-၄-

ကျွန်မက သူ့ကိုပြောပါသည်။

"ဒါအရေးကြီးတယ် အေး၊ တကယ်အရေးကြီးတယ်"

ဒေါက်တာဘသိန်း၏ အသံသည် မာကျောနေပါသည်။ ကျွန်မအား စိတ်ဆိုးသယောင်ဖြစ်နေဟန်ရှိပါ၏။

"အရေးမကြီးဆိုတာက နင့်ရဲ့စိတ်ချမ်းသာခြင်းကို ဖျက်ဆီးမှာပဲ"

ကျွန်မတို့နှစ်ယောက်စလုံး အချိန်အနည်းငယ် တိတ်ဆိတ်နေကြပါသည်။

"စဉ်းစားကြည့်စမ်း အေးအေး၊ အိမ်ထောင်ပြုတာဟာ လိင်နဲ့ပတ်သက်တဲ့ အချစ်တစ်ခုတည်းအတွက်မဟုတ်ဘူးဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အိမ်ထောင်သည်ဘဝမှာ အဲဒီလိင်နဲ့ပတ်သက်

တဲ့အချစ်ဟာ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုလည်းဖြစ်တယ်။ သဘာဝနဲ့ ပတ်သက်တဲ့အစိတ်အပိုင်းတစ်ခုလည်းဖြစ်တယ်။ သဘာဝကောင်တွေဟာ သဘာဝတရားကို လွန်ဆန်နိုင်ဖို့ဆိုတာ ဖြစ်နိုင်ဖို့ ခဲယဉ်းတယ်။ နင်ဟာ ပျိုပျိုရွယ်ရွယ် ကျန်းမာရေးနဲ့ပြည့်စုံတဲ့သာမန် မိန်းကလေးတစ်ယောက်ဖြစ်တယ်။ နင်ဟာ ပထမဆုံး နင့်ရဲကစိတ်ခံစားလိုမှုတွေကို နှိမ်နင်းချင် နှိမ်နင်းနိုင်မယ်၊ ဒါပေမဲ့ နောက်ဆုံးတော့ စိတ်မချမ်းသာတဲ့ မိန်းမတစ်ယောက်ဖြစ်လာရတော့မှာပဲ။ ပြီးတော့ အခြားတစ်ယောက်ဆီသို့ စိတ်လည်ရမှာပဲ။ နောက်ပြီး မောင်သန်းအောင်ကို စိတ်ထိခိုက်အောင် လုပ်ရမှာကတော့ မလွဲမရှောင်သာဖြစ်ရမှာပဲ”

ဒေါက်တာဘသိန်း၏ စကားကိုကြားနေရစဉ် ကျွန်မသည် မျက်ရည်များ ကျမလာရအောင် အောင့်အည်းနေရပါ၏။

“ကျွန်မ ကိုသန်းအောင်ကို လက်ထပ်မှာပဲ။ ကျွန်မ အမြဲတမ်းသူ့ကိုချစ်တယ်။ သူ့အပေါ်မှာ ကျွန်မ သစ္စာရှိရမယ်”

စကားခွန်းများသည် ကျွန်မ၏ အသည်းနှလုံးထဲမှ ဖြောင့်တန်းစွာ ထွက်လာခဲ့ပါသည်။

ကိုသန်းအောင်ကိုချစ်သော ကျွန်မ၏အချစ်မှာ ဖြေဖျောက်၍ ဘယ်နည်းနှင့်မျှ ရနိုင်လိမ့်မည် မဟုတ်ဟု ကျွန်မထင်ပါသည်။ ကျွန်မချစ်နေသော ကိုယ်သန်းအောင်၏ နေရာတွင် တစ်စုံတစ်ယောက်အား အစားထိုး၍လည်းမရနိုင်ပါ။ သို့နှင့်ကျွန်မ ကိုသန်းအောင်ကို လက်ထပ်လိုက်ပါသည်။ လက်ထပ်ပြီးလျှင်ပင် ကျွန်မမှာ အိမ်ထောင်၏ စီးပွားရေးအတွက် ခေါင်းဆောင်ရပါတော့သည်။ သို့သော်လည်း နေရေး၊ ထိုင်ရေး၊ ဝတ်ဆင်စားသောက်ရေးများအတွက်များစွာ ခက်ခဲမှုမရှိလှပါ။

-၅-

ကျွန်မမှာ ခေတ်ပညာကို အထက်တန်းထိအောင် သင်ကြားဖူးသူတစ်ဦးဖြစ်သည့်အလျောက် ကုမ္ပဏီတိုက်တစ်တိုက်တွင် စာရေးမအဖြစ်ဝင်ရောက်လုပ်ကိုင်ရပါတော့သည်။

ပျိုရွယ်သော မိန်းကလေးတိုင်း အိမ်ထောင်ခြင်းကို မျှော်လင့်ကြမည်ဖြစ်ပါသည်။ သို့သော်လည်း ကျွန်မမှာ အခြားမိန်းကလေးများ မျှော်လင့်ချက်မျိုးဖြင့် အိမ်ထောင်ကျလာရခြင်းမဟုတ်ပါ။ ကျွန်မသည် အလုပ်ကို စိတ်အားထက်သန်စွာ ကြိုးစားဆောင်ရွက်ပါသည်။ အလုပ်၌စိတ်ဝင်စားခြင်းသည်ပင် ကျွန်မအဖို့ စိတ်သက်သာတည်ငြိမ်မှုဖြစ်စေပါသည်။ ကိုသန်းအောင်ကို ပြုစုယုယမှုသည်လည်း ကျွန်မအဖို့ စိတ်ချမ်းသာစရာတစ်ခုဟု ကျွန်မကိုယ်ကို နှစ်သိမ့်ရပါသည်။

“ဒီလိုနေရတာ ပျော်ရဲ့လား အေး” ဟု ကိုသန်းအောင်က မကြာမကြာမေးလေ့ရှိပါသည်။ “ပျော်ပါတယ် မောင်ရယ်” ဟု ကျွန်မက ပြန်ပြောလေ့ရှိပါသည်။ သို့သော် အမှတ်တကယ်တော့ ဤလိုနှစ်ရှည်လများ မသွားမလာနိုင်သော ခင်ပွန်းသည်နှင့် နေရသည်မှာ ငြီးငွေ့သလိုလိုရှိပါသည်။

ကျွန်မတို့ လက်ထပ်၍ ၄ နှစ်ခန့်ကြာသောအခါ ကိုသန်းအောင်မှာ ကျောရိုးကို ခွဲစိတ်ရပြန်ပါသည်။ တနင်္ဂနွေ နှစ်ပတ်လုံးလုံး ကိုသန်းအောင် အရေးတကြီး အခြေတွင်ရှိပါတော့သည်။ ခွဲစိတ်ကုသပြီးသောအခါတွင်လည်း ကိုသန်းအောင်မှာ နာလန်မထူနိုင်သဖြင့် စိတ်ပျက်စရာပင် ဖြစ်ပါတော့သည်။

ခွဲစိတ်ကုသရတော့ ရောဂါမှာ အချိန်ကာလအတော်ကြာသောအခါ ပျောက်ကင်းသွားပြီဖြစ်သော်လည်း ကိုသန်းအောင်၏ စိတ်မှာ ရွှင်ပျဟန်မရှိပါ။

“အေးအေး မောင်နဲ့ နေရတာ အေးကို မောင်ကဒုက္ခအမြဲတမ်း ပေးနေရတာနဲ့တူနေပြီကွယ်” ဟု ကိုသန်းအောင်က ပြောပါသည်။ သို့သော်လည်း ကျွန်မက “အို ဒါတွေကို ပြောမနေပါနဲ့၊ ကျွန်မ စိတ်ကျေနပ်ရင်ပြီးတာပဲ” ဟုသူ့စိတ်မှ ချမ်းသာစေတော့ဟု ပြန်ပြောရပါသည်။

သို့သော်လည်း ကိုသန်းအောင်မှာ ကျွန်မနှင့် နေချင်စိတ်မရှိသလိုပင် အပြုအမူမျိုးကို တွေ့ရှိရပါသည်။ ကျွန်မအပေါ်မှာ သူက ဒုက္ခပေးနေသည်ဟု သူအမြဲတမ်းတွေးတောဟန် တူပါသည်။

ကုမ္ပဏီပိုင်ရှင်၏ မိန်းမ ဒေါ်ခင်ကြီးနှင့် ကျွန်မမှာ တစ်နေ့တွင် စကားလက်ဆုံကျ၍ ဟိုရောက်ဒီရောက် စကားမျိုးစုံပြောကြပါသည်။ ဒေါ်ခင်ကြီးနှင့် ကျွန်မမှာ ယခုမှ ခင်မင်ကြသည် တော့မဟုတ်ပါ။ ဤကုမ္ပဏီသို့ ဝင်ရောက်အလုပ်လုပ်စ အခါကပင် ဖြစ်ပါသည်။

“အေးအေးကိုကြည့်ရတာ မပျော်သလိုပါဘဲ။ ဘာကြောင့် အေးမပျော်ဘူးဆိုတာကို အစ်မကြီး သိပါတယ်။ အေး မငြင်းပါနဲ့။ အိမ်ထောင်ရေးအတွက်ပဲ မဟုတ်လား။ အဲသလို မသန်းမစွမ်းတဲ့ ဒုက္ခိ



တတစ်ယောက်နဲ့နေရတာ ဘယ်မှာပျော်နိုင်မှာလဲ။ အေး စဉ်းစားကြည့်၊ အေးဟာ လူလုပ်ဖို့ ရှေ့ကို အများကြီးရှိသေးတယ်။ အေးဘဝ အေးအဆုံးခံတော့မှာလား။ မောင်လှကြိုင်လို လူတစ်ယောက်နဲ့ ဆိုရင်အေး စိတ်ချမ်းသာလိမ့်မယ်ဆိုတာကိုတော့ ဗေဒင်မေးမနေနဲ့တော့။ ဘယ်လိုလဲ စဉ်းစားကြည့်စမ်း၊ မောင်လှကြိုင်ဟာ လူချောလူလှ လူတော်လူကောင်းပဲ”

ဒေါ်ခင်ကြီးက ပြောလိုက်သောစကားများမှာ စေတနာနှင့်လား၊ ဝေဒနာနှင့်လား ဆိုသည်ကို ဖြင့် ကျွန်မ မဝေခွဲနိုင်ပါ။

ကိုလှကြိုင်မှာ အခြားကုမ္ပဏီတိုက်တစ်တိုက်မှ လက်ထောက်မန်နေဂျာ တစ်ယောက် ဖြစ်ပါသည်။ သို့သော်လည်း အလုပ်ကိစ္စကြောင့် မကြာမကြာကျွန်မတို့၏ အလုပ်တိုက်သို့

ရောက်ပါသည်။ ဒေါ်ခင်ကြီးနှင့် ဆွေမျိုးတော်သည်ဟု သိရှိရပါသည်။ ကိုလှကြိုင်မှာ အသက် ၂၉ နှစ်ရှိပြီဟု ဒေါ်ခင်ကြီး ပြောပါသည်။ ကျွန်မထက် ၅ နှစ်ကြီးပါသည်။ အရပ်မတိုမရှည်၊ မပိန်မဝ၊ ရုပ်အသင့် အတင့်ရှိသဖြင့် ကြည့်ပျော်ရှုပျော်ရှိပါသည်။ ဖော်ဖော်ရွေရွေ စကားပြောတတ်ပါသည်။ အမြဲတမ်း အပြုံးရှိသူလည်းဖြစ်ပါသည်။

တစ်နေ့တွင် ကိုလှကြိုင်သည် ကျွန်မဆီလာ၍ စကားစမြည် ပြောပါသည်။ “နေကောင်းရဲ့လား”ဟူသောသူ၏အမေးကို “ကျွန်မတော့နေကောင်းပါတယ်ရှင်၊ အိမ်ကလူကသာ တဖြည်းဖြည်း ပိုအားနည်းလာသလိုပဲ” ဟု ကျွန်မကပြောမိပါသည်။

“အင်း---သူ့အတွက်သိပ်ခက်တာပဲ။ အေးအေးအတွက်လည်း ပိုခက်တာပဲ။ အေးရဲ့ ဘဝဟာ ငရဲဘဝလို့ ကျွန်တော် ထင်တယ်”

ကိုလှကြိုင်၏ အပြောမှာ ကျွန်မအား အပြစ်တင်သော အပြောဟု ကျွန်မနားလည်ပါတယ်။

“ဒုက္ခပါပဲရှင်၊ ဒါပေမဲ့ကျွန်မက သူ့ကိုချစ်တာကိုး”

ကျွန်မ ပြန်ပြောပါသည်။

“ဒါပေမဲ့ အေးအေးက ဒီလိုအချစ်မျိုးနဲ့ တစ်သက်လုံး ကျေနပ်သွားနိုင်မှာလား”

ကိုလှကြိုင်သည် ကျွန်မနှင့် စကားစမြည်ပြောပြီးပြန်သွားပါသည်။ သို့သော်လည်း သူပြောခဲ့သောဒီလိုအချစ်မျိုးနဲ့ တစ်သက်လုံး ကျေနပ်သွားနိုင်မှာလားဟူသော စကားခွန်းများသည် ကျွန်မအား ခြောက်လှန့်လျက်ရှိပါသည်။ ကျွန်မသည် အိမ်ရောက်သည့်တိုင် စိတ်ရှုပ်ထွေးလျက်ရှိပါ၏။ ပျော်လည်းမပျော်နိုင်ပါ။ ကိုသန်းအောင်ကိုမူ တကယ်ပင် ချစ်လျက်ရှိပါသေး၏။ ကိုသန်းအောင်အား ဒုက္ခိတတစ်ယောက်ဖြစ်သော်လည်း သူနှင့်လက်ထပ်ခြင်းဆီသို့ ဆောင်ကြဉ်းနိုင်ခဲ့၏။ ကိုသန်းအောင်



အားကျွန်မ ချစ်ခြင်းသည် ငြိုငြင်မှုမရှိ။ သို့သော်လည်း ကျွန်မ ငယ်ရွယ်သေး၏။ တစ်သက်လုံး ဤဘဝလိုမျိုးဖြင့် နေသွားနိုင်မည်လား။ ကျွန်မသည် ထွေရာလေးပါး စဉ်းစားကြည့်၏။ ထိုနေ့ည ကျွန်မအိပ်သောအခါ အိပ်မက်ထဲမှာ မြင်မက်သော မျက်နှာကတော့ ကိုသန်းအောင်၏ မျက်နှာ မဟုတ်ပါ။

ကိုလှကြိုင်သည် ကျွန်မ၏ဘဝကို စိတ်ဝင်စားဟန်ရှိပါသည်။ သူသည် မိတ်ဆွေအရင်းအချာ တစ်ယောက်၏ အသွင်အပြင်မျိုးကို ပြလေ့ရှိသည်။ သို့သော်လည်း သူကျွန်မကို ချစ်နေကြောင်း ကျွန်မသိပါသည်။ ပြီးတော့ ကျွန်မက သူ့ကို ချစ်နေသည်ကိုလည်း ကျွန်မသိပါသည်။

ကိုသန်းအောင်မှာမူ အချိန်ရှိတိုင်း သူ၏ဘီတပ်ကုလားထိုင်ပေါ်မှာ ငုတ်တုတ်ထိုင်၍ချည်း နေရတော့သည်။ သူသည် ကျွန်မ၏ အချစ်ကို အမြဲတမ်းခံယူလိုပေမည်။ သို့သော်လည်း သူက

ချစ်သည်၏အဖြစ်ကိုလည်းကောင်း၊ ကျွန်မက ချစ်သည်ကို သူက ကျေးဇူးတင်ကြောင်းကိုလည်းကောင်း အနည်းငယ်မျှ ဖော်မပြပါ။ သူ၏ ဝေဒနာခံစားရမှု၊ တစ်ကိုယ်တည်းနေရမှုအတွက် ကျွန်မ စိတ်မချမ်းသာနိုင်ပါ။ ကျွန်မသည် သူ၏အနားမှာ ဒူးထောက်ထိုင်ပြီး ကျွန်မ လက်နှင့် ပွေ့ဖက်ပြီး "မောင်---မောင့်ကို အေးချစ်ပါတယ်" ဟုတိုးတိုးပြောလေ့ရှိပါသည်။

သို့သော်လည်း ကျွန်မ ကိုလှကြိုင်နှင့် မကြာမကြာတွေ့ဆုံရ၍ ကိုလှကြိုင်အားသာ စိတ်ဝင်စားလျက်ရှိပါတော့သည်။ ထိုသို့ဖြစ်နေရသည်မှာ ကိုသန်းအောင်အား လှည့်စားသည်နှင့်သာ တူနေတော့၏။ ထို့ကြောင့်ပင် ကိုလှကြိုင်အား ကျွန်မဆီသို့ လာမခေါ်ရန် တားမြစ်လိုက်မိပါသည်။ သူက "ဘာကြောင့် မလာရမှာလဲ" ဟုပြန်မေးပါသည်။

"ကိုလှကြိုင်သိတဲ့အတိုင်းပဲ၊ ဒါဟာကိုသန်းအောင်အတွက်မကောင်းပါဘူး"

ကျွန်မက ပြန်ပြောလိုက်ပါသည်။

ကိုလှကြိုင်သည် သူ၏ကားကို လမ်းကြားတစ်ခုတွင်ရပ်လိုက်ပါသည်။ ကျွန်မတို့စကားပြောနေ ကြသည်မှာ ဆောင်းတွင်းညနေချမ်းအချိန်ဖြစ်ပါသည်။

"ပြောစမ်းပါအေး၊ အေးဟာ တကယ်ပဲ ကိုသန်းအောင်အပေါ်မှာ ဒါလောက်တောင် ကြင်နာနေတာလား" ဟုသူကမေးပါသည်။

ထိုအမေးမှာ ကျွန်မအား ရုတ်တရက် မျက်ရည်ကျစေပါတော့သည်။ စိတ်မချမ်းသာခြင်း ဖြစ်ရပြန်ပါတော့သည်။

"ကျွန်မ သူ့အတွက်သိပ်ဝမ်းနည်းတာပဲ"



ကျွန်မက တိုးတိုးပြောလိုက်ပါသည်။

ကိုလှကြိုင်သည် ကျွန်မအား ရုတ်တရက် ကိုင်လိုက်ပြီး ကျွန်မ၏ တစ်ကိုယ်လုံး လှုပ်ရှားအောင်ရှိုက်ကြီးတငင်ဖြစ်ခြင်းကို ငြိမ်းအေးစေရန် ကြိုးစားပါသည်။

"အေးဟာ သူ့အတွက် ဝမ်းနည်းမယ်ဆိုရင်လည်း ဝမ်းနည်းစရာပါပဲ။ ဒါပေမဲ့ အေးဟာ တစ်သက်လုံး ဒီလိုချည်း နေမသွားနိုင်ပါဘူး။ ထိတ်ပါတော့ အေးရာ။ ကိုလှကြိုင်စကား နားထောင်စမ်းပါဦး။ အေးကိုယ်သိပ်ချစ်တာပဲသိလား"

ကိုလှကြိုင်သည် ပထမအကြိမ် ညင်သာစွာ မွှေးမွှေးပေးပါသည်။

သူ့အား ကျွန်မ တွယ်ဖက်ထားမိစဉ်မှာပင် ကျွန်မ၏ လက်ထက်ခြင်း၌ လွယ်ကူစွာ ကျိုးပျက်နိုင်သော သံယောဇဉ် အနှောင်အဖွဲ့ကို နောက်ဆုံးချိုးဖျက်လိုက်ပြီဆိုတာ ကျွန်မ သိပါသည်။

"အေး ကိုလှကြိုင်ကို ချစ်ပါတယ်။ ဒါပေမဲ့ အေးဟာ ကိုသန်းအောင်ကို မခွဲနိုင်ဘူး" ဟု ကျွန်မပြောရပါသည်။

"အေး"

ကိုလှကြိုင်၏ အသံသည် ညင်သာပါသည်။ သို့သော် မြဲမြံသည်။ "ကိုသန်းအောင်အပေါ်မှာ လုပ်ရမယ့် တာဝန်ဝတ္တရားတွေကို အေးနှစ်ပေါင်းများစွာ လုပ်ခဲ့ပြီးပြီ။ ဒါပေမဲ့ ခုအချိန်ကတော့ သူနဲ့ ခွဲရမယ့်အချိန်ပဲ။ ကိုယ်တို့ရဲ့အကြောင်းကို သူသိခဲ့ရင် သူဟာ အေးရဲ့ကပျော်ရွှင်ခြင်းလမ်း ပေါ်မှာ ရပ်တည်နေနိုင်လိမ့်မယ်မဟုတ်ဘူးဆိုတာ ကိုလှကြိုင် ကျိန်းသေသိပါတယ်"

"ဒါဟာ အမှန်ပါပဲ ကိုလှကြိုင်"

ကျွန်မက နှောင့်နှေးစွာ ပြန်ပြောပါသည်။ "သူဟာအေးကို ခွင့်ပြုမှာပါပဲ။ ဒါပေမဲ့ သူ့အတွက် ပူပန်မှုကို အေးမရပ်တန့်နိုင်ဘူး"

"အေးဟာ လွတ်လပ်ခွင့်ကို မရနိုင်ခဲ့ဘူးတိုတာကို လှကြိုင်သိပါတယ်"

ကိုလှကြိုင်က ပြောပါသည်။ ကျွန်မကလည်း ခေါင်းညိတ်ပါသည်။ သို့သော် ကျွန်မ၏ အသည်းနှလုံးထဲမှာတော့ ကိုသန်းအောင်အတွက် ဘယ်လောက်ပဲဒုက္ခခံရပါစေ၊ အရေးမကြီးဟု ထင်မှတ်ပါသည်။ သူ့အား ခွဲခွာနိုင်ပါ့မလားဟုလည်း တွေးတောမိပါသည်။

နောက်နေ့များ၌ ကျွန်မ၏ ကိုယ်တွင်း၌ ကြေမွလျက်ရှိ၏။ ကိုလှကြိုင်အား ကျွန်မ ချစ်ခြင်းဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရသလို တစ်ချိန်တည်း၌ပင် ထိုအတွက် မျှော်လင့်ချက် ကင်းမဲ့ခြင်းဖြင့် စိတ်မချမ်းမသာ ဖြစ်ရပြန်ပါသည်။

–၉–

ကိုလှကြိုင်အား ချစ်ရခြင်း၊ ကိုသန်းအောင်အတွက် စိတ်မချမ်းမသာဖြစ်ရခြင်းဟူသော ချိုခါးသော အချိန်ကာလသည် ရောထွေးလျက်ပင် ရှိပါတော့သည်။

ကျွန်မသည် ဖြေမဆည်နိုင်၍ ငိုယိုမိသောအခါများ၌ ကိုလှကြိုင်သည် ကျွန်မ၏ လက်ချောင်း ကလေးများကို ဆွဲယူဖျစ်ညှစ်ပြီး နှစ်သိမ့်လေ့ရှိ၏။

"အေး အချစ်၊ မောင်တို့ရဲ့ ပြဿနာကို ဖြေရှင်းနိုင်တဲ့နည်းလမ်းဟာ မရှိတော့ပါဘူး။ ဘာကြောင့်လဲဆိုရင် အေးဟာ အင်မတန်ချောတယ်၊ အင်မတန်လှတယ်၊ အင်မတန် သဘောကောင်း တယ်။ မောင့်မှာ အခြားနည်းလမ်းမရှိတော့ဘူးအေး" စသည်ဖြင့် ကိုလှကြိုင်က ပြောဆိုလေ့ရှိ၏။

ကျွန်မနှင့်ကိုလှကြိုင်မှာ ကားနှင့်လျှောက်၍ လည်ပတ်သောအခါလည်း လည်ပတ်ခဲ့၏။ ပျော်ပွဲစားရုံများသို့လည်း သွားရောက်စားသောက်ခဲ့ကြ၏။ တိတ်ဆိတ်သော နေရာများတွင်လည်း တွေ့ဆုံစကားပြောကြ၏။ ကိုလှကြိုင်သည် လေးလေးနက်နက် ချစ်သူတစ်ယောက် ဖြစ်ကြောင်းကို

လည်းသိရှိရပါသည်။ သို့သော်လည်း ကိုသန်းအောင်ကို ကျွန်မ အသည်းနှလုံးထဲမှ ထုတ်ပယ်၍ မရနိုင်ပါ။ သူ့ကို သစ္စာမဖောက်နိုင်ပါ။ သို့ဖြစ်သဖြင့် ကိုလှကြိုင်နှင့် ကျွန်မတို့ တွေ့ဆုံ၍ ပျော်ရွှင်ခြင်း အပေါ်မှာ အရိပ်ထင်ဟပ်လျက် ရှိပါတော့သည်။

အချိန်ရွေ့လျောသည်နှင့်အမျှ ကျွန်မ၏ လှည့်ပတ်မှုမှာ တဖြည်းဖြည်းပိုမိုပေါက်ပွားလျက် လာပါသည်။ အပေါင်းအဖော်များနှင့် ရုပ်ရှင်ပွဲလမ်းသွားသလို၊ အလှူအတန်းသွားသလို ဟန်ဆောင်လာရပတော့သည်။ ကိုလှကြိုင်နှင့် တွေ့ဆုံရသော အဖိုးတန်အချိန်ကလေးကို အသုံးပြုရန်အတွက်ပင် ဖြစ်ပါသည်။ ကျွန်မ၏ အသည်းနှလုံးသည် ကိုသန်းအောင်အတွက် ခံပြင်းစရာများဖြင့် ပြည့်နှက်လျက်ရှိပါတော့သည်။ ကျွန်မသည် ကျွန်မကိုယ် ကျွန်မ မုန်းတီးလျက်ပင် ရှိပါတော့သည်။ ကျွန်မ လက်ထပ်မှုအတွက် ဝမ်းနည်းကြေကွဲလျက်ပင် ရှိပါတော့သည်။

"အေးတော့ စိတ်ပျက်ပါပြီ"

ကျွန်မသည် ဦးဘသိန်းအား ပြောပြလိုက်ပါသည်။ ဒေါက်တာသည် ကျွန်မနှင့် မျက်နှာချင်းဆိုင် ထိုင်နေသည်။ ရုတ်တရက် သူသည် ခေါင်းကိုမော့ပြီး ကျွန်မကို ကြည့်ပါသည်။

"ဒီလိုဆိုရင် စိတ်ပျက်စရာအကြောင်း ရှိရမှာပေါ့ မဟုတ်ဘူးလား အေးအေး"

သူသည် ဖြည်းဆေးညင်သာစွာ မေးပါသည်။

ကျွန်မ၏ မျက်နှာပေါ်မှ အပူရောင်လွှမ်းသွားသည်ကို ခံစားလိုက်ရ၏။ ကျွန်မသည် သူ့စကား ကြောင့် မနေတတ်မထိုင်တတ်ဖြစ်၍ အခန်းထဲမှ ထွက်ပြေးချင်စိတ် ပေါက်လာပါသည်။ သို့ရာတွင်



သူ၏စကားသည် မေးခွန်းတစ်ခု ဖြစ်ရုံသာမဟုတ် မှန်ကန်သောအကြောင်းအရာ တစ်ခုကို ဖော်ပြသောစကားဖြစ်၍ အသာလေးငြိမ်နေရပါသည်။ သူသည် ကျွန်မ၏ အဖြေကိုပင် မစောင့်တော့ဘဲ စကားဆက်နေပြန်ပါသည်။

"မေးသင့်တဲ့ မေးခွန်းတစ်ခုပဲ မဟုတ်လား အေးအေး၊ အဖြစ်အပျက်ကလည်း ဖြစ်ပျက်ချိန်တန်လာပါပြီ"

"ကိုသန်းအောင်အကြောင်း ပြောရမှာ အေးမှာ အပြစ်ရှိတယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ အေး မပြောဘဲလည်းမနေနိုင်ဘူး"

ကျွန်မသည် ဦးဘသိန်းအား စိတ်ပျက်စွာပင် ပြောလိုက်ပါသည်။

"တယ်ခက်တဲ့ ကလေးမပဲ။ ပြောမှာသာ ပြောပါ"

ဒေါ်တာသည် ကျွန်မသည် ဦးဘသိန်းအား အဖြစ်အပျက်များကို ဇတ်စုံခင်းလိုက်ရပါတော့သည်။

"အေးတို့ရဲ့ အဖြစ်အပျက်ကတော့ ဒါပါပဲ။ ဆရာကသာ အေးကို လမ်းမှန်ညွှန်ပြပြောဆိုပါ။ ကိုသန်းအောင်ကို အေး လင်အဖြစ်က စွန့်ပယ်လိုက်ရင် ကိုသန်းအောင်ဟာ အေးအတွက်နဲ့ သေသွားမယ်လို့ ဆရာထင်သလား ဆရာ"

ကျွန်မ၏ အသည်းနှလုံးသည် တုန်ယင်နေပါသည်။ ကျွန်မသည် ဦးဘသိန်း၏ အဖြေကိုသာ စောင့်စားနေပါသည်။ အတန်ကြာတော့ ဆရာက–

"သန်းအောင် မသေဘူး–––မသေဘူး၊ သေမှာက နင်သေမှာ၊ သန်းအောင်ကို စွန့်ခွာရင် နင်မသေတောင် နင်မျှော်မှန်းထားတဲ့ သာယာပျော်ရွှင်မှုတွေဟာ အားလုံးပျက်စီးဆုံးရှုံးကုန်မှာပဲ"

ဒေါက်တာဘသိန်းသည် သူ၏ ကုလားထိုင်နောက်သို့ဆုတ်၍ ရှုတ်တရက်ထပြီး ကျွန်မနံဘေး မှာရပ်လိုက်ပါသည်။

"အေးအေး သန်းအောင်နဲ့ ခွဲခွာရမှာကို ငါအစကတည်းက သိခဲ့တယ်။ တခြားမိန်းကလေးဆိုရင် ကိုယ့်အကျိုးကို မြော်မြင်ပြီး လင်သားကို စွန့်ခွာဖို့အကြံပေးရင်စွန့်ခွာမှာပဲ။ ဒါပေမဲ့ နင်ကတော့ ဒီပြင်မိန်းကလေးတွေနဲ့ မတူဘူး၊ နင်ဟာ သန်းအောင်ကို ချစ်နေတုန်းပဲ ရှိသေးတယ်။ ဒါပေမဲ့ နင်တို့အချစ်မှာ ကိုယ်ကာယ အချစ်ဆိုတာ လုံးဝမရှိဘူး"

ဆရာသည် စကားပြောပြီး ထိုင်လိုက်ပြန်ပါသည်။ သူသည်စိတ်အားထက်သန်စွာနှင့် ဆက်ပြောပြန်၏။

–၁၁–

"နင့်ကို ငါကူညီချင်တယ်။ နင်စိတ်ချမ်းသာသွားစေဖို့ ငါနည်းလမ်းပေးချင်တယ်။ ဒါပေမဲ့ နင့် ကိုယ်နင်ဒုက္ခခံရမယ်။ ဒီလို ဒုက္ခခံမှသာ နောက်ဆုံး နင်စိတ်ချမ်းသာမှုနဲ့ ပြည့်စုံလိမ့်မယ်။ အဲ့ဒီနည်း လမ်းကတော့ သန်းအောင်ကို စွန့်ခွာရမယ်။ ဒီလိုစွန့်ခွာလို့ နင်စိတ်မချမ်းသာ သောကရောက်လိမ့် မယ်လို့ နင်ထင်တယ်။ ဒါပေမဲ့ ဒီစိတ်မချမ်းသာမှုဟာ နင်သူနဲ့ မခွဲခင်သာပါ။ သူနဲ့ခွဲခွာပြီးတဲ့အခါ ကျတော့ နင်ဟာအခုထက်ပို စိတ်ချမ်းသာလာလိမ့်မယ်။ လွယ်ကူတဲ့လမ်းကို ရှောင်ပြီး ခက်ခဲတဲ့လမ်း ကိုနင်ယူစေချင်တယ်။ ဘာကြောင့်လဲဆိုရင် ခက်ခဲတဲ့လမ်းခရီးအဆုံးမှာ နင့်အတွက် အကောင်းတွေ ရှိလိမ့်မယ်။ ပျော်ရွှင်မယ့်လမ်းကို ရှာစေချင်တယ်။ ကဲ ဒါပါပဲ၊ နောက်တစ်ခါ ငါနဲ့လာတွေ့ပါဦး။ ငါ ကူညီနိုင်သလောက် ကူညီမယ်"

စကားပြောပြီး ဦးဘသိန်းသည် ကျွန်မနှင့်အတူ တံခါးဆီသို့ လျှောက်ခဲ့ပါသည်။ ကျွန်မသည် သူ၏မျက်နှာကို ကျေနပ်သောဟန်ဖြင့် ကြည့်လိုက်ပြီး "ဆရာ ကျွန်မကို ကူညီတာ ကျေးဇူးတင်ပါတယ်" ဟုပြောပြီး သူ့အပါးမှ မကြည်သာသော နှလုံးဖြင့် ကျွန်မထွက်ခဲ့ပါသည်။

ကျွန်မသည် ကိုသန်းအောင်နှင့် ဘဝသစ်တစ်ခု တည်ဆောက်ရန် မျှော်မှန်းခဲ့သည်။ သို့ရာတွင် ကျွန်မသည် ကိုလှကြိုင်မရှိဘဲနှင့် မနေနိုင်အောင်ဖြစ်နေသည်။ သို့သော်လည်း ဆရာဝန်ဦးဘသိန်းနှင့် တွေ့ပြီးနောက်ရက်များမကြာမီ ဤအကြိမ်သည် နောက်ဆုံးအကြိမ်ပဲဟု ရည်ရွယ်ပြီး ကိုလှကြိုင်နှင့်အတူ လမ်းထွက်ခဲ့ပါသည်။ ကိုလှကြိုင်သည် ပျော်ရွှင်ချမ်းမြေ့နေပြီး သူ့အတွက် မကောင်းသတင်းတစ်ခု ကြားရလိမ့်မည်ကို တွေးတောဟန်မတူပါ။ တစ်ညနေလုံး ကျွန်မသည် သူ့အားပြောရမည့်စကားအတွက် ပြောကွက်ကိုသာ ရှာကြံနေမိသည်။ သို့နှင့်ပင် ဘယ်လိုပြော ရမည်ကိုကားပေါ်၌ စဉ်းစားရင်းလိုက်ပါလာခဲ့ပါသည်။ လမ်းခရီးတစ်ဝက်တွင် ကျွန်မသည် ကိုလှကြိုင်အား ကားကို တစ်နေရာတွင် ရပ်ရန်ပြောပါသည်။

တုန်ယင်နေသော ကျွန်မစကားသံကို ကြားရ၍ ကိုလှကြိုင်သည် အနည်းငယ် စိတ်မကောင်းပုံရသွားပါသည်။ သို့ရာတွင် သူသည် သင့်တော်သော နေရာ၌ကားကိုရပ်လိုက်၍ ခွက်ထိုးခွက်လန်ရယ်ပြီး "အချစ် အေး၊ ဒီနေ့ ဘယ်လိုများဖြစ်လာတာလဲ" ဟုသူကမေးပါတော့သည်။

ကျွန်မသည် ကျွန်မပြောချင်သော စကားတွေကို ပြောချလိုက်ရန် ကြိုးစားပါသည်။ ကျွန်မသည် ကိုလှကြိုင်နှင့် ခွဲခွာရတော့မည့်အကြောင်းကို သူ့အား ပြောချင်ပါသည်။ ကျွန်မ ဘယ်လောက်ကိုသန်းအောင်ကို သစ္စာမေတ္တာရှိကြောင်း သူ့အားပြောပြချင်သည်။ ကျွန်မသည် ကျွန်မ၏ အလိုဆန္ဒပြည့်ဝစေရန် ကိုလှကြိုင်နှင့် ဆက်ဆံနေရသော အချိန်ကလည်း ချစ်သူ ကိုသန်းအောင်ကို မည်မျှ



ချစ်ကြောင်း ကိုလှကြိုင်အား သိစေချင်ပါသည်။ သို့ရာတွင် ကျွန်မသည် ဤစကားများကိုမပြောနိုင်၊ ဆွံ့အသူတစ်ယောက်ကဲ့သို့သာ ဖြစ်နေပါသည်။

"ကိုလှကြိုက်၊ ကိုလှကြိုင်နဲ့အေး ဒီအတိုင်းရှေ့ဆက်စခန်းမသွားနိုင်တော့ဘူး" ဟုသာ တိုးတိုးကလေးညည်းတွားနိုင်ပါတော့သည်။ ထို့နောက် ကျွန်မသည် ပြောချင်သော စကားတွေကို ဖွင့်မှိတ်ပြီးပြောချလိုက်ပါတော့သည်။

"ကိုလှကြိုင် အေး တခြားသွားပြီး အလုပ်တစ်ခုလုပ်တော့မယ်။ အေးနဲ့ ကိုလှကြိုင်နဲ့ နောက်ဆက်လက်မတွေ့နိုင်တော့ဘူး"

ကိုလှကြိုင်သည် တခဏမျှ ငြိမ်သက်စွာ ဘာမျှမပြောဘဲ ထိုင်နေသည်။ နောက် ကျွန်မ၏ကိုယ်လုံးကလေးကို သူ၏လက်ထဲသို့ ဆွဲသွားပြီး----

"အချစ်၊ အချစ်ပြောတာဟာ အပြောလွယ်သလောက် အလုပ်လွယ်လိမ့်မယ်လို့များ ထင်နေသလား၊ အေးဟာ အေးချစ်သူကိုသန်းအောင်နဲ့ အချစ်ပလူးနိုင်တယ်၊ ဒါပေမဲ့ အေးဟာ ကိုယ့်ကို ချစ်မြဲချစ်နေဦးမှာပဲ။ အေးကိုချစ်ပြီး အေးရဲ့အလိုဆန္ဒကို ကိုယ်ကလိုသလို၊ အေးကလည်း ကိုယ်အလိုဆန္ဒကို လိုလိမ့်မယ်"

ကျွန်မကတော့ ကျွန်မ၏ ခေါင်းကိုသူ၏ ပခုံးပြင်ပေါ်မှာ စိုက်ချထားပါသည်။

"အေးအတွက် ခက်အောင်လုပ်မနေပါနဲ့ ကိုလှကြိုင်ရယ် ကျေးဇူးပြုပြီးတော့"

ကျွန်မက တောင်းပန်လိုက်ပါသည်။

"ကိုယ်က အေးကို တမင်သက်သက် စိတ်ဒုက္ခရောက်အောင် ဒီစကားတွေကို ပြောနေရတာ မဟုတ်ပါဘူးအေး၊ ဒီအရေးကြီးကို ကလေးလေးလိုမစဉ်းစားဘဲ လူကြီးတစ်ယောက်လို စဉ်းစားနိုင်အောင်သာ ဒီစကားတွေကိုပြောနေတာပါ။ ကိုယ်ကတော့ အေးကို ကိုယ့်အသက်ကလေးတစ်ယောက်ပဲဖြစ်စေချင်တယ်"

ဤနောက်ဆုံးစကားရပ်ကလေးတွင် သူသည် ကျွန်မအပေါ် မည်မျှချစ်ခင်မှု တည်မြဲကြောင်းကိုဖော်ပြလျက်ရှိပါသည်။ ကိုလှကြိုင်သည် စကားကို ဆက်လက်ပြောပြပါသည်။

"ခုအခြေအနေဟာ အေးအတွက် စိတ်စနိုးစနောင့်နဲ့ မဝေခွဲတတ်အောင် ဖြစ်နေတယ်ဆိုတာ ကိုယ်သိတယ်။ ဒေါက်တာဘသိန်းက ကိုယ်နဲ့အသက်ဖြတ်ရမယ်လို့ ပြောလိုက်သလား။ ဒီလိုသာဆိုရင် သူပြောလိုက်တဲ့စကားဟာ သိပ်မှန်တယ်။ ဒီအတိုင်း တစ်သက်လုံးဆက်လက်ပြီး စခန်းမသွားနိုင်ဘူး။ အခု ကိုယ်တို့အဖြစ်အပျက်မှန်ကို သဘောပေါက်ကြပြီ၊ ကိုယ်တို့ ဒီလောက်ကိစ္စကလေးနဲ့



ခေါင်းရှုပ်မခံကြတော့ဘူး။ ကိုယ်က အေးရဲ့ အိမ်ထောင်ရေးကိုလည်း မဖြိုခွင်းခဲ့ပါဘူး။ မဟုတ်ဘူးလား အေး"

ကျွန်မသည် သူ၏ကိုယ်ကို ကျွန်မ၏ လက်များဖြင့် သိမ်းကျုံးဖက်ထားလိုက်ပါသည်။

"ကိုလှကြိုင် အေးတို့အိမ်ထောင်ရေးကို မနှောင့်ယှက်ခဲ့တာအမှန်ပါပဲ။ စင်စစ်တော့လည်း တကယ်မတည်ရှိတဲ့ အရာတစ်ခုကို ဖြိုဖျက်လို့ဘယ်ရနိုင်ပါ့မလဲ"

"အေးပြောတာ မှန်ပါတယ်။ အေးဟာ အိမ်ထောင်သက်တစ်လျှောက်လုံးမှာ ကိုသန်းအောင်ကို ချစ်ခဲ့တယ်၊ ဂရုစိုက်ခဲ့တယ်၊ ဒါပေမဲ့ အေးဟာ ခုကိုယ့်ကိုတမ်းတနေတယ်။ ဒီတော့ အေးအပေါ်မှာ အေး သိပ်အပြစ်မရှိပါစေနဲ့ကွယ်။ ဒါပေမဲ့ ကိုယ်တို့တတ်နိုင်တာက တစ်ခုပဲရှိတယ်။ အေးစိတ်ချမ်းသာဖို့ တခြားနည်းလမ်းကလည်း မရှိဘူး။ ကိုယ့်အကြံကတော့ အေး ကိုယ်နဲ့အတူလာနေ၊ အေး

ပျော်ရွှင်အောင် စောင့်ရှောက်ပါရစေကွယ်။ ဒီလိုမှမဟုတ်ဘဲ ကိုသန်းအောင်ကို ဆက်လက်စောင့်ရှောက်ကြည့်ရှုသွားမယ် ဆိုရင်တော့ တို့ရဲ့ကဘဝသာယာရေးကို တို့ဘာသာ ကြိုးစားကြပါစို့"

ကျွန်မသည် သူ၏ရင်ခွင်တွင်ပင် ရှိပါသေးသည်။ သူ၏အချစ်ကို လက်ခံယူလျက် သူပြုသမျှနေချင်ပါသည်။ သို့သော်လည်း သူအကြံပေးသလို ကိုသန်းအောင်ကို သစ္စာမဲ့ရမှာကိုတော့ စိုးရွံ့လျက်ရှိပါသည်။

"အေး----"

ကိုလှကြိုင်၏အသံသည် လောကြီးနေပါသည်။ ကျွန်မသည် သူ၏မျက်နှာကို အလင်းရောင်မှိန်မှိန်တွင် တွေ့မြင်ရသည်။ သူ၏မျက်နှာသည် ဖျော့တော့နေသည်။ "သိပ်ပြီးတော့လည်း စိတ်မပျက်စမ်းပါနဲ့ အချစ်ရယ်" ကိုလှကြိုင်ကပြောသည်။" "အေးကို မောင်က အသက်နဲ့ထပ်တူချစ်တယ်ဆိုတာ အေးသိတဲ့အတိုင်းပဲ။ တစ်နေ့နေ့မှာတော့ အခြေအနေအရပ်ရပ်ဟာ တို့အတွက် ကောင်းလာရမှာပါ။ ဒီအချိန်အတောအတွင်းမှာတော့ အေးနဲ့ကိုယ်ရဲ့ အချစ်ကို အဆက်ဖြတ်ထားကြသေးတာပေါ့"

သူသည် ရုတ်တရက် ကျွန်မကို ညင်သာစွာနမ်းပါသည်။ သူ၏အနမ်းသည် ကျွန်မ၏ ဘဝင်တွင် အေးခနဲ နေအောင် အရသာခံစားရပါတော့သည်။

ကိုသန်းအောင်၏ ရောဂါမှာ ပိုမိုဆိုးရွားလျက်ရှိပါတော့သည်။

"မောင် ဘယ်လိုနေသေးသလဲဟင်"

"မောင့်အတွက် စိတ်ပူမနေပါနဲ့ကွယ်။ မောင်မနက်ဖြန်ခါလောက်နေကောင်းသွားပါလိမ့်မယ်"

-၁၄-

သို့သော်လည်း ကိုသန်းအောင်၏ အခြေအနေမှာ မချိတင်ကဲဖြစ်နေသည်ကို ကျွန်မ အကဲခတ်မိပါသည်။ သို့ဖြစ်သဖြင့် ဆရာဝန်ဆီ ကျွန်မသွားရပါသည်။

"ငါ မနက်စောစောလာခဲ့မယ်၊ နင်အလုပ်မသွားရင်ကောင်းမယ်"

ဆရာဝန် ဦးဘသိန်းက ပြောလိုက်ပါသည်။

နံနက်လင်းအားကြီး ၃ နာရီအချိန်ကပင် ကိုသန်းအောင် ရောဂါမှာ ဆိုးရွားလာပါတော့သည်။ ကျွန်မသည် သူ၏စကားပြောသံများ မူမမှန်ကြောင်းကို ရိပ်စားမိပါသည်။ ကျွန်မသည် ဆရာဝန်ဦးဘသိန်း အမြန်လာရန် အခေါ်ခိုင်းလိုက်ပါသည်။

"မောင်သန်းအောင်ရဲ့ ရောဂါဟာ တော်တော်ဆိုးရွားလာပြီ၊ ဆေးရုံပို့လိမ့်မယ်"

ကိုသန်းအောင် ဆေးရုံတက်နေစဉ်အတွင်း ကိုလှကြိုင်သည် ကျွန်မကို စောင့်ရှောက်လျက်ပင်ရှိပါသည်။ သို့ရာတွင် သူသည် ကျွန်မအား ဘယ်တော့မှ ချစ်ရေးမဆိုပါ။ သူသည် ကျွန်မအား

တကယ့်သစ္စာမေတ္တာနှင့် ချစ်သည်ဟု ယုံကြည်ပါသည်။ သို့သော်လည်း ကျွန်မသည် ကိုသန်းအောင်အား ဆက်လက်ပြုစုစောင့်ရှောက်၍ သူ့အားစိတ်ပျော်ရွှင်မှုကိုပေးရန် ကြိုးစားပါသည်။ သို့သော်လည်း ကိုသန်းအောင်နှင့် ကျွန်မတို့၏ ဘဝရေစက်သည် ကုန်ဆုံးတော့မည့်အရေးကို တွေ့ကြုံလာရပါသည်။ ကိုသန်းအောင်သည် အသည်းအသန်ဖြစ်လာ၍ သည်တောင်ကို မကျော်နိုင်တော့သောအခြေအနေသို့ ရောက်လျက်ရှိပါတော့သည်။

ကျွန်မသည် ချစ်လင်အတွက် သောကရောက်ပြီး ကြုံကြုံပါအောင် ငိုမိပါသည်။ ကျွန်မငိုသည် ကိုမြင်ရသော ကိုသန်းအောင်သည် ဖိုလှိုက်ဖိုလှိုက်အချိန်၌ပင်----

"အသက်ရယ် မင့်ဘဝမှာ ပျော်ရွှင်ရမှာပါကွယ်"

ကိုသန်းအောင်၏လက်သည် ကျွန်မကိုယ်ပေါ်မှာ လွှမ်းတင်လိုက်ပါသည်။

"မောင်ချစ်တဲ့ အသက်ဖူးကလေး၊ ခုတော့ မောင့်ဘဝကို မောင်စွန့်ရတော့မှာမို့ မောင့်ချစ်သူလေးအတွက် မောင့်မှာ ဆန္ဒတစ်ခုပဲရှိတယ်။ အဲဒီဆန္ဒကတော့ မောင့်အချစ်လေး တစ်သက်လုံး ပျော်ရွှင်နိုင်ပါစေကွယ်"

ကိုသန်းအောင်သည် စကားပြောရင်း တဖြည်းဖြည်းငြိမ်သက်သွားပါတော့သည်။ ကိုသန်းအောင်သည် ဘဝတစ်ပါးသို့ပြောင်းခဲ့လေပြီ။

-၁၅-

ကိုလှကြိုင်အား အာသာဆန္ဒနှင့် ပတ်သက်ပြီး ချစ်ရသော်လည်း ကျွန်မ၏ ဖြူစင်သောအချစ်သည် သွားလေသူ ချစ်သူဟောင်း ကိုသန်းအောင်အတွက် ကျွန်မ၏ အသည်းနှလုံးတစ်ထောင့်မှာ အစဉ်အမြဲ ကိန်းအောင်းလျက်ရှိနေပါတော့သည်။

## မြန်မာနိုင်ငံ အနောက်ဘက် ကမ်းရိုးတန်းဒေသ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေး အကြံပြုတင်ပြချက် စာတမ်းပါ အကြောင်းအရာများ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ - ၂ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | လတ်တလောဖြစ်ပေါ်ခဲ့သော အကြမ်းဖက်ခံရမှုများ၏ နောက်ခံအကြောင်းရင်းများ | ၃ - ၇ |
| ၄။ | လက်ရှိအခြေအနေအပေါ် လေ့လာဆန်းစစ်ချက် | ၈ |
| ၅။ | အရေးပေါ်ကူညီစောင့်ရှောက်မှုဆိုင်ရာ တင်ပြချက် | ၈-၉ |
| ၆။ | လုံခြုံရေးနှင့် တည်ငြိမ်ရေးဆိုင်ရာ တင်ပြချက် | ၁၀-၁၂ |
| ၇။ | ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ တင်ပြချက် | ၁၂-၁၅ |
| ၈။ | တွေ့ရှိချက်များအပေါ် ခြုံငုံသုံးသပ်ချက်များ | ၁၅-၁၆ |
| ၉။ | နိဂုံး | ၁၆ |
| | ရည်ညွှန်းကိုးကားစာရင်း | ၁၇ |

# မြန်မာနိုင်ငံအနောက်ဘက်ကမ်းရိုးတန်းဒေသ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးအကြံပြုတင်ပြချက်

## ၁။ နိဒါန်း

မြန်မာနိုင်ငံအနောက်ဘက်ကမ်းရိုးတန်းဒေသရှိ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အကြမ်းဖက်ခံရမှု ပြဿနာများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်သည့် အနေအထားအထိ ရောက်ရှိလာခဲ့ပြီး ဒေသခံရခိုင်တိုင်းရင်းသားတို့၏ အရေးသာမဟုတ်တော့ဘဲ မြန်မာတိုင်းရင်းသားလူမျိုးအားလုံး၏ ပြည်ထောင်စုပြဿနာတစ်ခုဖြစ်လာနေပြီဟု ယုံကြည်သဖြင့် ဤစာတမ်းကို ပြုစုတင်ပြရခြင်း ဖြစ်ပါသည်။

အချို့က ရေးသားပြောဆိုကြရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပိုင်နက်နယ်မြေတစ်ခု ဖြစ်သော အနောက်ဘက်ကမ်းရိုးတန်းဒေသ ရခိုင်ပြည်နယ်အတွင်းတွင် ဖြစ်ပွားခဲ့သော၊ လက်ရှိဖြစ်ပွားနေသော ဖြစ်ရပ်များသည် နိုင်ငံတော်အစိုးရ၏ လတ်တလော ကိုင်တွယ်ဖြေရှင်းမှု အားနည်း၍လည်းကောင်း၊ အုပ်ချုပ်ရေး ညံ့ဖျင်းမှုကြောင့်လည်းကောင်း၊ တရားဥပဒေစိုးမိုးမှုမရှိ၍လည်းကောင်း၊ ဆူပူအကြမ်းဖက်လိုသူတို့၏ မင်းမဲ့စရိုက် ဆန်ဆန်ပြုလုပ်မှုကြောင့်လည်းကောင်း၊ ဘာသာရေးအယူသည်းသူတို့၏ အဓိကရုဏ်းဖန်တီးလိုမှုကြောင့်လည်းကောင်း ဖြစ်ပေါ်ခဲ့ရသည်ဟု ကြားသိရပါသည်။

အဖြစ်မှန်နှင့် အခြေခံအကြောင်းရင်းကို မသိသူများက မိမိတို့ထင်ရာ၊ လိုရာဆွဲတွေးပြီး ရေးသားပြောဆိုနေကြခြင်းသာဖြစ်သည်ဟု ယုံကြည်သဖြင့် အဖြစ်မှန်နှင့်အခြေခံအကြောင်းရင်းကို နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ သိရှိပြီးဖြစ်မည်ဖြစ်သော်လည်း နောင်အနာဂတ်တွင် ဤဖြစ်ရပ်ဆိုးမျိုး မဖြစ်ပွားစေရန်အတွက် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန် ဤစာတမ်းကို ပြုစုတင်ပြရခြင်း ဖြစ်ပါသည်။

ဤစာတမ်းကို တစ်စုံတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းက မိမိ၏ကိုယ်ပိုင်အယူအဆဖြင့် ရေးသားပြုစုခြင်းမျိုးမဟုတ်ဘဲ ရခိုင်အသင်းအဖွဲ့အသီးသီးကို ကိုယ်စားပြုသူများ၊ ရခိုင်တိုင်းရင်းသား သမိုင်းသုတေသီ ပညာရှင်များ၊ ပြဿနာနှင့် အဓိကရုဏ်းဖြစ်ပွားရာဒေသများတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ဖူးသည့် ရခိုင်တိုင်းရင်းသားဌာနဆိုင်ရာနှင့် လူမှုရေးအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ အရာရှိများနှင့် အမှုဆောင်များ၊ ဘင်္ဂါလီလူမျိုးတို့၏ စရိုက်သဘာဝကိုသိရှိကာ ရခိုင်ရေးရာကိစ္စရပ်များကို နှစ်ပေါင်းများစွာ တာဝန်ယူဆောင်ရွက်ခဲ့ဘူးသည့် အတွေ့အကြုံရင့်ကျက်သော ရခိုင်တိုင်းရင်းသားများ စုပေါင်းပါဝင် ရေးသားပြုစုကြခြင်း ဖြစ်ပါသည်။

ရေးသားပြုစုရာတွင်လည်း လက်ရှိပြဿနာနှင့် အကြမ်းဖက်ခံရမှုများဖြစ်လာရသည့် အကြောင်းရင်းအမှန်ကို တင်ပြရာတွင် ဆန္ဒဂတိ၊ ဒေါသဂတိကင်းစွာဖြင့် ဂုဏ်သိက္ခာရှိသော စာတမ်းတစ်စောင်ဖြစ်အောင် သတိကြီးစွာထား၍ ရေးသားခဲ့ကြပါသည်။ ဘာသာရေးအယူသည်းမှုနှင့် လူမျိုးရေးမုန်းတီးမှုကို အခြေခံပြီး ပြဿနာပိုမိုကြီးထွားလာအောင် နှိုးဆွ၊ ထိုးဖွပေးသည့်အရေးအသားများနှင့် လူမျိုးရေးအဓိကရုဏ်းများ ဆက်လက်ဖြစ်ပေါ်လာအောင် လှုံ့ဆော်သည့် အရေးအသားများ မပါရလေအောင် အထူးသတိထားပြီး ရှောင်ရှားရေးသားထားပါသည်။

ဤစာတမ်းတွင် နောက်ခံသမိုင်း အထောက်အထားမှန်ကန်ပြည့်စုံသည့် အတိတ်ဖြစ်စဉ်များကို ဦးစွာ ဖော်ပြမည်ဖြစ်ပါသည်။ ရခိုင်ဒေသတွင်ဖြစ်ပွားခဲ့သော၊ ဖြစ်ပေါ်နေသော ပြဿနာများနှင့်အကြမ်းဖက်ခံရမှုများကို တိုးပွား၊ ကြီးထွားမလာစေရန်နှင့် ရေရှည်တွင် လုံးဝကင်းစင်ပပျောက်သွားစေရန် ရည်ရွယ်သည့်စိတ်ရင်းအမှန်ကို ဤစာတမ်းတွင် ဖတ်ရှုရမည်ဖြစ်ပါသည်။

ပြဿနာနှင့်အကြမ်းဖက်ခံရမှုများ ဖြစ်ပွားခဲ့ရာဒေသများမှ ဒေသခံရခိုင်ပြည်သူတို့၏ လက်ရှိဘဝ အခြေအနေနှင့် ဒုက္ခများကို အနီးကပ်ရှုမြင်သုံးသပ်သည့် တင်ပြချက်များလည်း ပါဝင်ပါသည်။ လိုအပ်သည့် အရေးပေါ် ကူညီစောင့်ရှောက်ထောက်ပံ့မှုများနှင့် လိုအပ်ချက်များကိုလည်း တင်ပြထားပါသည်။ ဒေသခံ ရခိုင်ပြည်သူတို့၏ လက်ရှိဘဝလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကိုလည်း အကြံပြုတင်ပြထားပါသည်။ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သော ဒေသခံရခိုင်ပြည်သူတို့၏ လူနေမှုဘဝကို မူလအတိုင်း ဖြစ်အောင် ပြန်လည်တည်ဆောက်ပေးနိုင်ရန်နှင့် ထိုသို့ မူလအတိုင်း ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်မပြီးစီးမီ စပ်ကူးမတ်ကူးကာလတွင် ဒေသခံရခိုင်ပြည်သူများ လုံခြုံနွေးထွေးစွာ နေနိုင်ရေးအတွက် သင့်တော်ကောင်းမွန်သည့် အခြေအနေတစ်ရပ်ကို ဖန်တီးပေးနိုင်ရန်တို့ ကိုပါ အကြံပြု တင်ပြထားပါသည်။

## ၂။ ရည်ရွယ်ချက်

မြန်မာနိုင်ငံအနောက်ဘက်ကမ်းရိုးတန်းဒေသ၊ ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့် အကြမ်းဖက်ခံရမှုများအပြီး ရခိုင်ပြည်နယ်တည်ငြိမ်လုံခြုံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်မှ ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရာ၌ တစ်ဖက် တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ရန်ကုန်မြို့တွင် နေထိုင်ကြသော ရခိုင်တိုင်းရင်းသားများက ဒေသခံတိုင်းရင်းသားများ၏ သဘောထားနှင့် တစ်ထပ်တည်းဖြစ်သော ဆန္ဒသဘောထားကို ပေါ်လွင်စေမည့် အကြံပြုစာတမ်းတစ်စောင် အမြန်ဆုံးပြုစုတင်ပြရန် ရည်ရွယ်ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။ ဤအကြံပြု စာတမ်းပါ တင်ပြချက်များအား နိုင်ငံတော်မှ အလေးထားထည့်သွင်းစဉ်းစားနိုင်ရန် ရည်ရွယ်ပါသည်။

ဤစာတမ်းကိုပြုစုရာတွင် လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်ဒေသအသီးသီးတွင် တည်ငြိမ်အေးချမ်းပြီး ဒေသခံပြည်သူများ အချင်းချင်း လုံခြုံငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်နိုင်ရေးတို့အပြင် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာနိုင်သည့် လူမှုရေးပြဿနာများ၊ အဓိကရုဏ်းများ၊ ဆူပူအကြမ်းဖက်မှုများကို တည်ငြိမ်အေးချမ်းစွာ ဖြေရှင်းရန်နှင့် နောက်နောင် ထပ်မံမဖြစ်ပွားရန် ရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို ရေးသားပြုစုတင်ပြရခြင်း ဖြစ်ပါသည်။

ဤစာတမ်းတွင် အဓိကအားဖြင့် အောက်ပါကဏ္ဍရပ်များပါဝင်မည် ဖြစ်ပါသည် -

- လတ်တလောဖြစ်ပေါ်ခဲ့သော အကြမ်းဖက်ခံရမှုများ၏ နောက်ခံအကြောင်းရင်းများ
- လက်ရှိအခြေအနေအပေါ် လေ့လာဆန်းစစ်ချက်
- အရေးပေါ်ကူညီစောင့်ရှောက်မှုဆိုင်ရာ တင်ပြချက်
- လုံခြုံရေးနှင့် တည်ငြိမ်ရေးဆိုင်ရာတင်ပြချက်
- ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာတင်ပြချက်
- ခြုံငုံသုံးသပ်အကြံပြုတင်ပြချက်

**၃။ လတ်တလောဖြစ်ပေါ်ခဲ့သော အကြမ်းဖက်စံရမှုများ၏ နောက်ခံအကြောင်းရင်းများ**

သာမန်ပြည်သူများအနေဖြင့် ဤအကြမ်းဖက်ခံရမှုဖြစ်စဉ်သည် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ရွာမှ ရာဇဝတ်မှု၊ တောင်ကုတ်တွင် ဆက်လက်ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများမှ စတင်ကာ အပြန်အလှန် အာဃာတ တရားများဖြင့် အုပ်စုဖွဲ့ အကြမ်းဖက် ထုပ္ပဓသာင်းကျန်းခြင်းများဟု ယေဘုယျ ကောက်ချက်ချကြမည် ဖြစ်သော် လည်း နောက်ကွယ်တွင် ယင်းထက်များစွာ နက်နဲ၍ ရှုပ်ထွေးသော သမိုင်းနောက်ခံ ဖြစ်ရပ်မှန်များ တည်ရှိ နေကြောင်းကို နိုင်ငံတော်အစိုးရကလည်း သိရှိနားလည်ပြီး ဖြစ်မည်ဟု ယုံကြည်ပါသည်။ အဆိုပါ သမိုင်းနောက်ခံ ဖြစ်ရပ်မှန်များကို မှတ်တမ်းတင်လိုပါသဖြင့် ကဏ္ဍအလိုက် ခေါင်းစဉ်ငယ်များခွဲခြား၍ အောက်ပါအတိုင်း တင်ပြ အပ်ပါသည်။

**၃(က) ဗြိတိသျှခေတ် ဘင်္ဂါလီမူဆလင်များ အလုံးအရင်းဖြင့် ဝင်ရောက်လာခြင်း**

အေဒီ ၁၈၁၁ ခုနှစ် စစ်ဆင်ရေးအတွက် ရောက်ရှိခဲ့သော အင်္ဂလိပ်စစ်ဗိုလ်ကပ္ပတိန်ပိုက်၏ ကိုယ်တိုင်ရေး မှတ်တမ်းအရ ထိုစဉ်က နတ်မြစ်အင္ဂ ယနေ့ဘင်္ဂလားဒေ့ရှ်ကမ်းခြေတွင် ရခိုင်လူမျိုးများသာ ရှိနေခဲ့ကြောင်း၊ မောင်တောမြို့တွင် ဘင်္ဂါလီများ လုံးဝမရှိသေးကြောင်း သိသာနိုင်ပါသည်။

၁၈၂၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပထမအင်္ဂလိပ်-မြန်မာစစ် အပြီး ရန္တပိုစာချုပ်အရ အင်္ဂလိပ်လက်အောက် သို့ ကျရောက်သွားသော ရခိုင်ဒေသသည် အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးဖြစ်သော ဘင်္ဂလားနယ်များနှင့် တပေါင်း တည်း တည်ရှိခဲ့ပါသည်။ ထိုစဉ်က မောင်တောမြို့ လူဦးရေမှာ (၆၅၄၈၇) ဦးရှိပြီး ရခိုင်၊ သက်၊ ဒိုင်းနက်၊ မြို ခမွီးတို့ နေထိုင်သော တိုင်းရင်းသားကျေးရွာပေါင်း (၁၇၂) ရွာ ရှိခဲ့ပါသည်။

ယနေ့ ဘင်္ဂလားဒေ့ရှ်နယ်စပ်နှင့် ကပ်လျက်တည်ရှိသော မောင်တော၊ ဘူးသီးတောင်မြို့နယ်များသည် မြေဩဇာကောင်းသော မြစ်ဝှမ်းလွင်ပြင်ဖြစ်၍ မောင်တောမြို့နယ်တစ်ခုတည်းမှာပင် စိုက်ပျိုးနိုင်သော မြေဧက (၈၀၀၀) ကျော် ရှိခဲ့ပါသည်။ ၁၈၃၉ ခုနှစ်တွင် မြေရိုင်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် ထုတ်ပြန်ခဲ့သော ဂရံကြီးဥပဒေအရ လယ်ယာလုပ်သား အများအပြား လိုအပ်လာ၍ စစ်တကောင်းမှ ဘင်္ဂါလီများနှင့် မဒရပ်မှ မဒရပ်စီများ အများအပြား ဝင်ရောက်လာခဲ့ပါသည်။ ၁၈၆၉ ခုနှစ်တွင် စူးအက်တူးမြောင်း ဖောက်လုပ်ပြီးနောက် ဆန်စပါးဝယ်လိုအား မြင့်တက်၍ ကမ္ဘာ့ဆန်ဈေးကောင်းသဖြင့် အင်္ဂလိပ်တို့၏ ဆန်စပါးတိုးချဲ့ထုတ်လုပ်ရေး အစီအစဉ်ကြောင့် စစ်တကောင်းသား ဘင်္ဂါလီများ ရခိုင်ဒေသအတွင်းသို့ အလုံးအရင်းဖြင့် ထပ်မံဝင်ရောက် လာခဲ့ပါသည်။ ထိုသို့ ဝင်ရောက်လာသူ များပြားလွန်းသဖြင့် ၁၉၁၈ ခုနှစ်တွင် အင်္ဂလိပ်တို့က မောင်တောမြို့မှ ဘူးသီးတောင်မြို့သို့ မီးရထားလမ်းပင် ဖောက်လုပ်ပြေးဆွဲခဲ့ကြောင်း ဘူးသီးတောင် အမှတ်တံဆိပ်ပါ မီးရထား ခါတ်ပုံဖြင့် သက်သေပြနိုင်ပါသည်။

ထိုအချိန်က ရခိုင်ဒေသသည် ဆန်စပါးထုတ်လုပ်ရေးနှင့် ကုန်သွယ်စီးပွားကောင်းသဖြင့် စစ်တကောင်း နယ်ဖွား ဘင်္ဂါလီတို့သည် လယ်ယာလုပ်သားများနှင့် အထမ်းသမားကူလီလုပ်သားများအဖြစ် အများအပြား ဝင်ရောက်လုပ်ကိုင်ခဲ့ကြပါသည်။ လုပ်အားခဈေးနှုန်းမှာ ဘင်္ဂလားတွင် လုပ်သည်ထက် များစွာသာလွန်သဖြင့် ဘင်္ဂါလီများက ရခိုင်ဒေသကို ငွေထွက်ရာ မိုးတွင်းသဖွယ် သဘောထားခဲ့ကြောင်း ၁၈၇၇ ခုနှစ်တွင် ထုတ်ဝေခဲ့ သည့် Arakan News သတင်းစာမှ Mr. Hay ၏ မှတ်တမ်းတွင် တွေ့ရှိရပါသည်။

ထိုသို့ ဝင်ရောက်လာသော စစ်တကောင်းသားဘင်္ဂါလီများကြောင့် ဘူးသီးတောင်နှင့် မောင်တောဒေသ များတွင် ဘင်္ဂါလီဦးရေ အကန့်အသတ်မရှိ တိုးပွားလာပြီး ဘင်္ဂါလီတို့၏ ခြိမ်းခြောက်မှုများကြောင့် ရခိုင် တိုင်းရင်းသားများ တဖြည်းဖြည်း ယုတ်လျော့လာပါသည်။ ဘူးသီးတောင်မြို့ပေါ်တွင် ၁၉၄၂ ခုနှစ်က မူဆလင်

အိမ် ၁၇ အိမ်သာ ရှိပြီး၊ လူဦးရေ (၁၀၀) ကျော်သာ ရှိခဲ့ရာမှ ၂၀၀၉ ခုနှစ်တွင် မူစလင်ဦးရေ (၂၀၀၀၀) ရှိလာပြီး၊ ရခိုင်ဦးရေမှာ (၅၁၀၀၀) ကျော်သာ ရှိသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ ခွဲထွက်ရန် ဆုံးဖြတ်ချက်အရ အိန္ဒိယခေါင်းဆောင်မဟာတ္တဂန္ဓီနှင့် မြန်မာ အစိုးရဖက်မှ ဂျွန်ဦးစောတို့ လူဝင်လူထွက် တချုပ်တစ်ခုကို ၁၉၃၅ ခုနှစ်တွင် ကြိုတင်ချုပ်ဆိုခဲ့ကြပါသည်။ ထိုစာချုပ်ကို ချုပ်ဆိုပြီးသည့်နေ့မှ စ၍ ၃ နှစ်တိတိပြည့်မှ စတင်အသက်ဝင်ရန် သတ်မှတ်ထားရာ အိန္ဒိယနိုင်ငံမှ ခွဲထွက်ရေးကို စတင်ဆွေးနွေးလိုက်သည်နှင့် စစ်တကောင်းနယ် မှ ဘင်္ဂါလီများသည် နောင်တွင် မြန်မာနိုင်ငံသို့ လာခွင့်မရတော့မည်ကို စိုးရိမ်ကာ အလုံးအရင်းဖြင့် ဝင်ရောက်လာကြပါသည်။ ထိုသို့ ဝင်ရောက်လာသူများမှာ မောင်တောနှင့် ဘူးသီးတောင်တလျှောက် လမ်းများပေါ်တွင် မြင်မကောင်းလောက်အောင် များပြားလှသည်ဟု ဆိုပါသည်။ ဘင်္ဂါလီကုလားဦးရေ များပြားလာသည်နှင့်အမျှ ဒေသခံ ရခိုင်တိုင်းရင်းသားများအပေါ် ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများ ရှိလာခဲ့ပါသည်။

## ၃ (ခ) ဒုတိယကမ္ဘာစစ်ကာလ ကုလား - ရခိုင် ပဋိပက္ခ

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၂ ခုနှစ်တွင် ဗြိတိသျှတို့ စတင်ဆုတ်ခွာချိန်၌ ကုလား-ရခိုင် အဓိကရုဏ်း ဖြစ်ပွားခဲ့ပါသည်။ အခြေခံအကြောင်းရင်းမှာ စစ်တကောင်းဒေသမှ ကုလားများ အလုံးအရင်းဖြင့် ဝင်ရောက်နေရာ ယူလာကြပြီး ကုလားများ အားကောင်းလာခြင်း၊ ဗြိတိသျှတို့က ကုလားများကို မြေယာများ လုပ်ကိုင်ခွင့်ပေးခြင်း၊ ရခိုင်တို့၏လယ်ယာများ ဆုံးရှုံးလာခြင်းနှင့် ဘင်္ဂါလီများ၏ လယ်ယာမြေပိုင်ဆိုင်လိုမှု လောဘဇောကြီးထွားလာခြင်း စသည့် အကြောင်းရင်းများ နှစ်ပေါင်းများစွာ အမြစ်တွယ်လာရာမှ အဓိကရုဏ်း စတင်ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။

ဗြိတိသျှတို့ ဆုတ်ခွာချိန်တွင် အင်္ဂလိပ်စစ်တပ်က ဘင်္ဂါလီများကို Volunteer Force ဖွဲ့ပေးပြီး ကိုယ့်ကိုကိုယ် ကာကွယ်ရန် အကြောင်းပြကာ လက်နက်များ တပ်ဆင်ပေးခဲ့ရာမှ ကုလားစစ်သည်များသည် ဒေသခံကုလားများနှင့် ပူးပေါင်းကာ ရခိုင်အမျိုးသားများကို သတ်ဖြတ်မှုများ စတင်ခဲ့ပါသည်။

ရခိုင်ပြည်အတွင်းပိုင်း မြေပုံမြို့နယ်တွင် ကုလားများက ရခိုင်ရွာသူကြီး အုပ်ချုပ်သည်ကို မနှစ်မြို့သဖြင့် စစ်အတွင်း အခွင့်သာသည်နှင့် ချောင်းကြီးရွာသူကြီး ညီအစ်ကိုနှစ်ဦးကို သတ်ဖြတ်ကြရာမှ ရခိုင်တိုင်းရင်းသားတို့ ဒေါသထွက်ကာ ရက်ချောင်းရွာ ကုလားတို့ကို လက်စားချေ သတ်ဖြတ်သည့်အတွက် ကုလား - ရခိုင် အဓိကရုဏ်း စတင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုမှတဆင့် မြောက်ဦး၊ ကျောက်တော်မြို့နယ်များသို့ ကူးစက်သွားခဲ့ရာ ထိုမြို့နယ်များမှ ကုလားများသည် ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ ရောက်ရှိလာပြီး ထိုမြို့နယ်ရှိ ကုလားများနှင့် ပူးပေါင်း ကာ ဒေသတွင်း ရခိုင်လူမျိုးများကို လက်စားချေသတ်ဖြတ်ကြပြန်ပါသည်။ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များရှိ ရွာများကိုလည်း မီးရှို့ဖျက်ဆီးကြသည့်အပြင် ဘုန်းကြီးကျောင်း၊ စေတီပုထိုးများ ကိုလည်း ဖျက်ဆီးကြပြန်ပါသည်။ ယင်းသို့ ပျက်စီးသွားခြင်းကြောင့် ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် ယနေ့အထိ နာလန်မထူနိုင်ဘဲ ရခိုင်ရွာ အနည်းငယ်သာ ကျန်ပါတော့သည်။

ထိုအဓိကရုဏ်းကြောင့် ဒုတိယအရေးပိုင် ICS ဦးကျော်ခိုင် အပါအဝင် ရခိုင်လူမျိုး (၂၀၀၀၀) ခန့် အသက်ဆုံးရှုံးကြရပါသည်။ ဦးကျော်ခိုင်ကို Volunteer Force အဖွဲ့ဝင် ဘင်္ဂါလီမူဆလင်များက ကြိုးဆိုဟန်ပြပြီး သေနတ်ဖြင့်ပစ်၍ သေဆုံးခဲ့ရပါသည်။ မောင်တောမြို့တွင် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိ လာသော ဗိုလ်ရန်အောင်တပ်မှ အရာရှိ (၂) ဦးနှင့် ရဲဘော် (၃) ဦးအား ဘင်္ဂါလီများမှ ထမင်းစားပွဲ ဖိတ်ကြားကာ ထမင်းစားနေစဉ် ကောက်ကျစ်စဉ်းလဲစွာသတ်၍ သေဆုံးခဲ့ရပါသည်။

ဗိုလ်ရန်အောင်တပ် ဆုတ်ခွာပြီးနောက် ဘူးသီးတောင်မြို့နယ်တွင် တိုင်းရင်းသားကျေးရွာပေါင်း (၃၉၂) ရွာနှင့် ဗုဒ္ဓဘာသာဝင်တို့၏ ကျောင်းကန်ဘုရားစေတီပုထိုးများကို ဘင်္ဂါလီမွတ်ဆလင်များက ဖျက်ဆီးခဲ့ကြပါသည်။ ဘူးသီးတောင်မှ ထွက်ပြေးလွတ်မြောက်သွားသော တိုင်းရင်းသားလူမျိုးများသည် ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်များသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရာ ကျန်ရစ်ခဲ့သော ကျွဲ၊ နွား၊ ဆန်ရေစပါးများနှင့် လယ်မြေများကို ဘင်္ဂါလီမွတ်ဆလင်များက သိမ်းယူခဲ့ကြပါသည်။

၁၉၄၂ ခုနှစ်က ဘူးသီးတောင်၊ မောင်တောမှ ထွက်ပြေးသွားသော တိုင်းရင်းသားများကို ၁၉၄၅ ခုနှစ်တွင် အင်္ဂလိပ်များ ပြန်ဝင်လာပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ပေးမှုကြောင့် ရခိုင်တိုင်းရင်းသားအချို့သာ မိမိတို့၏ မူလကျေးရွာများတွင် ပြန်လည်အခြေချနိုင်ခဲ့ပါသည်။

**၃ (ဂ) ဘင်္ဂါလီတို့ ခွဲထွက်ရန် ကြိုးပမ်းခြင်း**

၁၉၄၇ ခုနှစ်တွင် ဘင်္ဂါလီတို့သည် အရှေ့ပါကစ္စတန်သားများ၏ ထောက်ခံမှု၊ ကူညီမှုများကို ရယူပြီး မွတ်ဆလင်ပြည်နယ် ထူထောင်ရေး၊ မြန်မာပြည်မှ ခွဲထွက်၍ အရှေ့ပါကစ္စတန်နှင့် ပေါင်းစည်းရေးတို့ကို နိုင်ငံရေး ရည်ရွယ်ချက်အပြည့်ဖြင့် လုပ်ဆောင်လာခဲ့ကြပါသည်။ ဘင်္ဂါလီတို့သည် ပါကစ္စတန်ခေါင်းဆောင် အလီဂျင်နား ထံသို့ သွားရောက်ပြီး ပါကစ္စတန်လွတ်လပ်ရေး ယူသည့်အခါ ဘူးသီးတောင်၊ မောင်တောဒေသကို ပါကစ္စတန်နှင့် ပူးပေါင်း၍ ရယူပေးရန်တောင်းဆိုခဲ့ကြောင်း အလီဂျင်နားမှ ဗိုလ်ချုပ်အောင်ဆန်းကို ပြောပြရာတွင် ၎င်းကိုယ်တိုင် ခွဲထွက်ရေးကိစ္စများကို အားမပေးကြောင်း ထည့်သွင်း ပြောကြားခဲ့ပါသည်။

**၃ (ဃ) မွတ်ဆလင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တောင်းဆိုခြင်းနှင့် တိုင်းရင်းသားဖြစ်ရေး ကြိုးပမ်းခြင်းကို အင်္ဂလိပ် အစိုးရက ပယ်ချခဲ့ခြင်း**

၁၉၄၇ ခုနှစ်တွင် ပေါ်ပေါက်လာသော Jamiatul-Ulama, North Arakan မောင်တောဌာနချုပ်မှ ဗြိတိသျှဘုရင်ခံ A. G. Bottomley ထံသို့ (၂၄-၀၂-၁၉၄၇) ခုနှစ် နေ့စွဲဖြင့် စာရေးသားတောင်းဆိုရာတွင် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်၏ တစ်စိတ်တစ်ဒေသကို မွတ်ဆလင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသပေးရန်၊ တိုင်းရင်းသားလူမျိုးအဖြစ် သတ်မှတ်ပေးရန်၊ ပင်လုံညီလာခံသို့ တက်ရောက်ခွင့်ပြုရန်စသည်ဖြင့် မြန်မာနိုင်ငံတိုင်းရင်းသားအစစ်အမှန်တို့သာလျှင် ရရှိအပ်သော အခွင့်အရေးများကိုပင် လက်ရဲ၊ ဇက်ရဲ တောင်းဆို လာခဲ့ကြပါသည်။

ထိုတောင်းဆိုစာကို Governor's Camp Burma အင်္ဂလိပ်ဘုရင်ခံ၏ အတွင်းရေးမှူးရုံးမှ (၁၃-၀၃-၁၉၄၇) နေ့စွဲဖြင့် ပြန်ကြားသော စာတွင် "**တောင်းဆိုစာတွင် ပါရှိသော သီးခြားမွတ်ဆလင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် ပေးရန် အင်္ဂလိပ်အစိုးရက ပြောဆိုခဲ့သည်ဟူ၍ ကျွန်ုပ်တို့တွင် အထောက်အထား မရှိပါ။ ဘာသာရေး အခြေခံတစ်ခုတည်းဖြင့် တိုင်းရင်းသားလူမျိုး မဖြစ်နိုင်ပါ။ မြန်မာနိုင်ငံ၏ အစဉ်အလာတွင်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများ၏ အစဉ်အလာတွင်လည်းကောင်း၊ ဤကဲ့သို့ ထုံးစံမရှိပါ။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်ပါက မြန်မာပြည်ရှိ အခြားသော ပြည်နယ်များသည် မြန်မာဘုရင်များ၏ ခေတ်ကတည်းက သီးခြား လွတ်လပ်သည့် နိုင်ငံများ ဖြစ်ခဲ့ကြပြီး မြန်မာဘုရင်၏ သိမ်းသွင်းပေါင်းစည်းခြင်းခံခဲ့ရသော နယ်မြေများသာ ဖြစ်ပါသည်။ ရခိုင်ဒေသရှိ မွတ်ဆလင်တို့သည် ရခိုင်ဘုရင်များ သို့မဟုတ် မြန်မာဘုရင်များ၏ လက်အောက်တွင် သာ နေထိုင်ခဲ့ကြသူများ ဖြစ်ပါသည်။ သီးခြားပြည်နယ်တစ်ခုအဖြစ် မရှိခဲ့ပါ။ ပိုင်နက်နယ်မြေအဖြစ် ပြောရသော် မွတ်ဆလင်များသည် မြန်မာဘုရင်၏ ပိုင်နက်အတွင်း နေထိုင်ခဲ့ကြသူများဖြစ်၍ မည်သည့်အခါမျှ အချုပ်အခြာ ပိုင်ခွင့်ကို တောင်းဆိုဖူးခြင်း မရှိခဲ့ပါ။ ယခုအချိန်တွင် သီးခြားပြည်နယ်တောင်းရန်အတွက် ကြောင်းကျိုး**

ထိခလျော့ခြင်း မရှိပါ၊ ထို့ကြောင့် ဘာသာရေးတစ်ခုတည်းကို အခြေခံပြီး သီးခြားပြည်နယ်တောင်းဆိုပိုင်ခွင့် မရှိပါ၊ သင်တို့၏ တောင်းဆိုမှုများသည် အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးလုပ်ငန်းများကို အကြီးအကျယ် ထိခိုက်ရှုပ်ထွေးမှုများကို ဖြစ်စေနိုင်ပါသည်၊ ပင်လုံညီလာခံသို့ တက်ခွင့်တောင်းခံခြင်းမှာလည်း ၁၉၃၅ ခုနှစ် တောင်တန်းဒေသဥပဒေ အပိုင်း (၁) အရ အကျုံးမဝင်သဖြင့် ရခိုင်ဒေသမြောက်ပိုင်းနေ မူဆလင်တို့သည် ပင်လုံညီလာခံသို့ တက်ရောက်ရန် တောင်းဆိုပိုင်ခွင့် မရှိပါ၊" ဟူ၍ ဘင်္ဂါလီတို့၏ တောင်းဆိုချက်အားလုံးကို အကျိုးအကြောင်း ခိုင်လုံစွာ ဖော်ပြလျက် ထိုစဉ်ကတည်းကပင် ပယ်ချခဲ့ပြီးဖြစ်ပါသည်၊

**၃ (င) မူဂျာဟစ် သူပုန်ထခြင်းနှင့် ရခိုင်တိုင်းရင်းသားကျေးရွာများ ထပ်မံ ဆုံးရှုံးခဲ့ရခြင်း**

ထိုသို့ ဗြိတိသျှအစိုးရက လက်မခံဘဲ ပယ်ချခဲ့သော်လည်း ဘင်္ဂါလီတို့၏ တောင်းဆိုချက်များမှာ ရပ်တန့်သွားခြင်းမရှိဘဲ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် သီးခြားပြည်နယ် ရရှိရေးကို စတင် တောင်းဆိုခဲ့ကြပါသည်၊ တောင်းဆိုချက်ကို မလိုက်လျောလျှင် လက်နက်ကိုင်ပုန်ကန်မှုတစ်ရပ် ဆင်နွှဲရန် ဖဆပလအစိုးရအား ခြိမ်းခြောက်ခဲ့ရာ ထိုတောင်းဆိုချက်အား ဖဆပလအစိုးရမှ ပယ်ချခဲ့ပါသည်၊ ဘင်္ဂါလီတို့သည် သူတို့၏ တောင်းဆိုချက် မအောင်မြင်ခဲ့သဖြင့် ၁၉၄၉ ခုနှစ်တွင် **"မိမိတိုင်းပြည်နှင့် ဘာသာရေးအခွင့်အရေးကို တိုက်ခိုက်သောသူ"** ဟု အဓိပ္ပာယ်ရသည့် **"မူဂျာဟစ်"** လက်နက်ကိုင်အဖွဲ့ကို ဖွဲ့စည်းခဲ့ကြပါသည်၊ မူဂျာဟစ်အဖွဲ့မှာ Jamiatul-Ulama အဖွဲ့၏ မြေအောက် လက်နက်ကိုင်အဖွဲ့တစ်ခုလည်း ဖြစ်ပါသည်၊ ထိုအဖွဲ့သည် ၁၉၄၉ ခုနှစ်တွင် ဘူးသီးတောင်မြို့ကို လက်နက်ကိုင် တိုက်ခိုက်ခဲ့ရာ မအောင်မြင်ခဲ့ပါ၊ ထိုအခါ ကျေးရွာများရှိ တိုင်းရင်းသားများအား ရက်စက်ကြမ်းကြုတ်စွာ ညှင်းပန်းနှိပ်စက်မှုများ ပြုခဲ့ကြပါသည်၊ တိုင်းရင်းသားများသည် မူဂျာဟစ်သောင်းကျန်းသူတို့၏ နှိပ်စက်မှုဒဏ်ကို မခံနိုင်၍ မိမိတို့၏ အိုးအိမ်လယ်ယာမြေများကို စွန့်ခွာပြီး စစ်တွေ၊ ကျောက်တော်၊ မြောက်ဦးမြို့များသို့ ဒုတိယအကြိမ် ပြောင်းရွှေ့ထွက်ပြေးကြရပါသည်၊ ကျန်ရစ်ခဲ့သော လယ်ယာမြေများကို ဘင်္ဂါလီများ ဝင်ရောက်သိမ်းပိုက်ပြီး ရခိုင်ရွာများတွင် ဝင်ရောက်နေထိုင်ကြသောကြောင့် ရခိုင်တိုင်းရင်းသားများမှာ မူလ နေထိုင်ခဲ့ရာ နေရာများသို့ ပြန်လည် အခြေချနေထိုင်နိုင်ခဲ့ကြခြင်း မရှိတော့ပါ၊

**၃ (စ) စစ်တကောင်းသား ဘင်္ဂါလီများကို ခေါ်သွင်းပြီး ကျေးရွာများ တည်ထောင်ပေးခြင်း**

ဖဆပလအစိုးရသည် မူဂျာဟစ်များငြိမ်သက်စေရန်အတွက် ဘူးသီးတောင်၊ မောင်တောရှိ ဘင်္ဂါလီခေါင်းဆောင်များ ဖြစ်ကြသော စစ်တကောင်းဖွား အဒူဂဖားရ်၊ ဆုလတန်အာမက်၊ အဘူလ်ခိုက်၊ အဘူဘော်ရှော တို့အား ပါလီမန် အမတ်များအဖြစ် ရွေးချယ်ပိုင်ခွင့် ပြုခဲ့ပါသည်၊ အဆိုပါ ပါလီမန်အမတ်များသည် ဒုတိယအကြိမ် ရွေးကောက်ပွဲ၌ ၎င်းတို့ မဲနိုင်ရေးအတွက် စစ်တကောင်းသား ဘင်္ဂါလီများကို ခေါ်သွင်းပြီး စုစုပေါင်း ကျေးရွာ (၄၁) ရွာကို တည်ထောင်ပေးခဲ့ပါသည်၊ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက လယ်လုပ်သူတိုင်း လယ်လုပ်ပိုင်ခွင့် ပေးခဲ့ရာ လယ်ယာမြေများမှာ ရခိုင်တိုင်းရင်းသား အမည်များ ပေါက်သော်လည်း မိမိတို့၏ လယ်ယာမြေများကို လုပ်ကိုင်ခွင့် မရရှိတော့ပါ၊

**၃ (ဆ) ရိုဟင်ဂျာဖာတ်လမ်း စတင်ခြင်း**

၁၉၅၁ ခုနှစ် အလယ်သံကျော် ညီလာခံတွင် ရိုဟင်ဂျာဟု မသုံးသေးဘဲ ရခိုင်မူဆလင်ဟူသာ သုံးနှုန်းခဲ့သည်ကို တွေ့ရပါသည်၊ ရခိုင်မူဆလင်ဟု သုံးစွဲခြင်းကို ရခိုင်တိုင်းရင်းသားတို့က ကန့်ကွက်ပြင်းဆိုခဲ့ကြသဖြင့် သူတို့ကိုယ်သူတို့ ရိုဟင်ဂျာဟု ပြောင်းလဲခေါ်ဆိုလာကြပါသည်၊ ၁၉၅၁ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့ထုတ် ဂါဒီယန်အင်္ဂလိပ်သတင်းစာ၌ "ရိုဝန်ညာ" ဟူသော ဝေါဟာရကို ဘူးသီးတောင်ပါလီမန်အမတ် အဒူဂဖားရ်က စတင်သုံးစွဲပြီး သမိုင်းလိမ်ကို ရေးခဲ့ပါသည်၊ ထိုသမိုင်းလိမ်ကို ဂါဒီယန်သတင်းစာ၌ပင် ရန်ကုန်တက္ကသိုလ်

ကျောင်းသား ဖော်ဇံက ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်၌ တုံ့ပြန်ရေးပခဲ့ပါသည်။ ထိုသမိုင်းလိမ်ကို အမ်အေတဟီးရ်(ခေါ်) ဘသာ(ဘူးသီးတောင်)က ၁၉၆၀ ခုနှစ်၊ မေလထုတ် ဂါဒီယန်သတင်းစာ၌ ထပ်မံတင်ပြသဖြင့် ထိုဆောင်းပါးကို ၎င်းသတင်းစာ၌ပင် ရခိုင်အမျိုးသားခေါင်းဆောင် ဦးဘစံက သမိုင်းလိမ်ဖြစ်ကြောင်း ရေးပခဲ့ပြီး ၎င်းတို့မှာ စစ်တကောင်းသားများသာဖြစ်ကြောင်း ထုတ်ဖော်ခဲ့ပါသည်။ ထိုမှတဆင့် နိုင်ငံရေးရည်ရွယ်ချက်ကြီးမားစွာဖြင့် ရိုဟင်ဂျာကို မြန်မာတိုင်းရင်းသားဖြစ်လေဟန်ဆောင်ပြီး ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်ဒေသတစ်ချို့ကို ပေါင်းကာ မူဆလင်ပြည်နယ် ရရှိရေးကို ကျားကုတ်ကျားခဲ ကြိုးစားခဲ့ကြပါသည်။

## ၃ (ဓ) ခေတ်သစ် ရိုဟင်ဂျာ လှုပ်ရှားမှု

ထိုအချိန်ကတည်းက မဆုတ်မနစ် ကြိုးစားလာခဲ့ကြသော ၎င်းတို့၏ ရည်မှန်းချက်များကို အကောင်အထည် ဖော်နိုင်ရန်အတွက် ယနေ့ မီဒီယာခေတ်တွင် ပို၍ တွင်ကျယ်စွာ လှုပ်ရှားနေကြောင်း တွေ့ရှိရပါသည်။ ရိုဟင်ဂျာဆိုသူတို့သည် အင်တာနက်စာမျက်နှာပေါင်း မြောက်များစွာနှင့် မီဒီယာများကို အသုံးချပြီး တီထွင်ဖန်တီးထားသော သမိုင်းလိမ် အမြောက်အများကို ဖော်ပြခဲ့ကြပါသည်။ မြန်မာတပ်မတော်၏ အင်အားကို မူဂျာဟစ်သောင်းကျန်းသူများ မယှဉ်သာဘဲ လက်နက်ချ အညံ့ခံခဲ့ကြပြီးနောက် ခေတ်သစ်မူဂျာဟစ်အဖြစ် ရိုဟင်ဂျာအမည်ဖြင့် တစ်စခန်း ထလာပါသည်။ ထို့အပြင် ၁၉၇၈ ခုနှစ်တွင် နိုင်ငံတော်မှ Arakan အမည်ကို Rakhine သို့ ပြောင်းလဲသုံးစွဲခဲ့သည့်အပေါ် ဘင်္ဂါလီတို့က အခွင့်ကောင်းယူ၍ ရခိုင်တို့၏ မူလနာမည်ရင်း Arakan ကို မိမိတို့ကိုယ်ပိုင်အမည်ဖြစ်လေဟန် သုံးစွဲ၍ နိုင်ငံတကာသို့ လိမ်လည် တင်ပြနေကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့သည် တစ်ဖက်တွင် RSO, RPF, ARNO စသည်တို့ကို လက်နက်ကိုင်အဖွဲ့အစည်းများအဖြစ် ဆောင်ရွက်စေပြီး အခြားတစ်ဖက်တွင် နိုင်ငံရေးနည်းလမ်းအဖြစ် လူ့အခွင့်အရေးကို အရေခြုံလျက် ရိုဟင်ဂျာဒုက္ခသည် လှုပ်ရှားမှုများ ပြုလုပ်လာကြပါသည်။

ရခိုင်တိုင်းရင်းသားများကို လူမျိုးတုန်းသတ်ဖြတ်ပြီး တစ်ဖက်နိုင်ငံမှ ဘင်္ဂါလီများအား ချက်ချင်းအစားထိုးရေး ကြံစည်ချက်ဖြင့် (၁၃-၀၅-၁၉၈၈) နေ့ ညအချိန်တွင် ဘင်္ဂါလီလူမျိုး ငါးသောင်းခန့်က မောင်တောမြို့ပေါ်တွင် အာဏာပိုင်များ မရှိစဉ် အခွင့်ကောင်းယူ၍ ရခိုင်တိုင်းရင်းသားများကို ဝိုင်းထားခဲ့ရာ လုံထိန်းတပ်ဖွဲ့များမှ အချိန်မီတားဆီးနိုင်ခဲ့ပါသည်။ ၎င်းတို့၏ အဖွဲ့အစည်းများမှာ ဘင်္ဂလားဒေ့ရှ် နယ်စပ်အပါအဝင် နိုင်ငံတကာတွင် ဖြန့်ကျက်၍ လှုပ်ရှားနေကြောင်း တွေ့ရှိရပါသည်။ (၃၀-၀၈-၂၀၁၁) နေ့ ထုတ်ပြန်သော ဝီကီလစ်သတင်းအရ ARNO အဖွဲ့သည် အယ်လ်ကိုင်ဒါ (al-Qaeda) အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်မှုများ ရှိနေကြောင်း တွေ့ရှိရပါသည်။ ထိုအဖွဲ့အစည်းများကို ပညာတတ်ဘင်္ဂါလီတစ်စုက ဦးဆောင်နေကြပြီး ယခုအခါ ရိုဟင်ဂျာသမိုင်းလိမ်များကို ဖန်တီးဖြန့်ဝေခြင်း၊ လူ့အခွင့်အရေးအရေခြုံ၍ နိုင်ငံတကာတွင် မျက်ရည်ခံထိုးပြီး ငိုပြခြင်း၊ သတင်းလိမ်သတင်းမှားများကို ဖြန့်ချိခြင်းအားဖြင့် နိုင်ငံတော်အစိုးရကို ထိုးနက်တိုက်ခိုက်ခြင်းများကို ပြုလုပ်လာခဲ့ရာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပင် ထိပါးလာနေကြောင်း တွေ့လာရပါသည်။ ဥပမာအားဖြင့် အမေရိကန် ဆီးနိတ် ရှေ့မှောက်တွင် လန်ဒန်မြို့အခြေစိုက် Burma Rohingya Organisation UK ဥက္ကဋ္ဌဆိုသူက မဟုတ်မမှန် သမိုင်းလိမ်၊ ဖြစ်ရပ်လိမ်၊ သတင်းလိမ်များ ထွက်ဆိုသွားမှုအပေါ်တွင် အခြေခံ၍ အမေရိကန် ဆီးနိတ် လွှတ်တော်အမတ်တစ်ဦးမှ လူ့အခွင့်အရေးဆိုင်ရာ တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြောင်း တွေ့ရပါသည်။

## ၄။ လက်ရှိအခြေအနေအပေါ် လေ့လာဆန်းစစ်ချက်

အထက်ဖော်ပြပါ နောက်ခံသမိုင်းဖြစ်စဉ်အပါအဝင် ယနေ့ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်များ၊ ရခိုင်ပြည်နယ်တွင်း ရခိုင်တိုင်းရင်းသားများအား မောင်တောမြို့နေ ဘင်္ဂါလီလူအုပ်စုကြီးက စတင်အကြမ်းဖက် တိုက်ခိုက်မှုများ၊ သတ်ဖြတ်မှုများ၊ ရွာလုံးကျွတ်မီးရှို့မှုများကို ဆန်းစစ်လေ့လာကြည့်ပါက ဘာသာရေး၊ လူမျိုးရေးကို အခြေခံ၍ ရိုဟင်ဂျာ အမည်ခံ ဘင်္ဂါလီသောင်းကျန်းသူများသည် ကြီးမားသော နိုင်ငံရေးရည်ရွယ်ချက်များကို စဉ်ဆက်မပြတ် ကျားကုတ်ကျားခဲ အကောင်အထည်ဖော်နေခြင်းမှ မြစ်ဖျားခံဖြစ်ပေါ်လာကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့၏ မူဆလင်ပြည်နယ် ဖော်ဆောင်ရေးမှသည် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ ခွဲထွက်လိုမှုများကိုလည်း ၎င်းတို့၏ သောင်းကျန်းမှု စတင်ချိန်ကပင် မြင်တွေ့ခဲ့ကြရပြီး ဖြစ်ပါသည်။

ယနေ့ ဖြစ်ပေါ်နေသော ဘင်္ဂါလီအကြမ်းဖက်သမားများ၏ ပြဿနာသည် ရုတ်တရက်ပေါ်ပေါက်လာသော ပြဿနာတစ်ရပ် မဟုတ်ဘဲ အလွန်တရာမှ နက်နဲရှုပ်ထွေးသော အကြောင်းရင်းခံများနှင့် မူဆလင် အကြမ်းဖက်အဖွဲ့ပေါင်းစုံအပါအဝင် ပြည်တွင်းပြည်ပ ငွေကြေးချမ်းသာသော မူဆလင်များ၏ အားပေးထောက်ခံမှုများနှင့်လည်း ဆက်စပ်ပတ်သက်မှုများ ရှိနေပါသည်။

၎င်းတို့၏ ဆောင်ပုဒ်တစ်ခုမှာ "အစ္စလာမ်ဘာသာဝင်တိုင်းသည် မူဆလင်လူမျိုးဖြစ်သည်" ဟူ၍ လူမျိုးရေးနှင့် ဘာသာရေးကို တစ်ထပ်တည်းဖြစ်အောင် ဗလီများမှတစ်ဆင့် စည်းရုံးဆောင်ရွက်နေကြပြီး မြန်မာနိုင်ငံအား အစ္စလာမ်မစ်နိုင်ငံဖြစ်ရေးအထိ ရည်ရွယ်၍ အပြင်းအထန် လှုပ်ရှားနေကြကြောင်း ထင်ရှားစွာ တွေ့ရှိရပါသဖြင့် ကမ္ဘာပေါ်တွင် ကို့ဆိုဗို အရေးကိစ္စ၊ အစ္စရေးနှင့် ပါ လက်စတိုင်းကိစ္စများကဲ့သို့ ဖြစ် ပွားမည်ကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး စိုးရိမ်ထိတ်လန့်မှု ရှိကြပါ၍ ဤကိစ္စကို နိုင်ငံတော် လုံခြုံရေးနှင့် ပတ်သက်သော အထူးအရေးကြီးကိစ္စတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်သင့်ပါကြောင်း အလေးအနက် တင်ပြအပ်ပါသည်။

၎င်းအပြင် ရခိုင်ပြည်နယ်၌ လက်ရှိဖြစ်ပွားနေသော ကိစ္စများသည် အဓိကရုဏ်းဟု ယူဆရန်ထက် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများ တစ်ဖက်သတ် အကြမ်းဖက်တိုက်ခိုက်ခံရခြင်းသာ ဖြစ်ပါသည်။ နောက်ထပ် ၎င်းတို့ ဆောင်ရွက်မည့်ကိစ္စများကိုလည်း ကောလာဟလအသွင် ဖန်တီးနေကြပါသဖြင့် မောင်တော၊ ဘူးသီး တောင်ဒေသမှ ရခိုင်လူမျိုးများ ကြောက်ရွံ့ကာ မနေဝံ့တော့ဘဲ စစ်တွေ၊ ရန်ကုန်တို့သို့ ပြောင်းရွှေ့လာနေကြပြီ ဖြစ်ပါသည်။ ယင်းသို့ ရခိုင်လူမျိုးတို့ ပြောင်းရွှေ့သွားစေရန်မှာ ဘင်္ဂါလီများ၏ အဓိကရည်ရွယ်ချက်ဖြစ်ရာ မကြာမီ သော ကာလတွင် ယင်းဒေသတစ်ခုလုံး၌ တိုင်းရင်းသားများရှိကြတော့မည် မဟုတ်ဘဲ ဘင်္ဂါလီလူမျိုးများသာ ကြီးစိုးတော့မည် အန္တရာယ်ရှိနေပါသောကြောင့် ဤအရေးကိစ္စကို နိုင်ငံတော်အစိုးရမှ အလေးအနက်ထား၍ စဉ်းစားဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

## ၅။ အရေးပေါ်ကူညီစောင့်ရှောက်မှုဆိုင်ရာတင်ပြချက်

(Emergency relief support during emergency period)

ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် လူနေအိမ်များ ပျက်စီး ဆုံးရှုံးရ၍ အိုးအိမ်များစွန့်ခွာပြီး ဘေးလွတ်ရာသို့ တိမ်းရှောင်လာခဲ့ရသော ဒုက္ခသည် မိသားစုများအတွက် အရေးပေါ် ကာကွယ်စောင့်ရှောက်မှုများကို အလေးထား ဆောင်ရွက်ရာ၌ အရေးပေါ်ဒုက္ခသည်စခန်းများ (Emergency Relief Camps) တွင် နေထိုင်သူများ၏ ဘဝရှင်သန်ရပ်တည်နိုင်ရေးအတွက် အောက်ဖော်ပြပါ အရေးပေါ်ကာလရှင်သန်ရေး အကူအညီများ (Survival Needs) ကို လုံလောက်ထိရောက်စွာ အချိန်နှင့် တပြေးညီ လိုအပ်သည့် ကာလအပိုင်းအခြားထိ ပံ့ပိုးပေးသွားရန် လိုအပ်မည်ဖြစ်ပါသည်။

**၅ (က) အရေးပေါ်ကာလအတွင်း လိုအပ်မည့်အကူအညီများ**

အရေးပေါ်ကာလအတွင်း စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့များတွင် ဒုက္ခသည်စခန်းပေါင်း (၆၆) ခု ဖွင့်လှစ်၍ ဒုက္ခသည်ပေါင်း ငါးသောင်းကျော် ကူညီစောင့်ရှောက်လျက်ရှိကြောင်း နိုင်ငံပိုင်သတင်းစာများအရ သိရှိရပါသည်။ အဆိုပါဒုက္ခသည်စခန်းများအတွက် အရေးပေါ်လိုအပ်မည့် အကူအညီများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) နိုလှုံနေထိုင်ရာ နေရာ (Shelter) (အမိုး၊ အကာ၊ အခင်း)

(၂) အစာ အဟာရ (Food & Nutrition)

(၃) ကျန်းမာရေးစောင့်ရှောက်မှု

(၃-၁) သန့်(၄)သန့် (က) ရေကောင်းရေသန့်ရရှိရေးနှင့် သုံးရေ သန့်ရှင်းရေး

( ခ) တကိုယ်ရေသန့်ရှင်းရေ (လက်သန့်ရှင်းရေး)

( ဂ) အစားအစာသန့်ရှင်းရေး

(ဃ) ပတ်ဝန်းကျင်သန့်ရှင်းရေး

(၃-၂) ကူးစက်ရောဂါများဖြစ်ပွားလာခြင်းမှ ကာကွယ်ခြင်း

လူစုလူဝေးဖြင့်နေထိုင်ချိန်တွင် ဖြစ်ပွားလာနိုင်သောကူးစက်မြန်ရောဂါများမှာ၊ ဝမ်းလျှောဝမ်းပျက်ရောဂါများ၊ တုပ်ကွေးရောဂါ၊ အသက်ရှူလမ်းကြောင်း ရုတ်တရက် ပိုးဝင်ရောက်သည့်ရောဂါ (ARI)၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ဆုံဆို့ကြက်ညှာချောင်းဆိုး၊ ပိုလီယို၊ ဝက်သက်နှင့် တီဘီရောဂါတို့ ဖြစ်ကြပါသည်။ အဆိုပါ ရောဂါများ ဖြစ်ပွားကြောင်းကို လျင်မြန်စွာသိရှိပြီး လုံလောက်သော အရေးပေါ် ကုသကာကွယ်မှုများ ပြုလုပ်နိုင်ရန် အချိန်နှင့်တပြေးညီ စောင့်ရှောက်ရမည့် အရေးပေါ် ကူးစက်ရောဂါဖြစ်ပွားမှု ထောက်လှမ်းရေးစနစ် (Disease Surveillance System) ကို ကျန်းမာရေးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်သူများအားလည်း ရောဂါဖြစ်ပွားလျှင် ဖြစ်ပွားချင်း အချိန်မီ သတင်းပေးပို့ရန်လိုအပ်ကြောင်းကိုလည်း ပညာပေးသင့်ပါသည်။

(၄) စိတ်ပိုင်းဆိုင်ရာ အားပေးနှစ်သိမ့်မှု

ဖြစ်ပျက်ခဲ့သည့် အနိဌာရုံ အခြင်းအရာများကို မျက်မြင် ကိုယ်တွေ့ကြုံကြိုက်ခဲ့ရသည့် ဒေသခံပြည်သူများ ရရှိနေသော စိတ်သောက ကြောက်ရွံ့မှုများကို စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုများ၊ ပညာပေးဆွေးနွေးမှုများ ပြုလုပ်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။

**၅ (ခ) ကျန်းမာရေးပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း (Health Education)**

ဤလုပ်ငန်းမှာ အထူးအရေးကြီးပြီး ဒုက္ခသည် ပြည်သူများကိုယ်တိုင် ကောင်းမွန်ထိရောက်စွာ လိုက်နာခြင်းဖြင့် ကူးစက်ရောဂါဆိုးများမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ နှီးဆော်မှုဖြင့် ကျန်းမာရေး စေတနာ့ဝန်ထမ်းများမှ ပိုစတာ၊ ကားချပ်၊ လက်ကမ်းစာစောင်များစသော IEC Materials များကို အသုံးပြု၍ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် လုံလောက်သော IEC Materials များရရှိနိုင်ရန် ကျန်းမာရေးဌာနများသို့ အကူအညီ တောင်းခံ ဆက်သွယ်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## ၆။ လုံခြုံရေးနှင့် တည်ငြိမ်ရေးဆိုင်ရာ တင်ပြချက် (Security & Stability Affairs)

ရခိုင်ပြည်နယ်တွင် လက်ရှိဖြစ်ပေါ်နေသော ပြဿနာသည် လူ့အခွင့်အရေးနှင့် လူ့ကျင့်ဝတ်ဆိုင်ရာ ပြဿနာဟု တစ်ချို့က သုံးသပ်သော်လည်း ဒေသတွင်းလုံခြုံရေးထက် ပိုလွန်သော အမျိုးသားလုံခြုံရေး ပြဿနာဟု သုံးသပ်ကြပါသည်။ သို့ပါ၍ လုံခြုံရေးနှင့် တည်ငြိမ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရေတိုရေရှည် ဆောင်ရွက်ရာတွင်ထည့်သွင်းစဉ်းစားနိုင်ပါ ရန်အချက်အလက်များကို အောက်တွင်ဖော်ပြအပ်ပါသည်-

### ၆ (က) လတ်တလောအရေးယူဆောင်ရွက်သင့်သော ရေတိုလုပ်ငန်းများ

**(၁) စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းပေးရန် တင်ပြခြင်း**

ကျောက်နီမော်မှ ရာဇဝတ်မှုကျူးလွန်ခဲ့သော တရားခံများကို ဥပဒေကြောင်းအရ အရေးယူအပြစ်ပေးခဲ့ပြီး တောင်ကုတ်မှ ရာဇဝတ်မှုကိုလည်း တရားခံပေါ်ပေါက်ရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့လျက် ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ တစ်ဖက်သတ် အကြမ်းဖက်မှုစတင်ခဲ့သော မောင်တောမြို့ဖြစ်ရပ်မှာ မြန်မာနိုင်ငံတွင်းသို့ တရားမဝင် ကျူးကျော် ဝင်ရောက်နေထိုင်သူ ဘင်္ဂါလီများက ရခိုင်တိုင်းရင်းသားများကို လက်ရဲဇက်ရဲ အကြမ်းဖက်မှု ဖြစ်ရာ အလွန်တရာမှ ကြီးကျယ်သော ကြိုတင်စီစဉ် လုပ်ကြံမှုတစ်ခုဖြစ်ကြောင်း သိသာပါသည်။ သို့ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်မြောက်ဘက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ဆူပူ အကြမ်းဖက်မှုဖြစ်စဉ်များကို နိုင်ငံတော် လုံခြုံရေးအား ခြိမ်းခြောက်လာနေသည့် အထူးကိစ္စ တစ်ရပ်အနေဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့လျက် စုံစမ်းဖော်ထုတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

ထို့အပြင် ဤဖြစ်စဉ်တစ်ခုလုံး၏ နောက်ကွယ်မှ ကြိုးကိုင်ဖန်တီးနေကြသော ပြည်ပ ရောက် ရိုဟင်ဂျာ အမည်ခံ ဘင်္ဂါလီ အစွန်းရောက်ဝါဒီများအားလည်း သက်ဆိုင်ရာနိုင်ငံအစိုးရ များနှင့် ဆက်သွယ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးပါရန် အကြံပြုတင်ပြအပ်ပါသည်။

**(၂) လာဘ်ပေးလာဘ်ယူမှုများ ဖော်ထုတ်အရေးယူပေးရန် တင်ပြခြင်း**

နိုင်ငံပိုင်သတင်းစာများနှင့် သတင်းစဉ်ထုတ်ပြန်ကြေငြာချက်များအရ တည်ငြိမ်နေပြီ လုံခြုံအေးချမ်းနေပြီ ဟုအများပြည်သူက သိရှိနားလည်ထားကြသော်လည်း လက်တွေ့တွင် ဒေသခံအတော်များများသည် လုံခြုံပြီဟု မည်သို့မျှ ခံစားရခြင်းမရှိဘဲ မိမိတို့ကို နိုင်ငံတော်က လုံလောက်သော အကာအကွယ်ပေးမှု မရှိကြောင်း ပြောဆိုနေကြသည်ကို ကြားသိရပါသည်။ ဤသို့ဖြစ်ရခြင်းမှာလည်း တာဝန်ကျလုံခြုံရေးအဖွဲ့အစည်းများမှ အာဏာရှိသော ပုဂ္ဂိုလ်အချို့၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကင်းမဲ့စွာဖြင့် အကြမ်းဖက်ဘင်္ဂါလီအဖွဲ့အစည်းများထံမှ လာဘ်ငွေနှင့် တံစိုးလက်ဆောင်များ လက်ခံရယူကာ ဒေသခံတိုင်းရင်းသူ တိုင်းရင်းသားများကို မကာကွယ် မစောင့်ရှောက်သည့်အပြင် "ဘူးလေးရာဖရုံဆင့်" ဆိုသည့်အဖြစ်ဆိုးမျိုးကိုပင် ဖန်တီးပြုလုပ်နေ ကြကြောင်း ကြားသိရသဖြင့် စုံစမ်းစစ်ဆေး၍ အပြစ်မှန်ပေါ်ပေါက်ခဲ့ပါက လာဘ်ပေးလာဘ်ယူ ပြုလုပ်နေကြသော လုံခြုံရေးဆိုင်ရာ အာဏာပိုင်အဖွဲ့ အစည်းများမှ တာဝန်ရှိသူများကို အမြန်ဆုံး ဖော်ထုတ်အရေးယူကာ မျိုးချစ်စိတ်၊ နိုင်ငံချစ် စိတ်ရှိသော လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အစားထိုး ပြောင်းလဲတာဝန်ချထားပေးသင့်ပါကြောင်းနှင့် ထိုသို့ လာဘ်ပေးလာဘ်ယူပြုလုပ်မှု ရှိ မရှိကိုလည်း အမြဲအနီးကပ်စောင့်ကြည့်သော အဖွဲ့တစ်ခု ဖွဲ့စည်း၍ ထိုအဖွဲ့အစည်းတွင် ဒေသခံ မြို့မိ၊ မြို့ဖ ထံမှ ဂုဏ်သိက္ခာ၊ သမာဓိရှိရှိ နေထိုင်လျက် မိမိရပ်ရွာတွင် ဩဇာ သက်ရောက်မှု ရှိသူများကိုပါ ထည့်သွင်းဖွဲ့စည်းသင့်ပါ ကြောင်းအကြံပြု တင်ပြအပ်ပါသည်။

(၃) ဘင်္ဂါလီလူမျိုးများကို တစ်ဦးချင်းစာရင်းကောက်ယူရန် တင်ပြခြင်း

ဘင်္ဂါလီလူမျိုးများအနက် ဗိဓိကိုယ်ဓိဓိ "ရိုဟင်ဂျာ" အမည်ခံ အကြမ်းဖက်အုပ်စုဝင်အချို့သည် al-Qaeda နှင့်လည်းကောင်း၊ Jamaat-U-Islam ခေါ် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အကြမ်းဖက်အဖွဲ့နှင့်လည်းကောင်း ဆက်သွယ်မှု၊ အထောက်အပံ့များ ရရှိမှု၊ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်မှုများ ရှိနေကြောင်း သိရပါသည်။ မြန်မာနိုင်ငံအတွင်း ရောက်ရှိနေထိုင်သော ဘင်္ဂါလီအရေအတွက်ကို မြန်မာအာဏာပိုင်များက (၁၀) သိန်းဟု ခန့်မှန်းသော်လည်း အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံလုံးက သိန်းနှစ်ဆယ် (နှစ်သန်း) အထိ ခန့်မှန်းထားကြရာ အဆိုပါ ဘင်္ဂါလီလူမျိုးများ တစ်ဦးချင်းကို အသေးစိတ် စိစစ်ရန်လိုအပ်နေပြီ ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းသည် အရေးကြီးသည့်အပြင် တိကျမှုရှိရန် လိုအပ်သောကြောင့် နိုင်ငံတော် အစိုးရအနေဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကိုသာ တာဝန်ပေးဆောင်ရွက်စေမည့်အစား ဒေသခံပြည်သူများထဲမှ ပညာရေး ဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းအချို့ကို လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းဆိုင်ရာ စာရင်းကောက်ယူနည်း သင်တန်းများပေးလျက် လက်တွဲပူးပေါင်းပါဝင်စေခြင်းဖြင့် ၂၀၁၄ သန်းခေါင်စာရင်း ကောက်ယူမှု အကြိုလုပ်ငန်းအဖြစ် အလေးအနက်ထား၍ အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

၆ (ခ) ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများ

(၁) ဘင်္ဂါလီလူမျိုးများ၏ လူဦးရေပေါက်ကွဲမှုကို ထိန်းချုပ်ခြင်း

မြန်မာနိုင်ငံအတွင်း၌ ဆယ်စုနှစ်အတန်ကြာကပင် ဝင်ရောက်နေထိုင်ပြီးသူ ဘင်္ဂါလီများအား အထူးကိစ္စတစ်ရပ်အနေဖြင့် တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးစေခြင်းနှင့် သားသမီးနှစ်ယောက်ထက် ပို၍ မယူရဟု၍ သီးသန့်ဥပဒေဖြင့် ထိန်းချုပ်ခြင်းများကိုလည်း ဆောင်ရွက်စေသင့်ပါသည်။ ဤနည်းအားဖြင့် ရခိုင်ပြည်နယ်ရှိ ရခိုင်လူဦးရေနှင့် ဘင်္ဂါလီလူဦးရေအချိုးကို လက်ရှိထက်ပို၍ တဖက်စောင်းနင်း မဖြစ်စေရန် ထိန်းညှိပေးရမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ထို့ပြင် ရခိုင်ဒေသသို့ တရားမဝင် ဝင်ရောက်နေသော ဘင်္ဂါလီများအရေးနှင့်ပတ်သက်၍ သတ်မှတ်ထားသော ဒုက္ခသည်စခန်းတွင် ယာယီထားရှိရန်၊ ထို့နောက် ယင်းတို့ကို မူလနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်အစိုးရဘက်မှ လက်ခံရန် နှစ်နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်းဆွေးနွေးသင့်ပါသည်။ အကယ်၍ ဘင်္ဂလားဒေ့ရှ်ဘက်မှလည်း လက်ခံရန် ခက်ခဲပါက လူသားချင်းစာနာမှုကို အမြဲဖော်ပြလေ့ရှိသော တတိယနိုင်ငံများသို့ ဒုက္ခသည်များအဖြစ် ပို့ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ INGO များနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

(၂) နယ်စပ်ခြံစည်းရိုး ကာရံခြင်း

ဘင်္ဂလားဒေ့ရှ်နယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံတွင်းသို့ လူနှင့် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်စေနိုင်သော လက်နက်များနှင့် ကုန်ပစ္စည်းများ တရားမဝင် ဝင်ထွက်ခြင်းများကို တားဆီးနိုင်စေရန် ရည်ရွယ်၍ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နယ်မြေချင်းထိစပ်နေသော အကျွာအဝေး မိုင်တစ်ရာကျော် တစ်လျှောက် ခိုင်ခန့်လုံခြုံ စိတ်ချရသော နယ်စပ်ခြံစည်းရိုးကို ကာရံသင့်ပါကြောင်း တင်ပြအပ်ပါသည်။

(၃) လူသားတံတိုင်းဖြင့် ကာရံခြင်း

ရခိုင်ပြည်နယ်စစ်ဒေသတွင် ယခင်ရခိုင်ရွာများဖြစ်ခဲ့သော်လည်း ၁၉၄၂ ခုနှစ်နောက်ပိုင်း ဘင်္ဂါလီများ၏ သိမ်းပိုက်ခံရမှုကြောင့် ဘင်္ဂါလီရွာများအဖြစ်ပြောင်းလဲသွားရသောရွာများကို မူလအတိုင်း ရခိုင်ရွာများအဖြစ် ပြန်လည်အသက်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ ထိုသို့ရခိုင်ရွာများအဖြစ် ဖန်တီးနိုင်ရန် အကြောင်းအမျိုးမျိုးကြောင့် မိမိ၏နေရင်း ရခိုင်ဒေသကို စွန့်ခွာ၍ ပြည်မနှင့် နိုင်ငံရပ်ခြားသို့သွားရောက် အလုပ်လုပ်ကိုင်နေကြသော ကာယ၊ ဉာဏလုပ်သားများနှင့် ပညာတတ်လူငယ်လူရွယ်များကို ဌာနေသို့ ပြန်လည် အခြေချနေထိုင်နိုင်ရန် လိုအပ်သော အခြေခံအဆောက်အအုံ (Infrastructure) အလုပ်အကိုင် စီးပွားရေး အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြင့် စည်းရုံးဆွဲဆောင် ခေါ်ယူမှသာ ဝေးရပ်ဒေသသို့ ရောက်ရှိနေကြသောရခိုင်သူ၊ ရခိုင်သားများ ပြန်လည်ရောက်ရှိလာမည်ဖြစ်ရာ နယ်စပ်ဒေသတစ်လျှောက်လူသားတံတိုင်းဖြင့် ကာရံနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(၄) ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေကို ပိုမိုနိုင်မာအောင် ပြင်ဆင်ရန်လိုအပ်ခြင်း

မြန်မာနိုင်ငံသည် လူဦးရေပေါက်ကွဲမှုများ ဖြစ်ပေါ်နေသော နိုင်ငံများကြားတွင် ပထဝီအနေအထားအရ တည်ရှိနေသဖြင့် ၁၉၈၂ ခုနှစ် ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် လက်ရှိမြန်မာနိုင်ငံသားဥပဒေအရ တရားမဝင် ဝင်ရောက်လာသော နိုင်ငံခြားသားဖြစ်သော်လည်းနှစ်ကာလကြာရှည်လာသည်နှင့်အမျှ အလိုအလျောက် နိုင်ငံသား ဖြစ်လာနိုင်ခြင်းမှာ အနာဂတ်နိုင်ငံတော် လုံခြုံရေးအတွက် အန္တရာယ်ရှိနေပါသဖြင့် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ ယခုထက်ပိုမိုတင်းကျပ်ခိုင်မာအောင် ပြင်ဆင်ရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

(၅) လုံခြုံရေးဆိုင်ရာလိုအပ်ချက်အရ ကြည်း၊ ရေ၊ လေ ဆိုင်ရာတပ်ဖွဲ့များ ချထားခြင်းနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ ဖွဲ့စည်းပေးခြင်း

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ပထဝီအနေအထားအရ မြေပြင်၊ ရေပြင်နယ်နမိတ်ချင်း ထိစပ်နေသည့်အတွက် ရေကြောင်း၊ ကုန်းကြောင်းတို့မှ အချိန်မရွေး စိမ့်ဝင်လာနိုင်သည့်အန္တရာယ်ကို ကာကွယ်ရန်နှင့် မြန်မာနိုင်ငံနယ်စပ်ဒေသနေ တိုင်းရင်းသားများအကြမ်းဖက်မျိုးတုန်း သတ်ဖြတ်ခံရမှု အန္တရာယ်မှ ကင်းလွတ်စေရန် ရည်ရွယ်ချက်များဖြင့် ရခိုင်ဒေသခံလူငယ်များအပြင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရှမ်း စသည့် အခြားတိုင်းရင်းသားများပေါင်းစုံ ပါဝင်သည့် နယ်ခြားစောင့်တပ်ဖွဲ့ ဖွဲ့စည်းလျက် တပ်မတော်၏ကွပ်ကဲမှုအောက်တွင်ထားရှိခြင်း၊ ကြည်း၊ ရေ၊ လေ ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များကို ရခိုင်ဒေသတွင် လိုအပ်သောနေရာများ၌ လုံလုံလောက်လောက်ချထားပေးခြင်းဖြင့် အနောက်ဘက်နယ်စပ်ဝင်ပေါက်တံခါးကို ကာကွယ် စောင့်ရှောက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

၇။ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ တင်ပြချက် (Resettlement & Rehabilitation)

တိုင်းရင်းသားလည်းမဟုတ်၊ နိုင်ငံသားလည်းမဟုတ်သော တရားမဝင် နိုးဝင်လာသူ ဘင်္ဂါလီများ၏အကြမ်းဖက်မှုရန်မှ ထွက်ပြေးလွတ်မြောက်လာသူ ဒေသခံဒုက္ခသည်များအား ပြန်လည်နေရာချထားရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရေတို ရေရှည်ဆောင်ရွက်ပေးရာ၌ ထည့်သွင်းစဉ်းစားရမည့်အချက်များကိုအောက်တွင်ဖော်ပြအပ်ပါသည်။

**၇ (က) စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိရန်အတွက် ဆောင်ရွက်ရန်အချက်များ**

စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိပါက ပြန်လည်နေထိုင်ရန်ဆန္ဒရှိမည်မဟုတ်ပါသဖြင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု ရှိရေးအတွက် အောက်ပါအချက်များကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

(၁) နေထိုင်ရမည့်နေရာ၌ အမိုး အကာလုံခြုံသော အဆောက်အဦးများ အမြန်ဆောက်လုပ်ပေးရန်၊

(၂) နေအိမ်နှင့်ကျေးရွာအလိုက် လုံခြုံသော ခြံစည်းရိုး အကာအရံများဆောင်ရွက်ပေးရန်၊

(၃) သောက်ရေကန်အပါအဝင် လုံလောက်သော စားသောက်နေထိုင်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးရန်၊

(၄) လွတ်လပ်စွာနှင့် လွယ်ကူစွာ သွားလာနိုင်ရေး စီစဉ်ပေးရန်၊

(၅) ဒေသခံတိုင်းရင်းသားများ လွတ်လပ်စွာသွားလာနိုင်ရေးကို အထောက်အကူပြုသည့် ပျောက်ဆုံး၊ ပျက်စီးသွားသော အမျိုးသားမှတ်ပုံတင်ကဒ်များ ပြန်လည်ထုတ်ပေးရန်နှင့် မရှိသေးသူများ အတွက် အမြန် စိစစ်ထုတ်ပေးရန်၊

(၆) မြို့နှင့်လည်းကောင်း၊ အခြားသော ကျေးရွာများနှင့်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် တယ်လီဖုန်းဆက်သွယ်ရေးများ လွယ်ကူစေရေး ဆောင်ရွက်ပေးရန်၊

(၇) သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်၊

(၈) ကျေးရွာကာကွယ်ရေးအတွက် အစိုးရမှ လုံလောက်သော အင်အားများ ချထားပေးရန်နှင့် မလုံ လောက်ပါက တနည်းနည်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရေး စီစဉ်ပေးရန်၊

(၉) ဒုက္ခသည်များမဟုတ်သော်လည်း ဒေသခံများမှာ ကြောက်ရွံ့စိုးရိမ်စိတ်ဖြင့် နေရပ်စွန့်ခွာ ပြောင်းရွှေ့ကြမည့်ကိစ္စကိုလည်း အထူးကိစ္စတစ်ရပ်အနေဖြင့် စဉ်းစားရန်။

**၇ (ခ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စီစဉ်ပေးခြင်း**

ဒေသခံများအား ပြန်လည်ချထားပေးသည့်နေရာများ၌ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို လွယ်လင့်တကူ ဆောင်ရွက်နိုင်ရန်နှင့် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်လျက် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

(၁) စပါးစိုက်ရာသီဖြစ်၍ အမြန်ဆုံးထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် စက်အင်အား၊ နည်းပညာ အင်အား စသည်တို့ကို ပံ့ပိုးပေးရန်၊

(၂) စပါးအပြင် အခြားရာသီသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် စီမံဖန်တီးပေးရန်၊

(၃) မျိုးစေ့ရရှိရေးမှအစ နည်းပညာကူညီမှု ပံ့ပိုးပေးရန်၊

(၄) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားဖြစ်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ငွေကြေး လုံလောက်စွာထောက်ပံ့ရန်၊

(၅) နည်းမျိုးစုံဖြင့် ဆုံးရှုံးခဲ့ရသော တိုင်းရင်းသားပိုင် လယ်ယာမြေများကို ဘင်္ဂါလီများထံမှ ပြန်လည် ရယူနိုင်ရန် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းစိစစ်ပေးရန်၊

(၆) ရခိုင်ပြည်နယ်အတွင်း၊ စီးပွားရေးစီမံကိန်းကြီးများ ဖော်ဆောင်ရာ၌ ရခိုင်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအား ဦးစားပေး လုပ်ကိုင်ခွင့်ပေးရန်၊

(၇) အဓိသားစားနှင့် အလတ်စား စက်ရုံအလုပ်ရုံများ တည်ထောင်ပေးကာ ဒေသခံ ပြည်သူများ အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ပေးရန်၊

(၈) ငါးဖမ်းကွက်များ သတ်မှတ်ပေးပြီး ပိုက်ကွန်မှ အစ အသုံးအဆောင်ပစ္စည်းများ ပံ့ပိုးပေးရန်၊

(၉) ထွက်ရှိလာသော သီးနှံများနှင့် မွေးမြူရေးထွက်ကုန်များ၊ ရေထွက်ပစ္စည်းများအား လွယ်လင့်တကူ သယ်ယူပို့ဆောင်ပေးနိုင်ရေး စီစဉ်ပေးရန်၊

(၁၀) မွေးမြူရေးအတွက် မျိုးစိုက်ပေးနိုင်မှု၊ မွေးမြူနည်းစနစ်များဆိုင်ရာ ပညာပေးမှု၊ ရောဂါကာကွယ်ပေးနိုင်မှုများကို ဆောင်ရွက်ပေးရန်၊

၇ (ဂ) လူမှုရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်း

လူမှုရေးစောင့်ရှောက်မှုအဖြစ် အောက်ပါအချက်များကို ရေရှည်အတွက်ပါ တပါတည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်-

(၁) ကျန်းမာရေးအတွက် လုံလောက်သော ဆေးပေးခန်းများနှင့် ဝန်ထမ်းများ ခန့်ထားပေးရန်နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် လုံလောက်သော နေထိုင်ရေးစီမံပေးရန်၊

(၂) ပညာရေးအတွက် ဆရာ၊ ဆရာမများ လုံလောက်စွာခန့်ထားရန်နှင့် ၎င်းအတွက် နေထိုင်ရေးပါ စီစဉ်ပေးရန်၊

(၃) အခြားသောလိုအပ်သည့် ဌာနများဖွင့်လှစ်ပေးပြီး ဝန်ထမ်းများအတွက် နေထိုင်ရေး စီစဉ်ပေးရန်၊

(၄) တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား အထူးကိစ္စတစ်ရပ်အနေဖြင့် လုံလောက်သော ထောက်ပံ့ငွေထုတ်ပေးရန်၊

(၅) နေရာချထားပေးခြင်းခံရသူများအနက် စရိုက်ဆိုးသူများ၊ ရာဇဝတ်မှုကျူးလွန်ဖူးသူများ ပါဝင်ပါကယင်းတို့အား စာပေဟောပြောပွဲများအပါအဝင် အမျိုးသားစိတ်ဓါတ်ပြန်လည် ရှင်သန်လာစေသည့် စိတ်ဓါတ်မြှင့်တင်ရေး ပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးရန်၊

(၆) နေရာချထားခြင်းခံရသူများအတွက် ဗဟုသုတရစေရန် ရုပ်မြင်သံကြားစက်များ တပ်ဆင်ထားသော စာဖတ်ခန်းများနှင့် စာကြည့်တိုက်များ တည်ထောင်ပေးရန်၊

(၇) စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေး စီမံဆောင်ရွက်ပေးရန်၊

၇ (ဃ) ကျေးရွာလုံခြုံရေးနှင့် အဂတိတရား ကင်းရှင်းရေး

(၁) တရားဥပဒေစိုးမိုးမှုမှာ လွန်စွာပင်အရေးကြီးသဖြင့် အစိုးရမှ တာဝန်ပေးအပ်သော လုံခြုံရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးနှင့်ပတ်သက်သော ဝန်ထမ်းများအား အတတ်နိုင်ဆုံး ဤကိစ္စတွင် Corruption ကင်းအောင်ဆောင်ရွက်စေရေး အထူးပညာပေးခြင်း၊ မြန်မာနိုင်ငံတဝှမ်းလုံးနှင့်ဆိုင်သည့် ကိစ္စဆိုသည်ကို လုံးဝဥသုံ့နားလည်အောင် ရှင်းပြပညာပေးခြင်း၊ နယ်မြေပိုင်ဆိုင်မှုကိစ္စမျိုးအထိဖြစ်လာနိုင်သဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတစ်ခုလုံးအား ခြိမ်းခြောက်နေသည့်ကိစ္စဖြစ်သည်ကို သိရှိပြီး၊ ဤအန္တရာယ်မှကင်းလွတ်ရေးအတွက် ပူးပေါင်းပါဝင်ကာ ကောင်းသောစေတနာသန့်သန့်ဖြင့် ဆောင်ရွက်ကြစေရေး အထက် တာဝန်ရှိသူများအား မပြတ်နားလည်အောင်ရှင်းလင်းပညာပေးရန်၊

(၂) ချထားပေးသည့် ကျေးရွာများအား ခြံစည်းရိုးခတ်ပြီး ဂိတ်ပေါက်ဖြင့် အဝင်အထွက်ပြုရန်၊

(၃) အများပြည်သူများ၊ NGO အဖွဲ့များနှင့် နိုင်ငံတော်အစိုးရမှ ကူညီထောက်ပံ့သည့် ငွေကြေးအသုံးအဆောင် ပစ္စည်းများကို အလွဲသုံးစားမှု မပြုနိုင်အောင် စိစစ်မှုပြုလုပ်ပေးရန်၊ စနစ်တကျခွဲဝေပေးရန်နှင့် စာရင်းဇယားတိကျစွာ ထားရှိရေး စီမံဆောင်ရွက်ပေးရန်၊

(၄) လူဦးရေ တိုးပွားနှုန်းမြင့်မားသော ဘင်္ဂါလီများအား စနစ်တကျ မှတ်တမ်းတင်နိုင်ရန်အတွက် လက်ဗွေများ ရယူမှတ်တမ်းတင်နိုင်သော Biometric System ကဲ့သို့သော ခေတ်မီစနစ်များ သုံးစွဲရန်၊

**၇ ( င) ပြန်လည်ထူထောင်ရေးလုပ်ငန်း၌ ငွေကြေးထောက်ပံ့ခြင်း**

ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ရာ၌ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်

(၁) တိုင်းရင်းသားများအား ပြန်လည်နေရာချထားရန်အတွက် လုံလောက်သော ငွေကြေးထောက်ပံ့ပေးရန်၊

(၂) တိုင်းရင်းသားများ ရေတိုရေရှည်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် အတိုးမဲ့ ချေးငွေသော်လည်းကောင်း၊ အတိုးနည်း ချေးငွေသော်လည်းကောင်း ချေးငှားပေးနိုင်ရေး ဆောင်ရွက်ပေးရန်၊

(၃) ဘင်္ဂါလီများမှာ ဘာသာရေးအရ ရန်ကုန်၊ မန္တလေးနှင့် မြန်မာနိုင်ငံတဝှမ်း နေထိုင်ကြသော ပုဂ္ဂလိကငွေကြေးချမ်းသာသူ ဘင်္ဂါလီများထံမှလည်းကောင်း၊ ဆော်ဒီအာရေဗျစသည့် အာရပ်နိုင်ငံများနှင့် အစ္စလာမ်ဘာသာရေးအဖွဲ့များထံမှလည်းကောင်း ငွေကြေးထောက်ပံ့မှုများစွာ ရရှိနိုင်သူများဖြစ်၍ ငွေမဲများ ဝင်လာနိုင်သည်ကို အထူး သတိပြုရန်၊

**၈။ တွေ့ရှိချက်များအပေါ် မြင်ဲ့သုံးသပ်ချက်များ**

ရခိုင်ဒေသတွင် ဖြစ်ပွားခဲ့ရသည့် အရေးအခင်းသည် ဒေသတွင်းအခြေချနေထိုင်သူများ၏ မတူညီသော ယုံကြည်ကိုးကွယ်မှုနှင့် လူမျိုးရေးတို့တွင် အခြေခံသော ပဋိပက္ခများကြောင့် စတင်ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ အကြောင်းအမျိုးမျိုးဖြင့် ရခိုင်ဒေသအတွင်းသို့ ဝင်ရောက်နေထိုင်ကြသူများ၏ မြန်မာနိုင်ငံ ဖလှေ့ထုံးတမ်းစဉ်လာများကို ဆန့်ကျင်ကာ မိမိတို့၏ ဘာသာရေးဓလေ့စရိုက်များကိုပါ ကျင့်သုံးရန် ကြိုးပမ်းအားထုတ်လာခြင်း၊ မြန်မာနိုင်ငံတွင် ပြဌာန်းထားသော တရားဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာမှု မရှိခြင်းနှင့် တရားဥပဒေ ပြဌာန်းချက်များ သက်ရောက်မှု အားနည်းခြင်း စသည့် ဧ ထောင့်စုံဘက်စုံ အားနည်းချို့ယွင်း လိုအပ်ချက်များစွာ ရှိနေကြောင်းကို ဖော်ပြနေသည်ဟု တွေ့ရှိသုံးသပ်ရပါသည်။

မိမိနိုင်ငံဒေသများနှင့် ဆက်စပ်ထိတွေ့ ကူးလူးဆက်ဆံမှုရှိနေသောနိုင်ငံများအနက် မကြာခဏဆိုသလို ပြဿနာအများဆုံး ပေါ်ပေါက်ဖြစ်ပွားနေရသည်မှာ အနောက်ဘက်ကမ်းခြေဒေသ ရခိုင်ပြည်နယ်နှင့် ဘင်္ဂလား ဒေ့ရှ်နိုင်ငံနယ်စပ်တို့ဖြစ်ရာ သမိုင်းသုတေသီများ စူးစမ်းလေ့လာဖော်ထုတ်ချက်များအရ ယခင်အင်္ဂလိပ် ကိုလိုနီ အစိုးရလက်ထက်မှ စတင်အခြေတည်ခဲ့သော ဘင်္ဂါလီမူဆလင်လူမျိုးများနှင့် ဒေသခံတိုင်းရင်းသား များအကြား နှောင်းခေတ်အုပ်ချုပ်သူအဆက်ဆက်တို့၏ ပါတီနိုင်ငံရေးလှည့်ကွက်၊ ကစားကွက်များအပါအဝင် ဒေသစီမံ ကွပ်ကဲမှု ပျက်ပြားမှုများအတွင်း ဖောက်ပြန်ဖျက်ဆီးကျူးလွန်မှုတို့သည် အဓိက အကြောင်းရင်းတစ်ချက်ဟု သုံးသပ်ရပါသည်။

ခုကွာသည်များဟုခေါ်ဝေါ်တင်စား၍ လူ့အခွင့်အရေးအတွက်ဟုဆိုကာ နိုင်ငံတကာ NGO များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအောက်ရှိ လူမှုရေးအကူအညီပေးသူများ၏ စိတ်ဓါတ်နှင့်လုပ်ရပ်အများစုတို့မှာ ပစ္စည်းတစ်မျိုးမှ ရှိရမည့်အစား အများအားဖြင့် ဘင်္ဂါလီများအား တစ်ဖက်သတ် ဦးစားပေးကာ ဒေသခံ တိုင်းရင်းသားများကို လျစ်လျူရှုခြင်း၊ မိမိကိုယ်ကျိုး ဦးစားပေးခြင်းနှင့် မြှောက်ထိုးပင့်ကော် အကွက်ဆင် ကောင်းစားနေသူများသာ များစွာပါဝင်နေခြင်းတို့သည် အကြောင်းရင်း တစ်ချက်ဖြစ်ကြောင်းကိုလည်း တွေ့ရှိ သုံးသပ်ရပါသည်။

လတ်တလော ဆိုးရွားစွာဖြစ်ပေါ်ခဲ့သော ပဋိပက္ခအဓိကရုဏ်းကြောင့် သေကြေပျက်စီးဆုံးရှုံးမှုများအပေါ် စာနာစိတ်ဖြင့် ကူညီစောင့်ရှောက်မှုပေးကြသည့် အသင်းအဖွဲ့၊ အလှူ့အသီးသီး၊ လူပုဂ္ဂိုလ်များစွာတို့၏ လှူဒါန်းမှု အစုစုတို့ကို တာဝန်ရှိသူအားလုံးတို့က စနစ်တကျ ကိုင်တွယ်ဆောင်ရွက်၍ အကျိုးရှိရှိ အသုံးပြုရာ၌ ကွပ်ကဲကြပ်မတ်ပေးရန် အရေးကြီးသည်ကိုလည်း အတွေ့အကြုံများအရ သုံးသပ်ရပါသည်။

အခြေအနေအရပ်ရပ် အေးချမ်းတည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်ပြီးနောက် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ အနာဂတ်ရခိုင်ပြည်နယ်နှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ရာ ယခင်အတွေ့အကြုံများအပေါ်အခြေခံ၍ အခြားအလားတူ ဖြစ်ရပ်များအပေါ် ဖြတ်ကျော်လာခဲ့ရသော နိုင်ငံဒေသအသီးသီးတို့၏ သင်ခန်းစာများကို ရယူလေ့လာ စီမံဆောင်ရွက်သွားသင့်ကြောင်းကိုလည်း သုံးသပ်ဖော်ပြရပါသည်။

## ၉။ နိဂုံး

မြန်မာနိုင်ငံအနောက်ဘက် ကမ်းရိုးတန်းဒေသရှိ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော၊ ဖြစ်ပွားနေဆဲဖြစ်သော အကြမ်းဖက်မှု အဓိကရုဏ်းများ၏ အခြေခံအကြောင်းရင်းများနှင့် အဖြစ်မှန်များသည် အတွင်းမှ လှိုက်၍စားလာသော အနာကဲ့သို့ ဖြစ်ပွားနေသဖြင့် အပေါ်ယံ အနာကျက်အောင် ကုသရုံဖြင့် မရတော့ဘဲ အနာဖြစ်ပွားစေသော အကြောင်းရင်းဖြစ်သည့် ကုသရန်အလွန်ခဲသော ရောဂါပိုးများကို ရှာဖွေဖော်ထုတ်လျက် အနာနှင့်ဆေး တည့်အောင်ပေးမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်တော့မည် ဖြစ်ပါသည်။

နိုင်ငံတော် အစိုးရမှ ထိုကဲ့သို့ အနာဖြစ်ပွားစေသော အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ပြီး အမြစ်ပြတ်အောင် ကုသနေသည်ဟု ယုံကြည်ပါသဖြင့် အဆိုပါ ကုသရေးလုပ်ငန်းများကို တစိတ်တဒေသ အထောက်အကူ ဖြစ်စေမည်ဟု မျှော်လင့်လျက် ရခိုင်ပြည်နယ်နှင့် ဒေသခံ ရခိုင်တိုင်းရင်းသားအားလုံး ပါဝင်ကာ ဝိုင်းဝန်းဆွေးနွေးညှိနှိုင်း အခြေထုတ်ထားကြသော ကုသရေးနည်းလမ်းများကို ဤစာတမ်းဖြင့် ပါဝင် ပံ့ပိုးခွင့်ရမည်ဟု မျှော်လင့်ယုံကြည်ပါသည်။

ရခိုင်ပြည်နယ်၏ အနာဂတ်အရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုနှင့် အမျိုးသားရေးပင်ဖြစ်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်း လုံခြုံရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဤစာတမ်းဖြင့် တတပ်တအား ပါဝင်ပံ့ပိုးအပ်ပါသည်။

**ရည်ညွှန်းကိုးကားစာရင်း**

၁။ "Arakan News" 27th Oct 1878, by Mr. John Ogilvy Hay

၂။ "၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေ"

၃။ "ရခိုင်ဒေသအတွင်းသို့ မွတ်ဆလင်များ ဝင်ရောက်လာခြင်းနှင့် နိုင်ငံရေးလှုပ်ရှားမှုအဆင့်ဆင့်" သုတေသနစာတမ်းဦးမြင့်သိန်း၊ ညွှန်ကြားရေးမှူး၊ သမိုင်းသုတေသနဦးစီးဌာန၊ ၂၀-၀၃-၂၀၀၉

၄။ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ရခိုင်ပြည်နယ်နှင့်ရခိုင်လူမျိုးတို့ကို ခေါ်ဆိုသောရခိုင်အမျိုးသားပိုင် ARAKAN အမည်ကို ဘင်္ဂါလီလူမျိုးခြားတစ်စုက အလွဲသုံးစား အသုံးပြုနေခြင်းအပေါ် ပြင်းထန်စွာ ရှုံ့ချ ကန့်ကွက်ကြောင်းကြေညာချက်"၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)၊ ၂၀-၁၁-၂၀၁၁


၅။ "ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၏ ရိုဟင်ဂျာအမည်ခံ စစ်တကောင်းသားဘင်္ဂါလီမွတ်ဆလင်များနှင့် ပတ်သက်၍ တင်ပြသည့်စာတမ်း" ဦးဘိုးထွန်းဦး ခေါင်းဆောင်သော ဘူးသီးတောင်မြို့မိ၊ မြို့ဖ ၇ ဦး။

၆။ "ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးစနစ်သစ်တစ်ရပ် ထူထောင်ပေးရေး စီမံချက်" ရခိုင်တိုင်းရင်းသား ပြည်သူများ။ ၁၆-၀၆-၂၀၁၂

၇။ "ရိုဟင်ဂျာ ပဋိပက္ခ၊ အမျိုးသား လုံခြုံရေးနှင့် လက်တွေ့မူဝါဒဆိုင်ရာ စိန်ခေါ်မှုများ" အစန်းဆက်ဆောင်းပါးရှည်၊ ဒေါက်တာမင်းဇော်ဦး။ ၂၀၁၂ ခုနှစ် ဇူလိုင်လထုတ် The Voice ဂျာနယ်၊

၈။ "UNs and INGOs To Stop Unfair & Unilateral Aids To Northern Rakhine Area", Letter of Codemnation By Rakhine Community, Yangon၊ ၁၂-၀၇-၂၀၁၂

ရည်ညွှန်းပုံ



စာမျက်နှာ ၃ ပါ BUTHIDAUNG (ဘူးသီးတောင်) အမှတ်တံဆိပ်ပါ မီးရထားခေါင်းပုံ

ဖြန့်ဝေခြင်း -

၁။ နိုင်ငံတော် သမ္မတကြီး
၂။ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်
၃။ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်
၄။ ဝန်ကြီးချုပ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့
၅။ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး (ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့)

## တတမ်းပြုစုရေး ကော်မတီဝင်များစာရင်း

| | | |
|---|---|---|
| ၁။ | ဦးဘရွှေ | (နာယက) |
| ၂။ | ဦးသိန်းရွှေ | (နာယက) |
| ၃။ | ဦးစိုးမြင့် (ခ) အဂ္ဂဝါစိုးမိုး | (ဥက္ကဋ္ဌ) |
| ၄။ | ဒေါက်တာဒေသိန်း | (ဒု-ဥက္ကဋ္ဌ) |
| ၅။ | ဒေါ်နုမြဇံ | (အတွင်းရေးမှူး) |
| ၆။ | ဒေါက်တာကျော်ကျော်အောင် | (တွဲဖက်အတွင်းရေးမှူး) |
| ၇။ | ဦးကျော်ဝင်းနိုင် | (တွဲဖက်အတွင်းရေးမှူး) |
| ၈။ | ဒေါ်ဝင်းနိုင်ထွန်း | (တွဲဖက်အတွင်းရေးမှူး) |
| ၉။ | ဒေါက်တာဘရွှေ | (အဖွဲ့ဝင်) |
| ၁၀။ | ဒေါက်တာဘသိန်း | (အဖွဲ့ဝင်) |
| ၁၁။ | ဦးနေလင်းထွန်း | (အဖွဲ့ဝင်) |
| ၁၂။ | ဒေါ်သန်းသန်းအောင် | (အဖွဲ့ဝင်) |
| ၁၃။ | ဦးဇော်ဝင်း | (အဖွဲ့ဝင်) |
| ၁၄။ | ဦးထွန်းနိုင် | (အဖွဲ့ဝင်) |
| ၁၅။ | ဦးသာမြကျော် | (အဖွဲ့ဝင်) |
| ၁၆။ | ဒေါက်တာစံလှကျော် | (အဖွဲ့ဝင်) |
| ၁၇။ | ဦးအောင်ကိုမြတ် | (အဖွဲ့ဝင်) |
| ၁၈။ | ဦးဘချမ်းဖြူ | (အဖွဲ့ဝင်) |